www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## မြည်ကြီးတံခွန်

တမူခွင့်ပြုချက်အမှတ် - ၅၀၀၇၀၈၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၃၁၀၇၀၇

၂၀၀၈ ခုနှစ်၊ ဇွန်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ဖြည်ကြိုးတံခွန်



မောင်ကျော်လှိုင်--စေတနာစာပေ

မှ

စီစဉ်ထုတ်ဝေသည်။

တစ်ညသည်၌ မြိတ်မြို့ရှိ ရွှေကျွန်းဆိုသော ပျော်ပွဲစားရုံကြီး၌ အထူးဧည့်သည်များလာမည်ဆိုသဖြင့် တစ်ဆိုင်လုံး လှုပ်လှုပ်ရှရှ ဖြစ်နေကြ၏။

ရွှေကျွန်းသည် မြိတ်မြို့ပေါ်ရှိ အထင်ရှားဆုံး ပျော်ပွဲစားရုံကြီး ဖြစ်၏။ ရွှေကျွန်း၌ အကောင်းဆုံး စားသောက်ဖွယ်ရာများ၊ ဈေးအကြီးဆုံးအရက်များ ကြေးအမြင့်ဆုံး လောင်းကစားဝိုင်းများ ရှိ၏။

ရွှေကျွန်း၏ပိုင်ရှင်မှာ တရုတ်လူမျိုး သူဌေးကြီးကျင်ဝမ်ဖေး ဖြစ်၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးကျင်ဝမ်သည် မလေးကျွန်းဆွယ်၌ ရာဘာစိုက်ခင်းပေါင်းများစွာကို ပိုင်ဆိုင်သော်လည်း မြိတ်မြို့၌သာအနေများ၏။ သူသည် မိုးများ သောမြိတ်ရာသီဥတုကို အလွန်သဘောကျ၏။

ထို့ကြောင့် မြိတ်မြို့ လေးကျွန်းဆိပ်မီးသုဓာရားကုန်းတော်အနီး၌ အကောင်းဆုံးအိမ်ကြီးတစ်ဆောင်ကို ဆောက်လုပ်ပြီး နေထိုင်လေ၏။

ယနေ့ည ပျော်ပွဲစားရုံသို့ သူဌေးကြီးကျင်ဝမ်ကိုယ်တိုင် လာရောက် ကြီးကြပ်နေသဖြင့် ရွှေကျွန်းသို့ လာမည့်ဧည့်သည်များ မည်မျှအရေးပါကြောင်း တစ်ဆိုင်လုံး ရိပ်စားမိကြလေ၏။

သူဌေးကြီးကျင်ဝမ်သည် အရောင်တလက်လက်တောက်ပနေသော ပိုးဖဲကတ္တီပါ အဝတ်အစားများကို ဝတ်ဆင်ထား၏။

သူဌေးကြီး၏လူယုံတော် ဦးဖိုးထော်ပင်လျှင် ယနေ့ည တရုတ်အမျိုးသားဝတ်စုံကို သားနားသပ်ရပ်စွာ ဝတ်ဆင်ထား၏။

ရွှေကျွန်းရှိ စားပွဲထိုးများအားလုံးပဲ သစ်လွင်တောက်ပသော ဝတ်စုံများဝတ်ဆင်ထားပြီး သွက်လက်ဖျတ်လတ်စွာ သွားလာနေကြ၏။





ယနေ့ည လာမည့်ဧည့်သည်များမှာ အထူးအရေးပါလှသဖြင့် ဦးဖိုးထော်မှာ စားပွဲထိုးများကို အကြိမ်ကြိမ်အထပ်ထပ် မှာကြားနေ၏။

ဦးဖိုးထော်သည် ပျော်ပွဲစားရုံကြီး၏ အပေါ်ထပ်တစ်ထပ်လုံးရှိ ခန်းဆီးများကို အသစ်လဲလှယ်နိုင်း၏။

ပန်းအိုးများကိုလည်း တိုက်ချွတ်ဆေးကြောခိုင်း၏။ စားပွဲခင်းများကိုလည်း အသစ်လဲလှယ်ပြီး ခင်းခိုင်း၏။ ဧည့်သည်များကို အစားအသောက်ပို့ပေးမည့် စားပွဲထိုးများအား ဦးဖိုးထော်ကိုယ်တိုင် လက်ရွေးစင် ရွေးချယ်ပေး၏။

ဦးဖိုးထော်သည် စားပွဲထိုးများအား အစားအသောက်များနှင့် ပတ်သက်၍ မှားယွင်းမှုမရှိစေရန် အကြိမ်ကြိမ်အထပ်ထပ် မှာကြား၏။

ထို့ပြင် စားဖိုဆောင်သို့သွား၍ စားသောက်ဖွယ်ရာများကို ချက်ပြုတ်မည့်သူများအား အကောင်းဆုံးဟင်းလျာများ ချက်ပြုတ်ရန် သတိပေး၏။

ဧည့်သည်များ ပျော်ပွဲစားရုံသို့ရောက်ရန် အချိန်နီးသောအခါ

www.burmeseclassic.com



ဦးဖိုးထော်က စားပွဲထိုးများအားလုံးကို ခေါ်ယူ၍

" ဒီနေ့ည ဆိုင်ကိုလာမဲ့ ဧည့်သည်တွေက အလွန်အရေးကြီးတယ်၊ ငါတို့ဘက်က တစ်ခုခုမှားယွင်းလိုက်တာနဲ့ ရွှေကျွန်းပျော်ပွဲစားရုံကြီးရဲ့ ဂုဏ်သိက္ခာ ကျဆင်းသွားလိမ့်မယ်၊ ရွှေကျွန်းဟာ မြိတ်မြို့မှာအကောင်းဆုံး ပျော်ပွဲစားရုံဆိုပြီးတော့ နာမည်သတင်းကြီးခဲ့တယ်၊ ပင်လယ်ရပ်ခြားက ကုန်သည်ကြီးတွေတောင် မြိတ်ကိုရောက်ရင် ရွှေကျွန်းကိုဝင်ပျော်မှ ရောက်ရကျိုးနပ်တယ်လို့ ယူဆကြတယ်၊ ဒီနေ့ည ငါတို့ပျော်ပွဲစားရုံကို ယိုးဒယားနဲ့ မလေးက ဧည့်သည်ကြီးတွေ ရောက်လာတော့မယ်၊ မင်းတို့အားလုံး အစွမ်းကုန်ဧည့်ဝတ်ကျေပွန်ဖို့ ကြိုးစားပါ၊ မင်းတို့ရဲ့ ညံ့ဖျင်းမှုကြောင့် သူတို့ရဲ့တွေ့ဆုံဆွေးနွေးပွဲ မပျက်ပါစေနဲ့"

ဟု မှာကြားလေရာ စားပွဲထိုးများက ဧည့်သည်များအား အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး ဧည့်ခံမည်ဖြစ်ကြောင်း ကတိပြုကြလေ၏။

ထို့နောက် နောက်ဆုံးအနေဖြင့် ရွှေကျွန်း၏ပိုင်ရှင် သူဌေးကြီးကျင်ဝမ်ကိုယ်တိုင် လိုအပ်ချက်များကို လိုက်လံကြည့်ရှု စစ်ဆေး





လေ၏။

သူဌေးကြီး ကျင်ဝမ်သည် ပျော်ပွဲစားရုံအပေါ်ထပ်၌ လှည့်လည်ကြည့်ရှုပြီး ဧည့်သည်များဆုံတွေ့ရန် စီစဉ်ထားသော စားပွဲရှည်ကြီးရှေ့သို့ရောက်သောအခါ စားပွဲခင်းကြီးကို မ,ကြည့်လိုက်၏။

ထို့နောက် မျက်မှောင်ကြုတ်လိုက်ပြီး

" ဟင်... စားပွဲခင်းအောက်မှာ ခြင်တွေ ဘာတွေ ခိုအောင်းနိုင်တယ်၊ နန္ဒင်းတက်တွေ ထွန်းစမ်းဟေ့၊ အများကြီး မွှန်ထူနေအောင် မထွန်းနဲ့နော်၊ ခြင်ပြေးအောင်ပဲထွန်း "

ဟု အမိန့်ပေးလိုက်လေ၏

ထိုအခါ စားပွဲထိုးခေါင်းဆောင်က ၎င်းတို့အထဲတွင် အသက်အငယ်ဆုံးဖြစ်သော စားပွဲထိုးလူငယ်လေး စံရှားကိုခေါ်၍

" စံရှား၊ ဧည့်သည်တော်ကြီးတွေရဲ့ စားပွဲခုံအောက်မှာ နန္ဒင်းတက် ထွန်းလိုက် "

ဟု မိန့်ပေးလိုက်လေ၏။

ထိုအခါ စံရှားဆိုသော လူငယ်လေးက မျက်နှာရှုံ့မဲ့သွားပြီး

" ကျုပ်ကို ကူမဲ့လူလည်းမရှိဘူး၊ ကျုပ်တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ထွန်းရမှာလား ''

ဟု မေးမြန်းလေရာ စားပွဲထိုးများ၏ခေါင်းဆောင်က စံရှား၏ ခေါင်းကို ခေါက်ခနဲခေါက်၍

'' ဟေ့ကောင်၊ ငါတို့အားလုံး အလုပ်ရှုပ်နေကြတာကွ၊ စားပွဲခုံအောက်မှာ နဂ္ဂင်းတက်လေးထွန်းတာတောင် အဖြစ်မရှိဘူးလား၊ မင်းတစ်ယောက်တည်းမထွန်းလို့ ဘယ်သူက ကူထွန်းပေးရမှာလဲ၊ သွားစမ်း၊ အမြန်သွားထွန်း၊ ဧည့်သည်တော်ကြီးတွေ ရောက်လာတော့မယ်၊ ငါတို့က အောက်ထပ်ဆင်းပြီး ဧည့်ခံကြိုဆိုဖို့ ပြင်ဆင်ရဦးမယ်ကွ''

ဟု ပြောကာ စားပွဲထိုးများသည် ပျော်ပွဲစားရုံကြီး၏ အောက်ထပ်သို့ ဆင်းသွားလေ၏။

ထိုအခါ ခမ်းနားစွာ ပြင်ဆင်ထားသော ဧည့်ခန်းကြီးအတွင်း စံရှားတစ်ယောက်သာ ကျန်ခဲ့လေတော့၏။

စံရှားကာ မျက်နှာရှုံ့မဲ့၍

'' နဂ္ဂင်းတက်ထွန်းရမှာဆိုတော့ အရင်ဆုံး မီးသွေးတုံးတွေ မီးမွေးရမယ် ''





ဟု ဆိုကာ ပျော်ပွဲစားရုံကြီး၏ အနောက်သို့ တစ်ကိုယ်တည်း ထွက်သွားလေတော့၏။

ထို့နောက် စဥ့်ခွက်ငယ်လေးများကို ဧည့်သည်တော်ကြီးများ ဆွေးနွေးမည့် စားပွဲများအောက်သို့သွား၍ နေရာချထားလေ၏။

စံရှားသည် စားပွဲခုံအောက်တွင် ထိုင်၍ မီးသွေးခဲများ မီး တောက်မတောက် သေချာအောင် ကြည့်ရှုလေ၏။

ရွှေကျွန်း၏ပိုင်ရှင် တရုတ်သူဌေးကြီး ဦးကျင်ဝမ်သည် အလွန်စေ့စပ်သေချာ၏။

ရွှေကျွန်းရှိ စားပွဲထိုးများအားလုံး အပြစ်လုပ်သည်ဟု ယူဆလျှင် အလုပ်မှ ချက်ချင်းထုတ်ပစ်တတ်၏။

ထို့ကြောင့် စံရှားသည် နဂ္ဂင်းတက်များထွန်းရာ၌ မပေါ့လျော့ရဘဲ သတိထားပြီး သေချာစွာ စောင့်ကြည့်နေရ၏။ ထိုသို့စောင့်ကြည့်ရင်း ရွှေကျွန်းပျော်ပွဲစားရုံကြီး၌ အလုပ်လုပ်ဖြစ်ပုံကို ပြန်လည်၍သတိရမိ၏။

သူ၏ ဖခင်နှင့်မိခင် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားပြီးနောက် စိတ်သဘောထားညှံ့ဖျင်းသော ဦးလေး၏အိမ်တွင် ကပ်၍



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရ၏။

ဦးလေးသည် မြိတ်မြို့ပေါ်တွင် အနှိပ်သည်အဖြစ် အသက်မွေးဝမ်းကျောင်းပြု၏။

ဦးလေး၏အနှိပ်ဖောက်သည်များမှာ မြိတ်မြို့ပေါ်ရှိ လူကုံထံ စာရင်းဝင် သူဌေးသူကြွယ်များ ဖြစ်ကြ၏။

ထိုသူများအထဲတွင် ရွှေကျွန်းပိုင်ရှင် သူဌေးကြီး ဦးကျင်ဝမ်သည် ထိပ်ဆုံးမှ ပါဝင်သည်

စိတ်သဘောထားညံ့ဖျင်းသော ဦးလေးသည် သူဌေးကြီး ဦးကျင်ဝမ်ကို နှိပ်နယ်ပေးရင်း အလုပ်အကိုင် မရှိသော စံရှားအား ကျွေးမွေးထားရကြောင်း ညည်းညူသဖြင့် သူဌေးကြီး ဦးကျင်ဝမ်က ဦးလေးအား သနားညှာတာသောအားဖြင့် စံရှားအား ပျော်ပွဲစားရုံကြီး၌ အလုပ်ပေးထားခြင်းဖြစ်၏။

ထို့ကြောင့်ပင် စံရှားသည် ရွှေကျွန်းပျော်ပွဲစားရုံကြီး၌ အသက်အငယ်ဆုံး စားပွဲထိုးတစ်ယောက်ဖြစ်နေခြင်းဖြစ်၏။

စိတ်သဘောထားယုတ်မာသော ဦးလေးသည် စံရှား ပျော်ပွဲစားရုံကြီး၌ အလုပ်ရသောအခါ သူ၏အိမ်တွင် ဆက်၍မထားနိုင်တော့





ကြောင်း ပြောကာ စံရှားအား အိမ်မှမောင်းနှင်ထုတ်ခဲ့၏။

စံရှားသည် ထိုအချိန်မှစ၍ ရွှေကျွန်းပျော်ပွဲစားရုံကြီး၏ ဂိုဒေါင်၌ ခြောင်းရွှေ့ပြီး နေထိုင်ခဲ့ရ၏။

ထိုဂိုဒေါင်၌ စံရှားနှင့်ဘဝတူ လူငယ်တစ်စု စုပေါင်းပြီး နေထိုင်ကြ၏။

မည်သို့ပင်ဖြစ်စေ စံရှားသည် စိတ်သဘောထားယုတ်မာသော ဦးလေးနှင့်အတူ နေထိုင်ရခြင်းထက် ဂိုဒေါင်၌ အေးချမ်းစွာ နေထိုင်ရခြင်းကို နှစ်သက်၏။

ရွှေကျွန်းပျော်ပွဲစားရုံ၌ စားပွဲထိုးအချို့သည် ကြီးနိုင်ငယ်ညှဉ်း ပြုလုပ်ကြ၏။

ထိုသူများသည် အသက်အငယ်ရွယ်ဆုံးဖြစ်သော စံရှားအား အနိုင်ထက်စီးနင်း ပြုကျင့်ချင်ကြ၏။

စံရှားသည် ထိုသူများအား မျက်နှာချိုသွေး၍ မိမိဘဝ အဆင်ပြေချောမွေ့အောင် နေထိုင်တတ်လာ၏။

ရွှေကျွန်းရှိ စားပွဲထိုးများထဲတွင် စံရှားအား ညီအရင်းသဖွယ် သဘောထားကာ ချစ်ခင်ကြင်နာသော ကိုဖိုးညိုဆိုသည့် စားပွဲထိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိ၏။

ကိုဖိုးညိုသည် စားပွဲထိုးတစ်ဦးဖြစ်သော်လည်း အင်္ဂလိပ်စာကို ကောင်းစွာ ရေးတတ်ဖတ်တတ်ပြီး လည်လည်ဝယ်ဝယ်ပြောဆိုတတ်လေ၏။

စံရှားသည် ကိုဖိုးညို အင်္ဂလိပ်စကားပြောခြင်းကို အလွန်နှစ်သက်ပြီး ၄င်းထံတွင် အင်္ဂလိပ်စာကို အားလပ်သည့်အချိန်တိုင်း သင်ယူလေ့ရှိ၏။

ကိုဖိုးညိုသည် စာအုပ်စာပေဖတ်ရှုခြင်းကို အလွန်ဝါသနာထုံ၏။

စံရှားသည် ကိုဖိုးညို၏အခန်းသို့သွားကာ ဒီးဒုတ်မဂ္ဂဇင်း၊ သူရိယသတင်းစာ စသည့် စာအုပ်စာပေမှန်သမျှကို ဖတ်ရှုလေ့ရှိ၏။

ထို့ကြောင့် စံရှားသည် ရွှေကျွန်းသို့ရောက်ရှိပြီး များမကြာမီ ပညာဗဟုသုတများ တိုးပွားခဲ့သည်ဟု ဆိုနိုင်၏။

စံရှားသည် ရှည်လျားသော စားပွဲခုံကြီးအောက်၌ထိုင်ရင်း အတိတ်ဘဝဇာတ်ကြောင်းများကို တွေးတောကာ မျက်လုံးများ မှေးစင်းလာ၏။





သူသည် ဝါးခနဲ သမ်းဝေလိုက်ပြီး စားပွဲအောက်တွင် ခဏမျှ လှဲလိုက်ရာမှ အိပ်ပျော်သွားလေ၏။

ထိုအချိန်၌ ရွှေကျွန်းပျော်ပွဲစားရုံ၏ လူယုံတော် ဦးဖိုးထော်က အောက်ထပ်၌ စားပွဲထိုးများအားလုံးကို တန်းစီနိုင်းလိုက်ပြီး

“ ဧည့်သည်တော်ကြီးတွေရောက်လာဖို့ အချိန်နီးပြီနီးကပ်နေပြီ၊ ဒါကြောင့် မင်းတို့ကို နောက်ဆုံးအနေနဲ့ ငါမှာချင်တယ်၊ အားလုံး ဘယ်သူမှ အမှားအယွင်းမလုပ်မိစေနဲ့၊ ငါ ဒီလောက် အတန်တန်မှာ ကြားထားရက်နဲ့ အမှားအယွင်းလုပ်တယ်ဆိုရင်တော့ လုပ်တဲ့လူကို စစ်ဆေးမေးမြန်းခြင်းမရှိဘူး၊ တစ်ခါတည်း အလုပ်ကထုတ်မယ်၊ အပေါ်ထပ်ကိုတက်ပြီး စားပွဲထိုးမဲ့လူတွေကို ငါ လက်ရွေးစင်ရွေးထားပြီးသားဖြစ်တယ်၊ ဒါကြောင့် စားပွဲထိုးခွင့်မရှိတဲ့လူတွေက အပေါ်ထပ်ကို လုံးဝတက်ခွင့်မရှိဘူး၊ အောက်ထပ်မှာပဲ ကိုယ့်အလုပ်တာဝန်ကို ကျေပွန်အောင် လုပ်နေရမယ် ”

ဟု သေချာစွာ မှာကြားလေ၏။

ထိုအချိန်၌ ပျော်ပွဲစားရုံ၏ အပေါ်ထပ်ရှိ ဧည့်သည်တော်ကြီးများ ဆွေးနွေးပွဲပြုလုပ်မည့် စားပွဲရှည်ကြီးအောက်တွင် စံရှားဆိုသော



www.burmeseclassic.com

www.burmeseclassic.com



လှငယ်လေးသည် တရေးတမော အိပ်ပျော်နေရှာ၏။

ပျော်ပွဲစားရုံရှိ စားပွဲထိုးများအားလုံးသည် စံရှားပျောက်ဆုံးနေခြင်းကို သတိပြုမိခြင်း မရှိကြ။ ၎င်းတို့သည် မကြာမီရောက်လာမည့် ဧည့်သည်တော်ကြီးများအား ဧည့်ဝတ်ကျေပွန်ရန်သာ စိတ်စောနေကြ၏။

ထို့နောက် ဧည့်သည်တော်ကြီးများရောက်ရှိရန် အချိန်နီးကပ်နေသဖြင့် ပျော်ပွဲစားရုံ၏ပိုင်ရှင် သူဌေးကြီး ဦးကျင်ဝမ်သည် အောက်ထပ်ရှိ ကနုတ်ပန်းများ စီခြယ်ထားသော ထိုင်ခုံကြီး၌ အကျအနထိုင်ကာ တရုတ်ရိုးရာ လက်ဖက်ရည်ကြမ်းကို အရသာခံပြီး သောက်နေလေတော့၏။

ထိုအခိုက်မှာပင် ပျော်ပွဲစားရုံခြံဝန်းထဲသို့ အညိုရောင် ရထားလုံးတစ်စီး ဝင်ရောက်လာလေရာ ဦးဖိုးထော်နှင့် စားပွဲထိုးများအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။

ထို့နောက် ရထားလုံးအတွင်းမှ ပိုးဖဲကတ္တီပါ အဝတ်အစားဝတ်ဆင်ထားသော တစ်ဖက်နိုင်ငံမှ ကုန်သည်ကြီးအချို့ ရောက်ရှိလာလေ၏။





မရှေးမနှောင်းမှာပင် နောက်ထပ်ရထားလုံးတစ်စီး ထပ်မံရောက်ရှိလာပြီး မလေးကျွန်းဆွယ်မှ ကုန်သည်ကြီးများလည်း ရောက်ရှိလာလေ၏။

ခဏကြာလျှင် ကော့သောင်းမြို့မှ မြန်မာလူမျိုး ကုန်သည်ကြီး ဦးရွှေတလုတ်သည် တပည့်တပန်း အစုံအလင်ဖြင့် ရောက်ရှိလာလေ၏။

ပျော်ပွဲစားရုံပိုင်ရှင် တရုတ်ကြီးဦးကျင်ဝမ်သည် ဧည့်သည်တော်များကို ပျော်ပွဲစားရုံ၏ အောက်ထပ်၌ နေရာချထားပေးပြီး အဖျော်ယမကာများဖြင့် ဧည့်ခံကာ တစ်ခဏမျှ အမောအပန်းပြေစေ၏။

ခဏကြာလျှင် ကော့သောင်းမြို့မှ ကုန်သည်ကြီး ဦးရွှေတလုတ်က စားပွဲဝိုင်းမှ မတ်တတ်ရပ်၍ ကုန်သည်ကြီးများဘက်သို့ လှည့်ကာ

"ကျုပ်တို့ ပွဲစဖို့အချိန်သင့်ပြီ၊ ပျော်ပွဲစားရုံအပေါ်ထပ်ကို တက်ကြရအောင်"

ဟု ပြောကာ ၎င်းကိုယ်တိုင် ဦးဆောင်၍တက်ရန် ပြင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပျော်ပွဲစားရုံပိုင်ရှင် တရုတ်သူဌေး ဦးကျင်ဝမ် ကိုယ်တိုင် ကုန်သည်များကို ပျော်ပွဲစားရုံကြီး၏ အပေါ်ထပ်သို့ ခေါ်ဆောင်သွားပြီး ကုန်သည်များ၏ ဧည့်ခံပွဲအတွက် မြင်ဆင်ပေးလေ၏။

ကုန်သည်များသည် ပျော်ပွဲစားရုံအပေါ်ထပ်သို့ရောက်သောအခါ သားနားသပ်ရပ်စွာပြင်ဆင်ထားသဖြင့် နှစ်သက်သဘောကျကြောင်း ဦးကျင်ဝမ်အား ချီးမွမ်းလေ၏။

ပျော်ပွဲစားရုံအပေါ်ထပ် တစ်ခန်းလုံး ခန်းဆီးအသစ်များ၊ ပန်းအိုးအသစ်များ၊ စားပွဲခုံအသစ်များဖြင့် သားနားသပ်ရပ်နေလေ၏။

ကုန်သည်များအားလုံး (၁၅) ယောက်တိတိရှိပြီး ၄င်းတို့သည် စားပွဲရှည်ကြီး (၄) လုံး စပ်ထားသော ထိုင်ခုံများ၌ ဝင်၍ထိုင်ကြလေ၏။

ထိုအချိန်တွင် စာပွဲထိုးလူငယ်လေး စံရှားသည် စားပွဲခုံအောက်တွင် အိပ်ပျော်နေသဲဖြစ်၏။ ကုန်သည်များသည့် စားပွဲရှည်ကြီးများအား အလွန်လှပသော အနီရောင် ပိတ်စားပွဲခင်းကြီးဖြင့်





ကြမ်းထိအောင် ခင်းထားသဖြင့် စားပွဲခုံအောက်တွင် အိပ်ပျော်နေသော စံရှားအား ရိပ်စားမိခြင်းမရှိချေ။

ကုန်သည်များအားလုံး စားပွဲရှည်ကြီးရှေ့ရှိ ကုလားထိုင်များတွင် ဝင်ရောက်ထိုင်လိုက်ကြပြီးသောအခါ ကော့သောင်းရှိ ကုန်သည်ကြီး ဦးရွှေတလုတ်က သူ၏တပည့်များအား မျက်ရိပ်ပြလိုက်လေ၏။

ထိုအခါ ဦးရွှေတလုတ်၏ တပည့်များသည် အသင့်ယူဆောင်လာသော ရွှေကလပ်တစ်ခုကို စားပွဲရှည်ကြီး၏အလယ်တွင် တင်လိုက်လေ၏။

ထိုအခါ ယိုးဒယားနှင့် မလေးကျွန်းဆွယ်မှ ကုန်သည်ကြီးများသည် ရွှေကလပ်ကို မျက်တောင်ပင်မခတ်ဘဲ စူးစိုက်ပြီး ကြည့်ရှုနေကြလေ၏။

ကော့သောင်းမြို့ရှိ မြန်မာကုန်သည်ကြီး ဦးရွှေတလုတ်က

"အဟမ်း အဟမ်း"

ဟု လည်ချောင်းရှင်းလိုက်ပြီး ပရိသတ်များအား မျက်လုံးဝှဲ့ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ဒီနေ့ည ရွှေကလပ်ထဲမှာ မိတ်ဆွေကြီးတွေ မြင်တွေ့ရမဲ့ ဇာတ်ညွှန်းကတော့ အလွန်အဖိုးထိုက်တန်တဲ့ ပြည်ကြီးတံခွန်လို့ အမည်ရတဲ့ ပတ္တမြားကြီးဖြစ်ပါတယ်၊ မြန်မာ့နန်းတွင်းက အဖိုးတန်ပတ္တမြားတွေကို ခိုးယူသွားတယ်လို့ မြန်မာအများစုက ယူဆခဲ့ကြပေမဲ့ နန်းတွင်းက ပြည်ကြီးတံခွန်ပတ္တမြားကြီးကတော့ မြန်မာ့နန်းတွင်း အမျိုးတော်တစ်ဦးရဲ့ ထိန်းသိမ်းမှုကြောင့် ကျုပ်တို့ဆီကို ဘေးမသီ ရန်မခဘဲ ရောက်ရှိလာခဲ့ပါတယ်၊ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို မြန်မာနန်းတွင်းက အဖိုးအထိုက်တန်ဆုံး ပတ္တမြားစာရင်းကို ရေးမှတ်လေ့ရှိတဲ့ ရွှေပုရပိုဒ်ထဲမှာ ရေးသားထားတာကို နန်းတွင်းမှာ နေထိုင်ဖူးတဲ့ နန်းတွင်းသူ နန်းတွင်းသားတွေ ကြားဖူးနားဝရှိပါတယ်၊ ဒီပတ္တမြားကြီးဟာ လက်ရှိ မြန်မာနိုင်ငံမှာတော့ အဖိုးအတန်ဆုံး ပတ္တမြားကြီးဖြစ်ပါ တယ်၊ ဒါကြောင့် ပြည်ကြီးတံခွန်ပတ္တမြားကြီးနဲ့ ပတ်သက်ပြီးတော့ ယောဒီက ကုန်သည်ကြီးတွေကို ပြသခွင့်ရတာ ကျုပ် အလွန်ဂုဏ်ယူပါတယ် "

ဟု ဆိုကာ ကုန်သည်ကြီး ဦးရွှေတလုတ်သည် ရွှေကလပ်ကို ဖွင့်ရန်ပြင်လိုက်၏။





ထိုအခါ ယိုးဒယားနှင့် မလေးကုန်သည်များသည် စိတ်လှုပ်ရှားသွားပြီး ရှေ့သို့ ကုန်းကြည့်ကြလေ၏။

ထိုသို့ ကုန်းကြည့်ရင်း မလေးကုန်သည်ကြီး၏ ခြေထောက်သည် စားပွဲခုံအောက်တွင် အိပ်ပျော်နေသော စံရှား၏ကိုယ်အား သွား၍ကန်မိလေ၏။

စားပွဲခုံအောက်တွင် ရောက်ရှိနေသော စံရှားသည် ထိုအခါမှပင် မိမိစားပွဲခုံအောက်တွင် အိပ်ပျော်နေခြင်းကို သတိရသွားပြီး အထိတ်တလန့် ဖြစ်သွားလေတော့၏။

ထိုအခိုက်မှာပင် ကုန်သည်ကြီး ဦးရွှေတလုတ်က

" ဧည့်သည်တော်ကြီးများအားလုံး ရှုစားကြပါ "

ဟု ပြောရင်း ရွှေကလပ်၏အဖုံးကို ဖွင့်လိုက်၏။

ထိုအခါ ရွှေကလပ်ပေါ်တွင် အရောင်တဖျပ်ဖျပ် တောက်ပနေသော ပတ္တမြားကြီးကို မြင်ရသဖြင့် ကုန်သည်ကြီးများသည် အလွန်စိတ်လှုပ်ရှားဟန်ဖြင့် တစ်ယောက်တစ်မျိုး ရေရွတ်ကြလေ၏။

ကုန်သည်ကြီး ဦးရွှေတလုတ်က စိတ်လှုပ်ရှားဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုနေသော ကုန်သည်များကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ပတ္တမြားကြီးရဲ့ အရောင်ကို သေသေချာချာကြည့်ဦး၊ [illegible] ပတ္တမြားရဲ့အရည်ကိုလည် ကြည့်ဦးလည်သီးရည်အဆင့်၊ ပတ္တမြားမောက်ရဲ့အရည်ဟာလည်း လည်သီးရည်အဆင့်ပဲလို့ ကြားဖူးတယ်ဗျ၊ ပြည်ကြီးတံခွန် ပတ္တမြားကြီးဟာ ကျောက်သားအဆင့်မှာလည်း အကောင်းဆုံးဆိုတဲ့ ဖယောင်းသားအဆင့်ရှိတယ်၊ ပတ္တမြားရဲ့အပြင်ကိုလည်း သေသေချာချာကြည့်ဦး အပြစ်ကင်းသလောက်ကို ဖြစ်နေတယ်၊ ပတ္တမြားမှန်ရင် အပြစ်ကင်းတဲ့ ပတ္တမြားဘယ်လောက်ရှားသလဲဆိုတာ ကုန်သည်ကြီးတွေအားလုံး အသိပါပဲဗျာ၊ ဒါကြောင့် ပြည်ကြီးတံခွန် ပတ္တမြားဟာ အံ့မခန်းလောက်တဲ့ ပတ္တမြားကြီးပါ၊ ပတ္တမြားကြီးရဲ့တန်ဖိုးကိုဖြတ်ဖို့ အင်မတန်ခက်ခဲပါတယ်၊ ပြည်ကြီးတံခွန် ပတ္တမြားကြီးဟာ မောက်ပတ္တမြားတွေထက် တန်ဖိုးမနိမ့်ကျပါဘူးဗျာ၊ ဒါကြောင့် မိတ်ဆွေကြီးတို့ ဒီပတ္တမြားကြီးကို ဝယ်ဖြစ်သည်ဖြစ်စေ၊ မဝယ်ဖြစ်သည်ဖြစ်စေ၊ ပတ္တမြားကြီးကို ကြည့်ခွင့်ရတာနဲ့ပဲ တန်ဖိုးရှိသွားပါပြီဗျာ "

ဟု ပြောလေ၏။

ကုန်သည်ကြီးများသည် ဦးရွှေတလုတ်ပြသသော ပြည်ကြီး





တံခွန် ပတ္တမြားကြီးကို စိတ်ဝင်တစားကြည့်ရှုကြပြီး တစ်ယောက်တစ်ပေါက် ချီးမွမ်းကြလေ၏။

ယိုးဒယားကုန်သည်ကြီးက ပတ္တမြားကြီးအပြစ်ကင်းစင်လွန်းသဖြင့် အံ့သြဖွယ်ကောင်းကြောင်းပြောလေ၏။

မလေးကုန်သည်များကလည်း ပတ္တမြားကြီး၏အရည်ကို အလွန်နှစ်သက်ပြီး ကျောက်သားမှာလည်း ဖယောင်းသားအစစ်ဖြစ်သဖြင့် ရှားပါးတရင်းဝင်ပတ္တမြားကြီးဟု ဆိုကြ၏။

ပတ္တမြားကြီး၏ ပိုင်ရှင် ဦးရွှေတလုတ်သည် ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ကုန်သည်များမျက်တောင်မခတ်တမ်း ကြည့်ရှုနေသဖြင့် အလွန်သဘောကျနေလေ၏။

ထိုအခိုက်မှာပင် စားပွဲခုံအောက်တွင် ရှိနေသော စံရှားသည် ကုန်သည်ကြီးများ၏ပြောစကားကို အစအဆုံးကြားသိနေရသဖြင့် ပြည်ကြီးတံခွန် ပတ္တမြားကြီးအကြောင်းကို သိလိုက်ရ၏။

ထိုအခါ ဒီးဒုတ်မဂ္ဂဇင်း၌ မိမိဖတ်ရှုရသော ပညာရှင်ကြီးတစ်ယောက်၏ဆောင်းပါးကို သတိရလိုက်၏။

ထိုဆောင်းပါး၌ မြန်မာ့နန်းတွင်းအဆိုးတန် နန်းစဉ်ရတနာများ



www.burmeseclassic.com

www.burmeseclassic.com



ကို မျက်နှာဖြူအရာရှိကြီးများနှင့် ၄င်းတို့၏အလိုတော်ကြီးများက ခိုးဝှက်ယူငင်သဖြင့် တန်ဖိုးမဖြတ်နိုင်သော နန်းစဉ်ရတနာများ ဆုံးရှုံးခဲ့ရကြောင်း တိုင်းပြည်တစ်ပြည်၌ နန်းစဉ်ရတနာများကို အမြတ်တနိုးထိန်းသိမ်းထားသင့်ကြောင်း ယခုကဲ့သို့ နယ်ချဲ့များထံသို့ ကျရောက်သွားခြင်းမှာ အဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုဖြစ်ကြောင်း အကျယ်တဝင့်ရေးသားထား၏။

ထိုဆောင်းပါးကို ဖတ်ရှုပြီးနောက် မိမိတို့နိုင်ငံရှိ လူမျိုးတိုင်း နန်းစဉ်ရတနာများကို ထိန်းသိမ်းစောင့်ရှောက်ရန် ဝတ္တရားရှိကြောင်း သိနားလည်ခဲ့ရ၏။

ယခု ကုန်သည်ကြီး ဦးရွှေတာလုတ်သည် တိုင်းပြည်၏နန်းစဉ်ရတနာဖြစ်သော ပတ္တမြားကြီးကို တိုင်းတစ်ပါးကုန်သည်များအား ရောင်းချရန် ကြံစည်နေ၏။

ပြည်ကြီးတံခွန် ပတ္တမြားကြီး တိုင်းတစ်ပါးသို့ ရောက်ရှိသွားလျှင် အဖိုးတန်မြန်မာ့နန်းစဉ် ရတနာတစ်ပါး ဆုံးရှုံးသွားတော့မည်ဖြစ်၏။

ထို့ကြောင့် တိုင်းတစ်ပါးကုန်သည်များလက်သို့ မြန်မာ့နန်းစဉ်





ပတ္တမြားကြီးမရောက်ရှိအောင် အစွမ်းကုန်ကာကွယ်ရန် ဆုံးဖြတ်လိုက်လေ၏။

စံရှားသည် စိတ်လှုပ်ရှားမှုကြောင့် စားပွဲခုံအောက်၌ လှုပ်လှုပ်ရှားရှား လှုပ်လိုက်ရာ သူ၏လက်သည် မလေးကုန်သည်ကြီးတစ်ဦး၏ ခြေထောက်ကို သွားထိမိ၏။

မလေးကုန်သည်ကြီးသည် သူ၏ခြေထောက်အား ယိုးဒယားကုန်သည်ကြီးက ခြေနှင့်ကန်သည်ထင်ပြီး မကျေမချမ်း ကြည့်လိုက်လေ၏။

စံရှားသည် စားပွဲခုံအောက်၌ထိုင်ရင်း ကုန်သည်ကြီးများ၏ခြေထောက်ကိုကြည့်ကာ ပတ္တမြားကြီးနှင့် ပတ်သက်၍ မည်သို့လုပ်ရမည်နည်းဟု အကြံထုတ်နေလေ၏။

ထိုအခိုက်မှာပင် ရွှေကျွန်းပျော်ပွဲစားရုံကြီး၏ အနီးပတ်ဝန်းကျင်၌

" မီးလောင်နေပြီဗျို့ ... မီးလောင်နေပြီ "

ဟု အော်လိုက်ရာ ကုန်သည်ကြီးများအားလုံး လှုပ်လှုပ်ရွရွဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရှေ့ကျွန်းပျော်ပွဲစားရုံပိုင်ရှင် ဦးကျင်ဝမ်သည် မြတင်းပေါက်သို့ သွားရောက်ကြည့်ရှုပြီး ကုန်သည်များဘက်သို့လှည့်၍

" စိတ်မပူပါနဲ့ဗျား၊ ကျုပ်တို့မြိုတ်မြို့မှာ မီးလောင်တာ ရှိနေပါပြီ၊ မကြာမီ မီးငြိမ်းသွားမှာပါ "

ဟု ပြောလေ၏။

ထိုအခါ ကုန်သည်ကြီးများအားလုံး ပြတင်းပေါက်သို့သွားကာ မီးလောင်နေပုံကို သွားရောက်ကြည့်ရှုလေ၏။

စံရှားသည် ကုန်သည်ကြီးများ စားပွဲမှ ထွက်ခွာသွားသောအခါ စားပွဲပေါ်ရှိ ပတ္တမြားကြီးကို ခိုးယူပြီး ထွက်ပြေးရန် ကြံစည်လိုက်လေ၏။

မြန်မာ့နန်းစဉ် ပတ္တမြားကြီးအား ပြည်ပနိုင်ငံများသို့မရောက်ရန် မိမိအစွမ်းရှိသမျှ ကာကွယ်ရမည်။

စံရှားသည် စားပွဲခုံအောက်မှ တိတ်တဆိတ်ထွက်၍ ရှေ့ကလယ်ပေါ်တွင်တင်ထားသော ပတ္တမြားကြီးကို လျှင်မြန်စွာ ယူလိုက်၏။

ထိုအချိန်၌ ကုန်သည်ကြီးများအားလုံး မီးလောင်နေခြင်းကို





စိတ်ဝင်စားနေသဖြင့် စားပွဲအောက်မှထွက်လာသော စံရှားအား သတိပြုမိခြင်း မရှိချေ။

စံရှားသည် ပတ္တမြားကြီးလက်ထဲသို့ရောက်သည်နှင့် ပျော်ပွဲစားရုံ၏အနောက်ဖက်လှေကားမှတဆင့် အောက်သို့ ပြေးဆင်းခဲ့၏။

အနောက်ဖက်လှေကား၌ မှောင်မည်းနေသဖြင့် အောက်ထပ်သို့ ကမန်းကတန်းပြေးဆင်းလာစဉ် အပေါ်ထပ်သို့တက်လာသော စားပွဲထိုးခေါင်းဆောင် ကိုဘတုတ်နှင့် တိုက်မိလေ၏။

ကိုဘတုတ်သည် အပေါ်ထပ်မှ ကမူးရှူးထိုး ပြေးဆင်းလာသော စံရှားကို အံ့သြဟန်ဖြင့်ကြည့်၍

" ဟင်... စံရှား မင်းဘာဖြစ်လို့ အပေါ်ထပ်ကို ရောက်နေရတာလဲ၊ အရေးကြီးဧည့်သည်တွေ ရောက်နေတဲ့အချိန်မှာ အပေါ်ထပ်ကို မတက်ရဘူးဆိုတာ မသိဘူးလား "

ဟု ကြိမ်းမောင်းလေ၏။

စံရှားသည် ကိုဘတုတ်၏ ဆူပူကြိမ်းမောင်းခြင်းကို မနားယူနိုင်တော့ပဲ၊ ပျော်ပွဲစားရုံ၏အောက်ထပ်သို့ ပြေးဆင်းလေ၏။

အောက်ထပ်သို့ရောက်သောအခါ ပျော်ပွဲစားရုံ အနောက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်တံခါးမကြီးကို ဖွင့်၍ပြေးရန်ပြင်လိုက်၏။ သို့သော် အံ့ဩဖွယ်ရာပင် ပျော်ပွဲစားရုံအနောက်ရှိ တံခါးမကြီးအား သော့ခတ်ထားကြောင်း တွေ့ရ၏။

စံရှားသည် ပျော်ပွဲစားရုံ အရှေ့ဖက်အပေါက်မှ ထွက်ပြေးရန် မဖြစ်နိုင်တော့သဖြင့် ပြတင်းပေါက်များကို တစ်ပေါက်ပြီးတစ်ပေါက် လိုက်လံဖွင့်ကြည့်လိုက်လေ၏။

သို့သော်ပြတင်းပေါက်များကို သံတိုင်များကာရန်ထားသဖြင့် အပြင်သို့ အလွယ်တကူထွက်ပြေးရန် မဖြစ်နိုင်ချေ။

ထိုအခိုက်မှာပင် ပြည်ကြီးတံခွန်ပတ္တမြားကြီး၏ပိုင်ရှင် ဦးရွှေတလုတ်သည် ရွှေကလပ်ပေါ် သို့ကြည့်လိုက်ပြီး ပတ္တမြားကြီးကို မတွေ့ရသဖြင့် မိမိမျက်လုံးကိုပင် မိမိမယုံကြည်အောင် ဖြစ်သွားပြီး

" ပတ္တမြားကြီး မရှိတော့ဘူး "

ဟု အလန့်တကြား အော်ဟစ်လိုက်လေ၏။

ဦးရွှေတလုတ်၏အော်သံကြောင့် ပြတင်းပေါက်အနီးသို့ ရောက်ရှိနေသော ကုန်သည်များသည် စားပွဲပေါ်ရှိ ရွှေကလပ်ကို





လှည့်ကြည့်လိုက်ပြီး ပတ္တမြားကြီးကို မမြင်သောအခါ အလွန်အံ့ဩသွားကြလေ၏။

ပျော်ပွဲစားရုံပိုင်ရှင် တရုတ်သဌေးကျင်ဖုမ်အသည် ရွှေကလပ်ပေါ်ရှိ ပတ္တမြားကြီးကို မတွေ့ရသောအခါ ခေါင်းနပန်းကြီးသွားပြီး

" ဟင်... ပတ္တမြားကြီးက စောစောတုန်းက ရွှေကလပ်ပေါ်မှာ ရှိပါတယ်၊ မျက်စိတမှိတ် လျှပ်တစ်ပျက်အတွင်းမှာ ပတ္တမြားကြီး ဘယ်ကိုရောက်သွားသလဲ "

ဟု အံ့ဩတကြီး ရေရွတ်လေ၏။

ထိုအခါ ကုန်သည်တစ်ဦးက ပတ္တမြားကြီး၏ ပိုင်ရှင် ဦးရွှေတလုတ်အား ကြည့်၍

" ပတ္တမြားကြီးကို ဦးရွှေတလုတ်သိမ်းလိုက်သေးလား "

ဟု မေးမြန်းလေရာ ဦးရွှေတလုတ်က ကမန်းကတန်း လက်ကာပြ၍

" ရွှေကလပ်ပေါ်မှာ တင်ထားတဲ့ ပတ္တမြားကို ကျုပ်က ဘာကြောင့် သိမ်းရမှာလဲဗျ။ ကျုပ်လည်း ခင်ဗျားတို့နဲ့အတူ မီးလောင်တဲ့ ရှုခင်းကို ကြည့်နေတာပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း ပျော်ပွဲစားရုံ၏ပိုင်ရှင် တရုတ်သူဌေးကျင်ဝမ် ဘက်သို့လှည့်၍

" ဒီမှာ ခင်ဗျားတို့ ပျော်ပွဲစားရုံမှာ သူခိုးရှိနေပြီ၊ ကျုပ်ရဲ့ ပတ္တမြားကြီးဟာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ပျောက်ဆုံးသွားတယ်၊ ပတ္တမြားကို ခင်ဗျားအစုချက်ချင်း ရအောင်ရှာပေး"

ဟု အော်ဟစ်လိုက်လေ၏။

တရုတ်သူဌေး ကျင်ဝမ်သည် ခေါင်းနပန်းကြီးသွားပြီး

" ဟောဗျာ... ခင်ဗျား ဒီလိုတော့ မတရားမစွပ်စွဲနဲ့၊ မီးလောင်တဲ့ရှုခင်းကို ကြည့်နေတုန်းက အပေါ်ထပ်မှာ ကျုပ်ဆိုင်က စားပွဲထိုး တစ်ယောက်မှမရှိဘူး၊ ပတ္တမြားကြီးနဲ့ ပတ်သက်တဲ့ကိစ္စ အပြင်ကိုပေါက်ကြားသွားမှာစိုးလို့ အပေါ်ထပ်ကို စားပွဲထိုး ခေါင်းဆောင် ဘတုတ်တစ်ယောက်ပဲ လုပ်နိုင်းတာ "

ဟု ပြောလေရာ ဦးရွှေတလုတ်က စိုးရိမ်ပူပန်သော အမူအရာဖြင့်

" ဒါဆိုရင် အဲဒီစားပွဲထိုးခေါင်းဆောင် ဘယ်မှာလဲ၊ ကျုပ်တွေ့ချင်တယ် "





ဟု အော်ဟစ်လိုက်လေ၏။

ထိုအခိုက်မှာပင် စားပွဲထိုးခေါင်းဆောင် ကိုဘတုတ်သည် ပျော်ပွဲစားရုံအပေါ်ထပ်သို့ ရောက်ရှိလာလေ၏။

ထိုအခါ တရုတ်သူဌေးကြီး ကျင်ဝမ်က

" ဟေ့ကောင် ဘတုတ်၊ အပေါ်ထပ်မှာ အလွန်အဖိုးထိုက်တန်တဲ့ ပစ္စည်းတစ်ခု ပျောက်သွားတယ်၊ အပေါ်ထပ်ကို ဘယ်သူတွေတက်သေးလဲ "

ဟု မေးမြန်းလေရာ စားပွဲထိုးခေါင်းဆောင် ကိုဘတုတ်က

" စားပွဲထိုးတွေ အားလုံးကို အပေါ်ထပ်ကို မတက်ဖို့ ကျွန်တော် သေသေချာချာပြောထားပါတယ်၊ ဒါပေမဲ့ စောစောတုန်းက စံရှား အပေါ်ထပ်က ကမူးရှူးထိုးပြေးဆင်းသွားတဲ့အတွက် ကျွန်တော်နဲ့ လှေခါးမှာ တိုက်မိသေးတယ်၊ ဟေ့ကောင်... မင်း ဘာဖြစ်လို့ အပေါ်ထပ်ကိုတက်ရတာလဲလို့ မေးတော့၊ ဒီကောင် ဘာမှပြန်မပြောဘဲ အောက်ကိုပဲ ပြေးဆင်းသွားတယ်၊ သူ့ကို ကြည့်ရတာ မသင်္ကာစရာကောင်းတယ် "

ဟု ပြောလိုက်ရာ ပတ္တမြားကြီး၏ပိုင်ရှင် ဦးရွှေတလုတ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတကြီးလက်သီးဆုပ်၍

" အဲဒီ စံရှားဆိုတဲ့ကောင်ကို အမြန်ဆုံးရအောင်ရှာပြီး ဖမ်းစမ်း၊ သူ့ဆီမှာ ပတ္တမြားကြီးပါသွားပြီ "

ဟု အော်ဟစ်လိုက်လေ၏။

ပျော်ပွဲစားရုံပိုင်ရှင် သူဌေးကြီးကျင်ဝမ်ကလည်း ဒေါ်တသကြီး လက်သီးဆုပ်၍

" တောက်... ငါ့မျက်နှာကို အိုးမည်းသုတ်တဲ့ကောင်၊ ဒီကောင့်ကိုမြင်ရင် ပုလိပ်လက်အပ်စရာ မလိုဘူး၊ အသေသတ်ပစ်မယ် "

ဟု ကြုံးဝါးကာ စံရှားအား လိုက်လံရှာဖွေ ဖမ်းဆီးရန် အမိန့်ပေးလိုက်လေ၏။





စံရှားသည် ထိုအချိန်တွင် ပျော်ပွဲစားရုံ၏အနောက်ဘက်ရှိရာသို့ ကျော်တက်သွားပြီး ပြတင်းပေါက်မှတဆင့် ပျော်ပွဲစားရုံအပြင်ဘက်သို့ ခုန်ချလိုက်လေ၏။

ပြီးနောက် အနောက်ဖက်ခြံစည်းရိုးကို ကျော်လွှားကာ ပျော်ပွဲစားရုံမှ ခြေကုန်သုတ်၍ ပြေးခဲ့လေတော့၏။

ယခုအချိန်လောက်ရှိရင် ပျော်ပွဲစားရုံအပေါ်ထပ်ရှိ သူဌေးကြီးများ ပတ္တမြားပျောက်ဆုံးသွားခြင်းကို ရိပ်စားမိလောက်ပေပြီ။

စံရှားသည် သူ၏ဦးလေးဖြစ်သူ လူယုတ်မာကြီးထံသို့ မပြေးဘဲ၊ သူငယ်ချင်း ရွှေရိုးထံသို့ပြေးရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရွှေရိုးနေထိုင်ရာ တဲအိမ်လေးရှိရာသို့ အမှောင်ထုထဲတွင် ဦးတည်ပြေးလာခဲ့လေ၏။

ရွှေရိုးသည် သူ၏ပထွေးဖြစ်သူ အရက်သမားကြီးနှင့် အတူနေထိုင်ရခြင်းဖြစ်၏။ ရွှေရိုး၏မိခင်မှာ လွန်ခဲ့သော နှစ်ကပင် ဆုံးပါးသွားခဲ့၏။

ရွှေရိုးသည် မိခင်မရှိသည့်နောက်ပိုင်း ပထွေးဖြစ်သူ အရက်သမား၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရ၏။

သူသည်တစ်နေကုန် ဆိပ်ကမ်း၌ ကူလီထမ်းပြီး ပထွေးဖြစ်သူ၏အရက်ဖိုးကို ရှာဖွေကျွေးရ၏။

စံရှားသည် ဆင်းရဲသားများ နေထိုင်သော ရပ်ကွက်ကလေးကို ကျော်ဖြတ်ပြီး ရွှေရိုး၏တဲအိမ်ကလေးသို့ ပြေးလွှားခဲ့လေ၏။

တဲအိမ်ကလေးသို့ရောက်သောအခါ အထဲ၌ ဆူညံသံများကြားရသဖြင့် တဲအတွင်းသို့ မဝင်သေးဘဲ ထရံကြားမှ ချောင်းကြည့်လိုက်လေ၏။

ထိုအခါ ပထွေးဖြစ်သူသည် ရွှေရိုးအား ဝါးခြမ်းပြားဖြင့် တဖြန်းဖြန်းရိုက်နေကြောင်းတွေ့ရ၏။ ရွှေရိုးက အံကိုကြိတ်၍



ရိုက်နှက်ခြင်းကို ခံယူရင်း

" ကျုပ်ဒီနေ့ ကူလီထမ်းလို့ရတာ ဒါအကုန်ပဲဗျ။ ခင်ဗျားကို ကျုပ်ရသမျှ ပိုက်ဆံတွေပေးလည်း မကျေနပ်နိုင်ဘူးလား "

ဟု အော်ဟစ်လိုက်လေ၏။

ထိုအခါ ရွှေရိုး၏ပထွေး အရက်သမားက

" ခွေးကောင် မင်းရှာလာတဲ့ ပိုက်ဆံတစ်ပဲခြောက်ပြားနဲ့ ငါဘယ်လိုအရက်သောက်လို့ရမှာလဲ၊ မင်း ငါ အရက်သောက်တာကို မကျေနပ်တဲ့အတွက် အရက်ဖိုးပြည့်အောင်မပေးတာမို့လား၊ ငါ့ကို စော်ကားတဲ့အကောင် သေပေတော့ "

ဟု ဆိုကာ ရွှေရိုးအား ဝါးခြမ်းပြားဖြင့် တဖြန်းဖြန်းရိုက်လေ၏။

ရွှေရိုးသည် အံကိုကြိတ်၍ ပထွေးဖြစ်သူ၏ရိုက်နှက်ခြင်းကိုခံနေလေ၏။

စံရှားသည် ထိုမြင်ကွင်းကိုကြည့်ရှုရန် ဆန္ဒမရှိတော့သဖြင့် လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ငုံ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တဲအိမ်အတွင်းရှိ မှန်အိမ်အလင်းရောင်ဖြင့် ပြည်ကြီးတံခွန်ပတ္တမြားသည် အရောင်တဖိတ်ဖိတ် တောက်ပြောင်နေကြောင်း တွေ့ရလေ၏။

ပျော်ပွဲစားရုံ၏ လေ့တားထစ်၌ စားပွဲထိုးခေါင်းဆောင်ကိုဘာတုတ်နှင့်ပက်ပင်းတိုးခဲ့သဖြင့် ပတ္တမြားကြီးကို မိမိခိုးယူသွားကြောင်း သူဌေးကြီးများ ရိပ်စားမိလောက်ပေပြီ။

ထို့ကြောင့် မိမိ၏အနောက်သို့ မြေလှန်ရှာပြီး လိုက်လာမှာသေချာ၏။

တရုတ်သူဌေးကျင်ဝမ်သည် သူ၏ဦးလေးအနှိပ်သည်ကြီးအားသိရှိသဖြင့် ၄င်းနောက်သို့ အလျင်ဆုံးလိုက်မှာ သေချာ၏။

ဦးလေးဖြစ်သူ လူယုတ်မာကြီးသည် မိမိအား ရှံ့ရှာသူဖြစ်သဖြင့် နည်းအမျိုးမျိုးဖြင့် ချောက်တွန်းမည်ကို မြင်ယောင်နေမိ၏။

ထိုအခိုက်မှာပင် ရွှေရိုး၏ပထွေးသည် ရိုက်နှက်ခြင်းပြီးဆုံးသွားသဖြင့် ရွှေရိုးအား ခြေဖြင့်ဆောင့်ကန်၍ တဲအိမ်ထဲမှ မောင်းထုတ်လိုက်၏။

ရွှေရိုးသည် အံ့ကိုကြိတ်၍ တဲအိမ်ထဲမှ ဒယီးဒယိုင်ထွက်လာ





၏။

စံရှားသည် မှောင်ရိပ်ထဲမှနေ၍ ရွှေရိုးအား အသံပြုလိုက်ရာ ရွှေရိုးသည် အလွန်အံ့ဩသွားပြီး အနီးသို့ရောက်လာကာ

" ဟင်… စံရှား ပျော်ပွဲစားရုံမှာ မင်းဒီနေ့ အလုပ်မရှိဘူးလား"

ဟု မေးမြန်းလေ၏။

ထိုအခါ စံရှားက လက်ကာပြ၍

" မင်းကိုငါ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခု တိုင်ပင်ချင်လို့၊ ငါတို့ဒီနေရာကနေ ဆေးရာကို သွားကြမယ် "

ဟု ဆိုကာ ရွှေရိုး၏လက်ကိုဆွဲ၍ မှောင်ရိပ်ကျသော ဆိပ်ကမ်းဘက်သို့ ခပ်သုတ်သုတ်လျှောက်လှမ်းခဲ့လေ၏။

ရွှေရိုးသည် နားမလည်ဟန်ဖြင့် စံရှား၏နောက်မှ လိုက်ခဲ့လေ၏။

စံရှားသည် ဆိပ်ကမ်းသို့ရောက်သောအခါ ကြုံတွေ့ရသောအဖြစ်အပျက်များကို ရွှေရိုးအား ပြောပြလေ၏။ ရွှေရိုးသည် စံရှား၏စကားကို အစအဆုံး နားထောင်ပြီး အထိတ်တလန့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဟင်… ဒါဆိုရင် သူဌေးကြီး ဦးရွှေတလုတ်ရဲ့ ပတ္တမြား ကို ခိုးလာခဲ့တယ်ပေါ့၊ မင်းဘာလို့ဒီလိုလုပ်ရတာလဲကွာ၊ အေးအေးဆေးဆေး ရွှေကျွန်းမှာ အလုပ်လုပ်နေတာ ကောင်းရဲ့သား နဲ့ "

ဟု ပြောလေ၏။

ထိုအခါ စံရှားက

" ဟေ့ကောင်… ငါက ပတ္တမြားကို ခိုးချင်လို့ ခိုးလာတာ မဟုတ်ဘူးကွ၊ ငါတို့တိုင်းပြည်ရဲ့ နန်းစဉ်ရတနာကို တိုင်းတစ်ပါး သားတွေဆီကို အရောက်ခံရမလား၊ ဒီပတ္တမြားကြီးဟာ ငါတို့အရှင် တွေပိုင်တဲ့ ပတ္တမြားကြီးကွ၊ လောဘတက်နေတဲ့ သူဌေးကြီး ဦးရွှေတလုတ်ဟာ ကိုယ့်အရှင်တွေပိုင်တဲ့ ပတ္တမြားကို ဘယ်သူ သေသေ ငတေမာရင်ပြီးရောဆိုပြီးတော့ တိုင်းတစ်ပါးလက်ကို ထိုးအပ်တာကွ "

ဟု ပြောလေရာ စံရှား၏သူငယ်ချင်း ရွှေရိုးက

" သူ့ဘာသာ ပတ္တမြားကြီးကို ရောင်းချင်တဲ့လူကို ရောင်း တာ၊ မင်းနဲ့ မဆိုင်ပါဘူးကွာ၊ မင်းရွှေကျွန်းမှာ အလုပ်ရပြီး





အဆင်ပြေနေတာကို ငါဝမ်းသာနေတာကွ၊ အခုတော့ မင်းရာဇဝတ် သား ဖြစ်ပြီ "

ဟု ပြောလေ၏။

ထိုအခါ စံရှားက ရွှေရိုးကိုကြည့်၍ မျက်မှောင်ကြုတ်လိုက် ပြီး

" ဟေ့ကောင်… မင်းမှာ တိုင်းပြည်ချစ်စိတ်မရှိဘူးလား၊ ငါတို့တိုင်းပြည်က ငါတို့ဆရာင်တွေပိုင်တဲ့ ရတနာတွေ ဆုံးရှုံးသွားမှာ မင်းမစိုးရိမ်ဘူးလား၊ တကယ်တော့ ဒီရတနာတွေအတွက် ငါတို့ အသက်နဲ့လဲပြီးတောင် ထိန်းသိမ်းရမှာ "

ဟု ပြောလေရာ စံရှား၏စကားကြောင့် ရွှေရိုးက

" မင်းရဲ့အတွေးအခေါ်တွေက သိပ်မြင့်လွန်းနေပြီ၊ ငါ မလိုက်နိုင်တော့ဘူးကွ၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါဘဝတူတွေပါကွာ၊ မင်းဘက်ကနေ ငါဝင်ပေးမယ် "

ဟု ပြောလေရာ စံရှားက ရွှေရိုး၏ပခုံးကိုပုတ်၍

" လောလောဆယ်တော့ မင်းပြောသလို ငါက ရာဇဝတ် သားဖြစ်နေပြီကွ၊ ဒါကြောင့် မင်းလည်း ငါနဲ့လိုက်မယ်ဆိုရင် ငါလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်သားဖြစ်မှာ သေချာတယ်၊ ဒါကြောင့် ငါနဲ့လိုက်ပြီး ကူညီဖို့ကိစ္စကို မင်းစဉ်းစားဦး ''

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက

'' ဘာပဲဖြစ်ဖြစ် ငါမင်းနောက်ကိုလိုက်မယ်ကွာ၊ ငါ ပထွေးနဲ့ နေရတာ အမြဲတမ်းစိတ်မချမ်းသာဘူးဖြစ်နေတယ်၊ အရက်ဖိုးမရလို့ ငါ့ကို ကျွဲရိုက်နွားရိုက် ရိုက်နေတာ မြင်တယ်မို့လား၊ ငါတစ်နေကုန် ဆိပ်ကမ်းမှာ နဖူးကချွေးခြေမကျအောင် ရှာဖွေပြီးရတဲ့ ပိုက်ဆံတွေကို ငါ့ပထွေးအတွက် အရက်ဖိုးပေးနေရတယ်၊ ဒီလူကြီးနဲ့နေရတာ ငါ့အတွက် ငရဲပဲကွ၊ ဒါကြောင့် သူ့လက်ကလွတ်အောင် ရုန်းရမယ် ''

ဟု ပြောလေ၏။

စံရှားက သက်ပြင်းချ၍

'' ဒါဆိုရင်လည်း မင်း ငါနဲ့လိုက်ခဲ့ကွာ၊ တို့ ဒီမြို့ကလွတ်အောင် အမြန်ဆုံးထွက်ပြေးကြမယ်၊ မကြာမီ ငါတို့ဆီကို လောဘသားတွေ လိုက်လာလိမ့်မယ် ''





ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ အခုလောက်ဆိုရင် လောဘသားသူဌေးကြီးတွေ မင်းဦးလေး အနှိပ်သည်ကြီးဆီကို ရောက်နေပြီ၊ အဲဒီက တစ်ဆင့် မင်းရဲ့အခင်အမင်ဆုံး သူငယ်ချင်းဖြစ်တဲ့ ငါ့ရဲ့တဲဆီကို လည်း မကြာမီရောက်လာတော့မှာပဲ၊ ငါတို့အမြန်ဆုံး ဆိပ်ကမ်းကို ပြေးပြီးတော့ ကြုံရာလှေနဲ့ ဒီမြို့က ထွက်ပြေးမှဖြစ်မယ် ''

- ဟု ပြောကာ ဆိပ်ကမ်းသို့သွားပြီး လှေကြုံလိုက်ရန် ရှာဖွေလေ၏။

ထိုအချိန်မှာပင် စံရှားက ဆိပ်ကမ်း၌ မိမိတို့ကို လိုက်လံရှာဖွေနေသော သူဌေးကြီးဦးရွှေတလုတ်၏တပည့်များကို မြင်ရသဖြင့် မှောင်ရိပ်၌ ပုန်းခိုလိုက်ရ၏။

ဦးရွှေတလုတ်၏ တပည့်များသာမက ရွှေကျွန်းရှိ စားပွဲထိုးများအားလုံး မိမိကိုလိုက်လံ ရှာဖွေနေကြကြောင်း တွေ့ရလေ၏။

စံရှားသည် ထိုသူများတို့ ပုန်းကွယ်လိုက်ရင်း ရွှေရိုးဘက်သို့ လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ငါတို့ကို ဒီနေ့ညတော့ ပိုက်စိပ်တိုက်ပြီး လိုက်ရှာနေပြီ၊ တို့အိမ်တွေကို ပြန်လို့မဖြစ်တော့ဘူး၊ တစ်နေရာရာမှာ ပုန်းခိုနေမှ ဖြစ်မယ် "

ဟု ပြောလေရာ ရွှေရိုးက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

" ငါတို့အတွက် ဘယ်နေရာမှာ ပုန်းခိုစရာရှိလို့လဲ "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ စံရှားက သက်ပြင်းချ၍

" ကုလားကျားတွေဆီသွားပြီး ငါတို့ ဒီနေ့ည ပုန်းခိုရမယ်၊ ကုလားကျားအောင်မိုးက ငါတို့ကို အကူအညီပေးမှာပါ "

ဟု ပြောလေရာ ရွှေရိုးသည် စိတ်လှုပ်ရှားသော အမူအရာဖြင့်

" သိပ်ဟုတ်တာပေါ့၊ ကုလားကျားကြီးက ငါတို့ကို အကူအညီ ပေးလိမ့်မယ်၊ သူတို့ နောက်နေ့ မြို့ထဲမှာ ကုလားကျားလှည့်လိမ့်မယ် "

ဟု ပြောလေရာ မြို့တစ်နေရာရှိ ကုလားကျားအောင်မိုး၏





ခြံသို့ ထွက်ခဲ့လေ၏။

မြိတ်မြို့ဝန်းကျင်၌ ကုလားကျားလှည့်ပြီး အလှူခံသော မလေ့ထုံးစံရှိ၏။

ကုလားကျားလှည့်သူများသည် ခန္ဓာကိုယ်အား သဘော်ဆေးအရောင်စုံဖြင့် ကျားကဲ့သို့ခြယ်သပြီး ကျားစိတ်ဝင်သော ကျားတစ်ကောင်ကဲ့သို့ ကျွမ်းထိုးခုန်ပေါက်၏။

ထို့ကဲ့သို့ ကုလားကျားလှည့်ရာတွင် တီးဝိုင်းက ဒရမ်သံ တကျိမ်းကျိမ်းတီး၍ မြို့ထဲတွင် လှည့်လည်ခြင်းဖြစ်၏။

ကုလားကျားကသူများသည် စိတ်လှုပ်ရှားဖွယ်ကောင်းသော ဒရမ်သံနှင့်အတူ ကြမ်းတမ်းသော ကျားအကကိုကလေသည်။

ဒရမ်သံကြောင့် ကုလားကျားကသူများသာမက ကုလားကျားလှည့်ခြင်းကို ကြည့်ရှုနေသူသည် ကျားစိတ်ဝင်ပြီး ထိန်းမနိုင်သိမ်းမရဖြစ်ကာ ဝင်ရောက်ကပြခြင်းလည်းရှိ၏။

စိတ်အားငယ်တတ်သူများသည် ကုလားကျားကခြင်းကို ကြည့်ရန်မဝံ့ရဲဘဲ ရှိကြ၏။

သို့သော် ကုလားကျားကခြင်းမှာ အလွန်နှစ်သက်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသဖြင့် မကြည့်ဝံ့၊ ကြည့်ဝံ့သောစိတ်ဖြင့်ပင် ကုလားကျား ကခြင်းကို ကြည့်ရှုကြလေ၏။

စံရှားနှင့်ရွှေရိုးသည် ကုလားကျားအဖွဲ့ရှိရာ မြို့စွန်ခြံသို့ရောက်သောအခါ ကုလားကျားအဖွဲ့၏ခေါင်းဆောင် အောင်မိုးသည် ညဦးနက်ပြီဖြစ်သော်လည်း မအိပ်စက်နိုင်သေးဘဲ သတင်းစာများကို ဖတ်၍နေလေ၏။

စံရှားတို့သည် ပွင့်နေသော ပြတင်းပေါက်မှ ကျော်ဝင်လိုက်သောအခါ ကျားကုလားအောင်မိုးသည် ထိတ်လန့်သွားလေ၏။ အောင်မိုးက စံရှားတို့ကိုမြင်သောအခါ အလွန်အံ့ဩသွားပြီး

" မင်းတို့နှစ်ကောင် သူခိုးလမ်းပြလုပ်ပြီး၊ ငါ့အိမ်ထဲကို ညကြီးအချိန်မတော် ဘာလာလုပ်တာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ စံရှားက သက်ပြင်းချ၍

" ငါ့ရွှေကျွန်းမှာ ပြဿနာဖြစ်လာတယ်၊ ဒါကြောင့် ရွှေကျွန်းကလူတွေအားလုံ ငါ့ကိုလိုက်ရှာနေကြတယ်၊ ငါနဲ့အတူ ရွှေရိုးပါ ရောပြီးဒုက္ခရောက်နေပြီ၊ ငါတို့အခက်အခဲရှိနေလို့ မင်းဆီမှာ





ခဏလာပြီး ခိုလှုံတာကွ "

ဟု ပြောလေ၏။

ထိုအခါ ကုလားကျားအောင်မိုးက ထိုင်ရာမှထ၍ စံရှား၏ ပခုံးကိုဖက်ကာ

" မင်းနဲ့ငါက အလွန်ရင်းနှီးတဲ့ သူငယ်ချင်းတွေပါ၊ မင်းဘက်က ငါ့အမြဲတမ်းရှိပါတယ်၊ ဒါပေမဲ့ ရွှေကျွန်းက မင်းတို့ မဟုတ်တာ မမှန်တာ လုပ်မလာပါဘူးနော် "

ဟု မေးမြန်းလေ၏။

ထိုအခါ စံရှားက ခေါင်းညိတ်၍

" မင်း ငါ့ကိုယုံပါကွာ၊ ငါဘယ်တော့မှ မဟုတ်တာ မလုပ်ဘူးဆိုတာ မင်းသိပါတယ်၊ မင်းနဲ့ငါ ငယ်ငယ်လေးကတည်းက ပေါင်းသင်းလာတဲ့လူတွေပါ "

ဟု ပြောလေရာ ကုလားကျားအောင်မိုးက စံရှားကိုကြည့်၍

" ငါ့အပေါ်မှာ မင်းကျေးဇူးရှိပါတယ်၊ ငါ့အမေကြီး အသည်းအသန်ဖြစ်တုန်းက မင်းမှာရှိတဲ့ မရှိမဲ့ရှိမဲ့ ငွေစလေးတွေ ကိုစုပြီး ငါ့ဆီလာပေးတာ ငါဘယ်တော့မှ မမေ့ဘူး၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းမဟုတ်တာမလုပ်ရင် ဘာဖြစ်လို့ရှောင်ပြေးနေရတာလဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ စံရှားနှင့်ရွှေရိုးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေ၏။

စံရှားက

“ မင်းမှာ မျိုးချစ်စိတ်ရှိလား၊ ပါတော်မူသွားတဲ့ တို့အရှင်နှစ်ပါးကိုကြည်ညိုလေးစားတဲ့စိတ်ရှိလား၊ ဒါဆိုရင်တော့ မင်းမေးခွန်းကို ငါဖြေနိုင်တယ် ”

ဟု ပြောလေ၏။

စံရှား၏စကားကြောင့် ကျားကုလားအောင်မိုးက လက်သီးဆုပ်၍

“ ငါမှာ မျိုးချစ်စိတ်ရှိတာပေါ့ကွ၊ ငါတို့တိုင်းပြည်ကို နယ်ချဲ့တွေ အုပ်ချုပ်နေတာ လုံးဝမကြိုက်ဘူး၊ ငါတို့ရဲ့အရှင်နှစ်ပါးကို ကြက်ကလေး ငှက်ကလေးဖမ်းသလို ရတနာဂီရိကိုဖမ်းဆီးသွားတာလည်း မကြိုက်ဘူး၊ မင်း ဘာပြောချင်လို့လဲ၊ ငါ့ကိုပြောစမ်းပါ”

ဟု မေးမြန်းလေ၏။





ထိုအခါ စံရှားက

“ ဟုတ်ပြီ၊ မင်းမှာ မျိုးချစ်စိတ်ရှိမယ်ဆိုရင် မြန်မာ့နန်းစဉ် ရတနာတွေကိုလည်း ထိန်းသိမ်းချင်စိတ်ရှိမှာပဲ၊ ဒါဆိုရင်တော့ ငါတို့ရဲ့လျှို့ဝှက်ချက်ကို မင်းကိုဖွင့်ပြောပြမယ် ”

ဟု ပြောကာ ယနေ့ညကြုံတွေ့ခဲ့ရသော ပြည်ကြီးတံခွန် ပတ္တမြားကြီးနှင့် ပတ်သက်သော အကြောင်းများကို ပြောပြလေ၏။

စံရှား၏စကားဆုံးသောအခါ ကျားကုလားအောင်မိုးသည် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားပြီး

“ဟင်… ဒါဆိုရင် သူဌေးကြီး ဦးရွှေတလုတ်ရဲ့ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို မင်း ခိုးလာခဲ့တယ်ပေါ့ ”

ဟု မေးမြန်းလေ၏။

စံရှားက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ပြည်ကြီးတံခွန်ပတ္တမြားကြီး ငါ့ဆီမှာ ပါလာခဲ့ပြီ၊ ဒါပေမဲ့ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ငါ့ရဲ့ အလိုလောဘနဲ့ ခိုးလာတာမဟုတ်ဘူးနော်၊ ဒီပတ္တမြားကြီးနဲ့ ပတ်သက်လို့ ငါတို့ စိတ်နဲ့တောင်မပြစ်မှားဘူး။ ငါဟာ [illegible]တွေကို



www.burmeseclassic.com

www.burmeseclassic.com



အားလပ်တဲ့အချိန်တိုင်း အများကြီးဖတ်တယ်၊ မင်းလည်း စာဖတ်တဲ့လူပါကွာ၊ ငါတို့တိုင်းပြည်ရဲ့ နန်းစဉ်ရာဇဝင်တွေ သူတစ်ပါးတိုင်းပြည်ကိုရောက်သွားရင် ဘယ်လောက်နှမြောဖို့ကောင်းသလဲ၊ နန်းစဉ်ရာဇဝင်တွေကို တန်ဖိုးထားတဲ့စိတ်ဟာ စာဖတ်လို့ ဖြစ်လာတာကွ၊ စာဖတ်လေ့ဖတ်ထမရှိတဲ့ ယောဒီက ရွှေရိုးဆိုရင် ငါ့ကို နန်းစဉ်ရာဇဝင်ကို အလိုလောဘနဲ့ ခိုးလာတယ်လို့တောင် ထင်ချင်သေးတယ် ''

ဟု ပြောလေရာ ရွှေရိုးက တဟဲဟဲရယ်မော၍

'' မဟုတ်ပါဘူးကွာ၊ ငါမသိလို့ မင်းကိုမေးကြည့်တာပါ ''

ဟု ပြောလေ၏။ ထိုအခါ ကုလားကျားအောင်မိုးက စံရှား၏ပခုံးကို ပုတ်၍

'' မင်းရဲ့သတ္တိကိုတော့ ချီးကျူးပါတယ်ကွာ၊ မင်းနေရာမှာ ငါဆိုရင် ဒီလောက် သတ္တိရှိပါ့မလား မသိဘူး၊ ပြည်ကြီးတံခွန် ပတ္တမြားကို ငါမမြင်ဘူးလို့ ပြစမ်းပါဦးကွာ ''

ဟု ပြောလေ၏။

ထိုအခါ စံရှားက သူ၏အင်္ကျီအတွင်းအိတ်ထဲတွင် ဝှက်ထား





သော ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ပြလေ၏။

ကုလားကျားအောင်မိုးသည် ပြည်ကြီးတံခွန်ပတ္တမြားကြီးကို မီးရောင်တွင် ထောင်၍ကြည့်လိုက်ပြီး

'' ကျောက်အကြောင်းကို တစ်လုံးမှနားမလည်တဲ့ ငါတို့အတွက်တော့ ပြည်ကြီးတံခွန်ပတ္တမြားဟာ ပြည်တန်တဲ့ပတ္တမြားကြီးဖြစ်နေပါစေ၊ အရောင်တဖျတ်ဖျတ်တောက်နေတာကလွဲလို့ ဘာမှမသိပါဘူး၊ ကဲ... ပတ္တမြားကြီးကို ပြန်သိမ်းလိုက်ပါ၊ ဒီလောက်အန္တရာယ်တွေမတ်လည်ဝိုင်းနေတဲ့ကြား ပတ္တမြားကြီးကို ခိုးလာရဲတဲ့ မင်းရဲ့သတ္တိကိုတော့ ငါ ချီးမွမ်းပါတယ်ကွာ၊ မင်းတို့ ဒီမြို့ကနေထွက်ပြေးနိုင်အောင်လို့ ငါ အစွမ်းကုန် ကူညီပေးမယ် ''

ဟု ပြောလေ၏။

ထိုအခါ စံရှားက

'' ဒီအချိန်လောက်ဆိုရင် ရွှေကျွန်းပျော်ပွဲစားရုံက တရုတ်သူဌေးကျင်ဝမ်တို့၊ ပြည်ကြီးတံခွန်ပတ္တမြားကြီးကို မတရားနည်းနဲ့ရထားတဲ့ ဦးရွှေတလုတ်တို့လူတွေစုပြီး ငါတို့ကို ပိုက်စိပ်တိုက်ရှာဖွေနေမှာ သေချာတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

စံရှား၏စကားကြောင့် ရွှေရိုးက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဦးရွှေတလုတ်နဲ့ တရုတ်သူဌေးကြီး ကျင်ဝမ်သာမကဘူး၊ မလေးနဲ့ ယိုးဒယားဘက်က သူဌေးကြီးလူယုံတွေတောင်မှ ငါတို့ကို လိုက်ပြီးရှာနေလောက်တယ် "

ဟု ပြောလေတော့၏။

မေဖန်ဝါ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





ထိုအချိန်၌ ရွှေကျွန်းပျော်ပွဲစားရုံပိုင်ရှင် တရုတ်သူဌေးကျင်ဝမ်သည် စံရှား၏ဦးလေး အနိုပ်သည်ကြီးအား သူ၏ရှေ့သို့ခေါ်ဆောင်လိုက်ပြီး ဒေါသတကြီးဖြင့်

" ဒီမှာ ကိုဘဦး၊ ခင်ဗျားတူလုပ်သွားတာ ကောင်းကြသေးရဲ့လား၊ အလုပ်မရှိလို့ စားရမဲ့မဲ့ဖြစ်နေတယ်ဆိုလို့ ကျုပ်ရဲ့ ပျော်ပွဲစားရုံမှာ အလုပ်ပေးထားတယ်၊ အခုတော့ ဧည့်သည်ကြီးတွေရဲ့ ပြည်တန်ပတ္တမြားကြီးကို ခင်ဗျားတူ ခိုးသွားပြီ"

ဟု ပြောလေရာ အနှိပ်ဆရာ ဦးဘဦးသည် မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ ကျုပ်ရဲ့တူစံရှားက ပြည်တန်ပတ္တမြားကို ခိုးတယ်၊ စံရှားမှာ ဒီလိုအကျင့်စရိုက်မျိုး မရှိပါဘူး သူဌေးမင်းရယ်"

ဟု ပြောလေရာ တရုတ်သူဌေးကျင်ဝမ်က စားပွဲခုံကို ဒေါသတကြီး လက်ဖြင့်ထုလိုက်ပြီး

"ခင်ဗျားတူ ပြည်တန်ပတ္တမြားကို ခိုးသွားတာ မျက်မြင်သက်သေတွေရှိတယ်၊ ခင်ဗျားတူမှာ အပြစ်မရှိဘူးဆိုရင် ပျော်ပွဲစားရုံက ထွက်ပြေးပါ့မလားဗျ၊ အခု သူ့နောက်ကို ကျုပ်တို့လူတွေ ပိုက်စိပ်တိုက် ရှာနေတယ်၊ ဒီကောင် ပြေးနိုင်မှလွတ်မယ်၊ ခင်ဗျားဆီကို စံရှားရောက်လာရင်တော့ ကျုပ်ပြီးတော့ ဝှက်ထားဖို့မကြိုးစားနဲ့၊ ခင်ဗျားအသက်ကို ပေးရလိမ့်မယ်"

ဟု ပြောလေရာ အနှိပ်သည်ကြီး ဦးဘဦးက အထိတ်ထိတ် အလန့်လန့်ဖြင့်

"ဒီလိုမလုပ်ဝံ့ပါဘူး သူဌေးမင်းရယ်၊ ကျုပ်တူစံရှား ရောက်လာလို့ကတော့ ဒီကောင့်ကို မရမကဖမ်းဆီးပြီးတော့ သူဌေးမင်းလက်ကို အပ်ပါ့မယ်၊ ဒီကောင် ကျုပ်ဆီကို မလာတာတော့ အသေအချာပါပဲ"





ဟု တောင်းပန်လေ၏။ ထိုအခါ သူဌေးဦးကျင်ဝမ်က လက်ကာပြ၍

" ဒီမှာ ခင်ဗျားဆီကို ဒီကောင်ရောက်မလာတာ ကျုပ်တို့သိတယ်၊ ဒါကြောင့် ခင်ဗျားကို အသက်ချမ်းသာပေးတယ်မှတ်ပါ၊ ဒီကောင့်ရဲ့အရိပ်အယောင်ကို မြင်ရင်တော့ ကျုပ်တို့ကို ချက်ချင်းအကြောင်းကြားရမယ်၊ ကြားလား၊ ခင်ဗျားအသက်က ဖျက်ကွက်ရင်တော့ "

ဟု ဆိုကာ တရုတ်သူဌေးကျင်ဝမ်က အနှိပ်ဆရာကြီး ဦးဘဦးအား လည်ပင်းဖြတ်မည့်အမူအရာကို လုပ်ပြလိုက်လေသည်။

အနှိပ်ဆရာကြီးသည် အထိတ်ထိတ်အလန့်လန့်ဖြင့်

" စိတ်ချပါ သူဌေးမင်းရယ်၊ ကျုပ် ဒီကောင့်ကို တွေ့တွေ့ခြင်း မရရအောင်ဖမ်းပြီးတော့ သူဌေးမင်းဆီကို ရောက်အောင်ပို့ပေးပါ့မယ် "

ဟု အထိတ်ထိတ် အလန့်လန့်ဖြင့်ပြောကာ ထိုနေရာမှ ထွက်သွားလေ၏။

တရုတ်သူဌေးကျင်ဝမ်က အနီးတွင်ရပ်နေသော စားပွဲထိုး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဘတုတ်ဘက်သို့လှည့်၍

" ယောကောင်၊ မင်း ငါ့အနားမှာ ဘာလို့ အရှုပ်ကြီးလိုရပ်နေတာလဲ၊ စံရှားကို မရရအောင်ဖမ်းပြီးတော့ သူ့ဆီက ပြည်ကြီးတံခွန်ပတ္တမြားကို ရအောင်ယူပြီး ငါ့ဆီလာပေး "

ဟု ပြောလေရာ စားပွဲထိုးခေါင်းဆောင်က ခေါင်းညိတ်၍

" ပြည်ကြီးတံခွန် ပတ္တမြားကြီး စံရှားဆီက ပြန်ရရင် သူဌေးကြီး ဦးရွှေတလုတ်လက်ထဲကို မအပ်ရဘူးလား "

ဟု ရှင်းလင်းအောင် မေးမြန်းလိုက်လေသည်။

ထိုအခါ တရုတ်သူဌေးကျင်ဝမ်က ခေါင်းခါယမ်း၍

" ဦးရွှေတလုတ်ဆီ အပ်စရာမလိုဘူး၊ ငါ့ဆီကိုပဲ အပ်ရမယ် "

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။





အနိုဝ်သည် ဦးဘဦးသည် ရွှေကျွန်းပျော်ပွဲစားရုံမှ အထိတ်တလန့်ဖြင့် ပြန်လာပြီးနောက် သူ၏တဲအိမ်ကလေးသို့ ပြန်ရောက်သောအခါ စံရှား၏ ထူးခြားသော အပြုအမူကိုတွေ့၍ အံ့ဩနေလေ၏။

စံရှားသည် အကျင့်စာရိတ္တကောင်းမွန်သော လူငယ်လေးဖြစ်ပြီး သူတစ်ပါးပစ္စည်းကို မည်သည့်အခါမှ ရယူလေ့မရှိချေ။

ယခု စံရှားကဲ့သို့ ရိုးသားသော လူငယ်လေးတစ်ယောက်က ရွှေကျွန်းပျော်ပွဲစားရုံမှ ပြည်ကြီးတံခွန် ပတ္တမြားကို ခိုးယူသွားသည်ဆိုသဖြင့် အလွန်အံ့ဩနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



စံရှား အမှန်တကယ်ပင် ပြည်ကြီးတံခွန်ပတ္တမြားကို ခိုးယူသွားခြင်းလော၊ သို့မဟုတ် သူတစ်ပါးက ခိုးယူပြီး စံရှားအား ဓါးစာခံဖြစ်အောင် ပြုလုပ်ထားခြင်းလောဟု တွေးတောမိ၏။

မည်သို့ဖြစ်စေ စံရှားအား မိမိရအောင် ရှာဖွေပြီး ပြည်ကြီးတံခွန် ပတ္တမြားကြီး မိမိလက်သို့ရောက်လျှင် ပတ္တမြားကြီးကိုယူ၍ မြိတ်မြို့မှခြေရာဖျောက်ပြေးပြီး တစ်ဘက်နိုင်ငံတွင် သူဌေးကြီးလုပ်လို့ ရမည်ဟု တွေးမိလေသည်။

ထို့ကြောင့် စံရှားအား မရရအောင် ရှာဖွေပြီး ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ရယူရန် ဆုံးဖြတ်လိုက်၏။

ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ရအောင်ကြိုးစားရင်း အခြေအနေမလှလျှင် တစ်ချက်ခုတ် နှစ်ချက်ပြတ်အနေဖြင့် တရုတ် သူဌေးကျင်ဝမ်၏လက်သို့အပ်ပြီး ကျင်ဝမ်ထံမှ ဆုငွေကို ထုတ်ယူ နိုင်၏။

ပတ္တမြားကြီးအား မိမိလက်သို့ လွတ်လွတ်ကျွတ်ကျွတ် ရရှိလျှင် ပတ္တမြားကြီးကို အရယူ၍ တစ်ဘက်နိုင်ငံသို့ သွားရောက် တိမ်းရှောင်နိုင်ကြောင်း ရိပ်စားမိ၏။





ထို့ကြောင့် စံရှားအား မရရအောင် ရှာဖွေရန် ဆုံးဖြတ်လိုက် ၏။

အနိပ်ဆရာ ဦးဘဦးသည် စိတ်အားတက်ကြွလာပြီး စံရှား ရှိနိုင်မည့် နေရာများကို တစ်ခုပြီးတစ်ခု စဉ်းစားလေသည်။

ထိုသို့စဉ်းစားရင်း စံရှား၏သူငယ်ချင်း ရွှေရိုးကို သတိရလိုက် ၏။

စံရှားသည် ရွှေရိုးနှင့် အလွန်ခင်မင်ပြီး ပြဿနာဖြစ်လာလျှင် ရွှေရိုးထံသို့ သွားနိုင်ကြောင်း ရိပ်စားမိလိုက်၏။

ထို့ကြောင့် ရွှေရိုး၏နေအိမ်သို့ ညကြီးမင်းကြီး ရောက်အောင် သွားလေ၏။

ထိုအချိန်၌ ရွှေရိုး၏ပထွေး အရက်သမားကြီးသည် အမူးလွန် ၍ အိပ်ပျော်နေလေသည်။

အနိပ်ဆရာ ဦးဘဦးသည် ရွှေရိုး၏တဲအိမ်ကလေးထဲတွင် လှည့်လည်ရှာဖွေသော်လည်း ရွှေရိုးကိုမတွေ့ရဘဲ အမူးသမားကို သာ တွေ့ရသဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

"သေချာပြီ၊ စံရှား ရွှေရိုးကိုခေါ်ပြီး ဒီနေရာကနေ ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ပြီ ထင်တယ်၊ ဒီကောင်တွေ ဘယ်ကိုပြေးနိုင်မလဲ၊ ငါ့အထင်တော့ ဆိပ်ကမ်းတစ်ဝိုက်မှာပဲ ခိုအောင်းနေလိမ့်မယ်၊ ဆိပ်ကမ်းဘက်မှာ လိုက်ရှာကြည့်မယ်"

ဟု တွေးကာ စံရှားတို့ရှိမည်ထင်သော ဆိပ်ကမ်းတစ်ဝိုက်တွင် လှည့်လည်ရှာဖွေလေသည်။

တစ်နေရာသို့ရောက်သောအခါ လူတစ်စုသည် လက်နှိပ်ဓါတ်မီးတဝင်းဝင်းဖြင့် အနှိပ်ဆရာ ဦးဘဦးအနီးသို့ ရောက်ရှိလာပြီး ဦးဘဦး၏မျက်နှာကို မသက်သာဟန်ဖြင့် ထိုးကာ

"ဘယ်သူများလဲလို့ အနှိပ်ဆရာကြီးပါလား၊ ဘာလဲ ခင်ဗျားရဲ့တူ စံရှားကို လိုက်ရှာနေတာလား၊ ဆိပ်ကမ်းတစ်ဝိုက်မှာ ရှာမနေနဲ့၊ အမှောင်ပြီး သေသွားလိမ့်မယ်၊ ကျုပ်တို့ရှာတာ နှံ့နေပြီ၊ လုံးဝမတွေ့ဘူး"

ဟု ပြောကာ အနှိပ်သည်ဆရာကြီးကို အထင်သေးဟန်ဖြင့် ကြည့်ပြီး ထွက်ခွာသွားလေ၏

ထိုသူများသည် ရွှေကျွန်းပျော်ပွဲစားရုံမှ စားပွဲထိုးများဖြစ်လေ၏။ အနှိပ်ဆရာကြီး ဦးဘဦးက မိမိအား အထင်သေးဟန်ဖြင့်





ပြောသွားသော လူငယ်များကို ကြည့်၍ တောက်ခေါက်လိုက်ပြီး

" တောက်... မင်းတို့ငယ်ပါသေးတယ်ကွာ၊ ငါဟာ မြိတ်မှာမွေးပြီး မြိတ်မှာကြီးလာတဲ့ကောင်ကွ၊ မြိတ်ရဲ့ဆိပ်ကမ်းအကြောင်းကို မင်းတို့ထက် ငါ အများကြီး ပိုပြီးတော့သိတယ်"

ဟု ကြုံးဝါးကာ ထိုနေရာမှ နောက်ကြောင်းပြန်လှည့်ခဲ့လေသည်။

သူသည် တူဖြစ်သူ စံရှားအား မရရအောင်ရှာမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ စံရှားသည် အိပ်ရာမှ အစောဆုံးနိုးလေ၏။

စံရှား အိပ်ရာမှနိုးပြီးနောက် ကုလားကျားအောင်မိုး သည် အိပ်ရာမှထလာကာ စံရှားတို့ စားသောက်နိုင်ရန် ထမင်းကြမ်းနှင့် အကြော်များကို စီစဉ်ပေးလေ၏။

စံရှားတို့ နံနက်စာစားပြီးနောက် ကုလားကျားအောင်မိုးက

" ငါ မြို့ထဲကိုသွားပြီး စနည်းနာကြည့်လိုက်ဦးမယ်၊ အခြေအနေထူးရင် မင်းတို့ကို ပြန်ပြီးအကြောင်းပြန်မယ် "

ဟု ပြောကာ အိမ်ကလေးမှ ထွက်ခွာသွားလေ၏။

ကုလားကျားအောင်မိုး၏နောက်ကျောကိုကြည့်၍ ရွှေရိုးက

" ဒီကောင် စိတ်ချရပါ့မလား၊ ငါတို့သတင်းကို ရွှေကျွန်း ပျော်ပွဲစားရုံမှာ သွားပို့လိုက်ရင် ဒုက္ခပဲ "

ဟု ညည်းညူလေ၏။

စံရှားက သက်ပြင်းချ၍

" အောင်မိုးက ဒီလိုလူစားမျိုး မဟုတ်ပါဘူး၊ သူ့အမေ အသည်းအသန်ဖြစ်တုန်းက ငါရဲ့ မရှိမဲ့ရှိမဲ့ငွေလေးတွေကိုစုပြီးတော့





သူ့ကိုသွားပြီး ကူညီခဲ့ဖူးတယ်၊ အောင်မိုးက ငါ့ကျေးဇူးကို မမေ့ဘူး လို့ပြောတယ်၊ ဒီအချိန်မှာ သူ ငါ့ရဲ့ကျေးဇူးကို ပြန်ဆပ်မယ်လို့ ငါထင်တယ်၊ ဘာပဲဖြစ်ဖြစ် လူဆိုတာ လောဘသားဖြစ်တဲ့အတွက် ကိုယ်ကကျူး တိုယ့်ဒူး ကိုယ်တောင်မယုံနိုင်ဘူး၊ ငါတို့ရဲ့ကံပေါ့ကွာ"

ဟု ပြောရင်း ပြတင်းပေါက်မှ အပြင်သို့ ချောင်းမြောင်း ကြည့်နေလေ၏။

ခဏကြာလျှင် တဲအိမ်ကလေးသို့ ကုလားကျားအောင်မိုး ပြန်လည်ရောက်ရှိလာပြီး မျက်လုံးပြူး၊ မျက်ဆန်ပြူးနဲ့

" ဆိပ်ကမ်းတစ်လျှောက်လုံးမှာ ရွှေကျွန်းသူဌေးရဲ့လူတွေ ရော၊ ဦးရွှေတလုတ်ရဲ့လူတွေရော ပြည့်ကျပ်နေတာပဲ၊ မြို့ထဲမှာ ဟိုသည်သွားလာ ရှာဖွေနေတဲ့လူတွေရှိတယ်၊ မင်းတို့အတွက် ဒီမြို့က ထွက်ပြေးဖို့မလွယ်ဘူးနဲ့တူတယ် "

ဟု ပြောလေ၏။

စံရှားက မျက်မှောင်ကြုတ်၍

" ဘာပဲဖြစ်ဖြစ် ငါတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားပြီး တော့ ဒီမြို့ကလွတ်အောင် ပြေးရမှာပဲ၊ ငါတို့အသက်ထက် ပြည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တံခွန်ပတ္တမြားကြီးက ပိုအရေးကြီးတယ်၊ သူတို့လက်ထဲကို ပြည်ကြီးတံခွန်ပတ္တမြားကြီး ပြန်ရောက်သွားရင် ငါတို့တိုင်းပြည်ရဲ့ နန်းစဉ်ရတနာတွေ ပြည်ပကိုရောက်သွားမှာပဲ ''

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက ဝင်ရောက်၍

'' ငါတို့ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ပုလိပ်လက်သွားအပ်လိုက်ရင် မကောင်းဘူးလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ အောင်မိုးက ကမန်းကတန်းလက်ကာ၍

'' ဒီလိုလုပ်လိုက်ရင် မင်းတို့နှစ်ယောက် သူခိုးဆိုပြီးတော့ ထောင်ထဲဝင်ရမှာပေါ့၊ တရုတ်သူဌေး ကျင်ဝမ်တို့အဖွဲ့က ကိုလိုနီခေတ်ပုလိပ်တွေကို ခါးပိုက်ထဲထည့်ထားတဲ့ကောင်တွေကွ ''

ဟု ပြောလေရာ စံရှားက

'' ဟုတ်တယ်၊ ပုလိပ်လက်အပ်လို့တော့ လုံးဝမဖြစ်နိုင်ဘူး။ ငါတို့ မင်းရဲ့အိမ်မှာ ခိုအောင်းနေပြီးတော့ အခွင့်သာရင် ဒီမြို့က ထွက်ပြေးမှဖြစ်မယ်၊ မင်းမှာ အဆက်အသွယ်မရှိဘူးလား ''





ဟု မေးမြန်းလေ၏။ ထိုအခါ အောင်မိုးက လက်ဖြောက်တီး၍

'' အခုမှ သတိရတယ်၊ မင်းတို့ကို ဒီမြို့ကနေ ခေါ်သွားပေးမဲ့ လှေသူကြီး ဦးဘာဘူရှိသားပဲ၊ ဦးဘာဘူနဲ့ငါက သိပ်ခင်တယ်၊ ဦးဘာဘူက လူထူးလူဆန်းကြီးကွ၊ သူလုပ်ချင်တဲ့အလုပ်ဆိုရင် ဘယ်အလုပ်မဆို တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်မဲ့လူကြီးပဲ၊ သူ့ကို အကျိုးအကြောင်း ဖွင့်ပြောပြီး အကူအညီတောင်းရင် ရနိုင်တယ်၊ ခက်တာက မင်းတို့ကို ဦးဘာဘူရှိတဲ့ စက်လှေဆီကို ခေါ်သွားဖို့ ခက်နေတာပဲ ''

ဟု ပြောလေ၏။

ထိုအခါ စံရှားက

'' ငါတို့ ညဘက် ဦးဘာဘူရဲ့ စက်လှေဆီကို သွားလို့ရတာပဲ ''

ဟု ပြောလေရာ ကုလားကျားအောင်မိုးက

'' ညဘက်ဆိုရင် အစောင့်တွေ ပိုများလိမ့်မယ်၊ ငါတို့ကိုအိမ်းမှာမိသွားရင် အားလုံး ပြေးပေါက်ပိတ်သွားလိမ့်မယ်၊ ခေါကြာ



www.burmeseclassic.com

www.burmeseclassic.com



ရင် ငါ့ရဲ့အိမ်မှာ ကုလားကျားလှည့်မဲ့အဖွဲ့ဝင်တွေ ရောက်လာကြမယ်၊ ငါတို့ ဒီနေ့ ကုလားကျားလှည့်ပြီး အလှူခံဖို့ ဆုံးဖြတ်ထားတယ်၊ မကြာမီ ငါ့ဆီကို ဒရမ်တီးတဲ့အဖွဲ့တွေ ရောက်လာတော့မယ်၊ သူတို့ရောက်မလာမီ မင်းတို့ကို လုံခြုံတဲ့နေရာမှာ သွားထားမှဖြစ်မယ် ”

ဟု ပြောလေ၏။

ထိုအခါ စံရှားက တစ်စုံတစ်ရာကို တွေးလိုက်မိပြီး ဝမ်းသာအားရဖြင့်

“ ဟုတ်ပြီ၊ ငါတို့ ဒီကနေ ထွက်သွားဖို့ နည်းလမ်းတစ်ခုကို တွေ့ပြီ၊ ငါတို့နှစ်ယောက် ကုလားကျားဝင်ကရင် မကောင်းဘူးလား၊ ကုလားကျားကဖို့အတွက် သဘော်ဆေးနဲ့ ဒီဇိုင်းတွေ ခြယ်ထားရင် ငါတို့ကို ဘယ်သူမှ မှတ်မိမှာမဟုတ်တော့ဘူး၊ ကုလားကျားလှည့်ရင်းနဲ့ ဆိပ်ကမ်းဘက်ကိုရောက်တဲ့အခါ ငါတို့နှစ်ယောက် ခြေရာဖျောက်ပြီးတော့ မင်းပြောတဲ့ ဦးဘာဘူဆီကို ရောက်အောင်သွားကြမယ် ”

ဟု ပြောလေရာ ကုလားကျားအောင်မိုးက သဘောကျဟန်





ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

“ မင်းပြောတဲ့အကြံ သိပ်ကောင်းတာပဲ၊ ဒါဆိုရင် ငါ မနက်စောစော ဦးဘာဘူဆီကိုသွားပြီး ကုလားကျားနှစ်ကောင်လာရင် ခဏထိန်းထားပါလို့ မှာထားမယ်၊ ပြောနေကြာတယ်ကွာ၊ အချိန်မရှိတော့ဘူး၊ ငါ အခုပဲသွားမှဖြစ်မယ် ”

ဟု ပြောကာ အိမ်ကလေးမှ ထွက်သွားလေ၏။

ခဏကြာလျှင် ကုလားကျားအောင်မိုး ပြန်လည်ရောက်ရှိလာပြီး လှေသူကြီး ဦးဘာဘူအား ကုလားကျားနှစ်ကောင်အား ထိန်းသိမ်းထားရန် မှာကြားထားကြောင်း ပြောလေ၏။

ထို့နောက် အောင်မိုးသည် စံရှားနှင့် ရွှေရိုးအား အဝတ်အစားများကို ချွတ်စေပြီး ၎င်းတို့၏ ကိုယ်ခန္ဓာတွင် ကုလားကျားလှည့်ရန်အတွက် သဘော်ဆေးဖြင့် ကျားပုံစံရေးခြယ်လေ၏။

ထိုအခါ စံရှားက

“ ငါ့ကို ကျားထီးပေးလုပ်ပါ၊ ဟောဒီက ရွှေရိုးကိုတော့ ကျားမ,ဖြစ်အောင် လုပ်လိုက်ပါ ”

ဟု ပြောလေရာ ရွှေရိုးက မကျေမချမ်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဟာ… ငါလည်း ကျားထီးပဲလုပ်မယ်၊ ကျားမ မလုပ်နိုင်ပါဘူး "

ဟု ငြင်းဆိုလေ၏။

ထိုအခါ ကုလားကျားအောင်မိုးသည် စံရှားနှင့် ရွှေရိုးနှစ်ယောက်စလုံးအား ကျားထီးများအဖြစ် ဆေးခြယ်သပေးလေ၏။

ထို့နောက် ၎င်းတို့သည် ထွက်ပြေးနိုင်ရန် နည်းလမ်းများကို ဆွေးနွေးကြလေ၏။ ခဏကြာလျှင် ကုလားကျားလှည့်ရန် ဒရမ်တီးမည့်သူများ ရောက်ရှိလာ၏။

၎င်းတို့ ဒရမ်သံကို တဒိုင်းဒိုင်းတီး၍ ကုလားကျားခေါင်းဆောင် အောင်မိုးထံသို့ ရောက်ရှိလာလေ၏။

ထို့နောက် ကုလားကျားလှည့်မည့်သူများ တဖွဲဖွဲ ရောက်ရှိလာ၏။ ကုလားကျားလှည့်မည့်သူများအား အောင်မိုးက ကျားပုံစံများကို တစ်ယောက်ပြီးတစ်ယောက် ရေးဆွဲပေးလေ၏။

ပြီးနောက် ကုလားကျားလှည့်မည့်သူများအား ရွှံ့တံခမ်းတွင် ဆေးနီခြယ်သပေးရလေ၏။ ကုလားကျားများကို ဆေးနီနှင့်ခြယ်သပြီးနောက် ကုလားကျားလှည့်ရန် အဆင်သင့်ဖြစ်လေ၏။





ထို့နောက် ဒရမ်တီးသူများက ဒရမ်ကို တဒိုင်းဒိုင်းမြည်အောင် စတင်တီးခတ်လေ၏။

ထိုအခါ ဒရမ်သံကြောင့် ကုလားကျားများ စိတ်အားတက်ကြွလာပြီး စတင်၍ ကလေတော့၏။ ကုလားကျားများသည် ကျွမ်းထိုးခြင်း၊ လေပေါ်တွင် တစ်ပတ်ကျွမ်းပစ်ခြင်း စသည်ဖြင့် ကျားစိတ်ကျားမာန်အပြည့်ဖြင့် ကကြလေ၏။

စံရှားနှင့် ရွှေရိုးသည် ကုလားကျားများ၏ကြား၌ ကျွမ်းထိုးခြင်း၊ တစ်ပတ်ကျွမ်းပစ်ခြင်းတို့ကို ဝင်ရောက်ပြုလုပ်လေ၏။

ထို့နောက် ကုလားကျားများသည် မြို့ထဲတွင် လှည့်လည်၍ကပြရင်း အလှူခံသွားနေလေ၏။

မြိတ်မြို့ရှိ လူများသည် ကုလားကျားလှည့်လာလျှင် အလွန်သဘောကျပြီး စိတ်လှုပ်ရှားစွာဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏။

ထို့နောက် ၎င်းတို့အား အလှူငွေများလည်း ထည့်ကြလေ၏။

ဤသို့ဖြင့် ကုလားကျားအဖွဲ့ဝင်များသည် မြို့ထဲတွင် လှည့်လည်၍ အလှူခံသွားလေ၏။ မူလက ကုလားကျားလှည့်ရန် လူ (၇) ဦးသာ ရည်မှန်းထားသော်လည်း စံရှားနှင့် ရွှေရိုးပါ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာသည့်အတွက် ကုလားကျားလှည့်သည့်သူ (၉) ဦး ဖြစ်သွားလေ၏။

စံရှားနှင့် ရွှေရိုးသည် အမှန်တကယ် ကျားစိတ်မဝင်ဘဲ ဟန်ဆောင်၍ ကုလားကျားလှည့်လည်သည်ဖြစ်ရာ ကြည့်ရှုနေသူများသည် စံရှားနှင့် ရွှေရိုးအား အသက်မဝင်သော ကုလားကျားများအဖြစ် ဝေဖန်ရှုတ်ချကြလေ၏။

ထို့နောက် ကုလားကျားအဖွဲ့၏ခေါင်းဆောင် အောင်မိုးက ကုလားကျားများကို ကမ်းနားဘက်သို့ လှည့်လည်၍ ကပြသွားမည်ဖြစ်ကြောင်း ပြောလေ၏။

ကမ်းနားသို့ရောက်သောအခါ စံရှားနှင့် ရွှေရိုးသည် ကြိုတင်ကြံစည်ထားသည့်အတိုင်း ကုလားကျားကရင်း လှုအုပ်ထဲသို့ ပြေးဝင်သွားလေ၏။

ထိုအခါ လူအုပ်သည် ၎င်းတို့အား ကိုက်ခဲမည်ဟု ယူဆကာ ထိုနေရာမှ ခွာ၍ ပြေးကြလေ၏။

ထိုအခါ လူစုလူဝေးကြီးတစ်ခုလုံး ဗရုတ်ဗရက်ဖြစ်သွားလေ၏။ စံရှားသည် ထိုအခွင့်အရေးကို အရယူ၍ လူအုပ်ထဲမှ





ဖောက်ထွက်ပြီး ပြေးလွှားသွားလေ၏။

ထိုအခါ ကုလားကျားနှစ်ကောင် ထွက်ပြေးသွားသည်ဟု အုတ်အော်သောင်းတင်း ဆိုကြလေ၏။

စံရှားနှင့် ရွှေရိုးသည် ကုလားကျားကရင်း ထွက်ပြေးရာ ဆိပ်ကမ်းရှိ လူသူနည်းပါးသော ဂိုဒေါင်များအနီးသို့ ရောက်ရှိလာလေ၏။

ထိုနေရာသို့ရောက်သောအခါ ၎င်းတို့သည် ကြိုတင်ကြံစည်ထားသည့်အတိုင်း အဝတ်အစားများကို လဲလှယ်ဝတ်ဆင်၍ မျက်နှာပေါ်ရှိ ကုလားကျားလှည့်ရန် ခြယ်သထားသော ဆေးများကို ဖျက်ကြလေ၏။

ထို့နောက် ဆိပ်ကမ်းရှိ တိမ်ပျံဆိုသော စက်လှေကို ရှာဖွေလေ၏။ တိမ်ပျံစက်လှေကိုတွေ့သောအခါ စက်လှေပေါ်မှ ပိန်လိုလို အဘိုးကြီးတစ်ဦး ဆင်းလာပြီး

" စံရှားနဲ့ ရွှေရိုးဆိုတဲ့ ကုလားကျားနှစ်ကောင်ဟာ မင်းတို့မဟုတ်လား၊ ငါ့နောက်လိုက်ခဲ့ "

ဟု ဆိုကာ ၎င်းတို့အား စက်လှေပေါ်သို့ခေါ်ဆောင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



၏။

ထိုနောက် စက်လှေဝမ်းဗိုက်အတွင်းသို့ ခေါ်ဆောင်သွားပြီး ဝမ်းဗိုက်အတွင်းရှိ ဗီရိုကြီးတစ်လုံးကို ဖွင့်၍

" မင်းတို့နှစ်ယောက် လောလောဆယ် ဒီဗီရိုထဲကို ဝင်ပြီး နေကြ၊ မင်းတို့စားသောက်ဖို့အတွက် ရေနဲ့ပေါင်မုန့်ကို ဗီရိုထဲမှာ ငါထည့်ပေးမယ်၊ ခဏတော့ သည်းခံပြီးနေကြပေါ့ကွ၊ ဒီဗီရိုကို ငါကလော့ပြီး ဘယ်သူမှမဖွင့်ဘူးကွ၊ ဒီစက်လှေပေါ်က အလုပ်သမား တွေ ကုလားကျွားလှည့်လို့ သွားကြည့်နေကြတယ်၊ ခဏကြာရင် သူတို့ပြန်လာလိမ့်မယ်၊ သူတို့ပြန်လာတာနဲ့ ငါတို့စက်လှေကို ဒီကနေထွက်မယ် "

ဟု ပြောကာ စံရှားနှင့် ရွှေရိုးအား ဗီရိုကြီးအတွင်း ဝင်ရောက် ပုန်းအောင်းနေစေပြီး ရေနှင့်ပေါင်မုန့်များကို ဗီရိုအတွင်းသို့ ထည့်ပေး လိုက်လေ၏။

ဗီရိုကြီးသည် အလွန်ကြီးမားသဖြင့် စံရှားနှင့်ရွှေရိုးတို့ နှစ်ယောက် ဗီရိုထဲတွင် ကောင်းစွာနေထိုင်နိုင်လေ၏။ ခဏကြာလျှင် တိမ်ပျံစက်လှေရှိ အလုပ်သမားများ ပြန်လည်ရောက်ရှိလာပြီး





ကုလားကျွားလှည့်ရာတွင် ကျွားနှစ်ကောင် ထွက်ပြေးသွားကြောင်း ပြောဆိုနေလေတော့၏။

ထိုအခါ ပိန်လှီလှီလူကြီးက စက်လှေထွက်ရန် အမိန့်ပေး လိုက်လေတော့၏။ ထိုအချိန်၌ စံရှား၏ဦးလေး အနိပ်သည်ကြီး ဦးဘဦးသည် စိတ်ညစ်ညစ်နှင့် မြို့တစ်နေရာရှိ အရက်ဆိုင်၌ အရက် တစ်ခွက်ပြီးတစ်ခွက် မော့နေလေ၏။

ထိုသို့မော့ရင်း စံရှားနှင့် ရွှေရိုးတို့ မည်သည့်နေရာတွင် ရှိနိုင်ကြောင်း တွေးတောနေလေ၏။

ထိုအချိန်မှာပင် ဆိုင်အတွင်းသို့ ဝင်လာသော အရက်သမား တစ်ဦးသည် ကုလားကျွားလှည့်သည့်အကြောင်းကို ပြောဆိုရင်း ကုလားကျွားလှည့်ရာတွင် ကျွားနှစ်ကောင် ဆိပ်ကမ်းဘက်သို့ ထွက် ပြေးသွားကြောင်း ကောလဟာလအနေဖြင့် ပြောဆိုနေလေ၏။

စံရှား၏ဦးလေး အနိပ်သည်ကြီး ဦးဘဦးသည် ထိုသတင်းကို ကြားသောအခါ အလွန်စိတ်လှုပ်ရှားသွားပြီး ထိုအရက်သမားထံသို့ သွား၍

" ဆိပ်ကမ်းမှာ ကုလားကျွားလှည့်တဲ့ ကျွားနှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်သွားတယ် ဟုတ်လား၊ ခင်ဗျားပြောတာ တကယ်လားဗျာ"

ဟု ပြောလေရာ အရက်သမားက

" ကျုပ်တို့လည်း မမြင်ပါဘူးဗျာ၊ ကုလားကျားနှစ်ကောင် ဆိပ်ကမ်းဘက်ကို လွှတ်သွားတယ်လို့ဆိုပြီး ပြောနေကြတယ် "

ဟု ပြောလေ၏။

ထိုအခါ အနိပ်သည်ကြီး ဦးဘဦးသည် စံရှားတို့၏ သူငယ်ချင်း ကုလားကျားအောင်မိုးအကြောင်းကို သတိရလိုက်လေ၏။

ထို့နောက် စံရှားနှင့် ရွှေရိုးတို့ ကုလားကျားများအဖြစ် ဟန်ဆောင်ပြီး ထွက်ပြေးနိုင်သည်ဟု ဆက်စပ်တွေးတောသိသွားပြီး လက်သီးဆုပ်၍

" ဟာ… ဒီကောင်တွေ ဘယ်ကိုပြေးတယ်ဆိုတာ ငါအခုမှ သိတော့တယ် "

ဟု ရေရွတ်ကာ ဆိပ်ကမ်းဘက်သို့ ကမန်းကတန်း ထွက်ပြေးသွားလေတော့၏။

ဆိပ်ကမ်းသို့ရောက်သောအခါ အနိပ်သည် ဦးဘဦးသည်





ဆိပ်ကမ်း၌ အတင်းအဖျင်းမျိုးစုံကိုသိကျွမ်းသည့် ဦးစောဆိုသည့် အဘိုးကြီးကို သတိရလိုက်လေ၏။

ဦးစောသည် ဆိပ်ကမ်းသို့ဝင်ရောက် စက်လှေများတွင် ကူညီ လုပ်ကိုင်ပေးရင်း ဝမ်းရေးကို ရှာဖွေနေသူဖြစ်၏။ ဦးဘဦးသည် ဦးစောထံတွင် သွားရောက်မေးမြန်းရန် ကြံစည်လိုက်၏။

ထို့ကြောင့် ဦးစောရှိရာ ဆိပ်ကမ်းရှိ ဂိုဒေါင်ပျက်ကြီးရှိရာသို့ ထွက်ခဲ့လေ၏။ ဂိုဒေါင်ပျက်ကြီးနံဘေးရှိ သွပ်များကာရံထားသော နေရာ၌ ဦးစော အရက်သောက်နေလေ၏။

အနိပ်ဆရာဦးဘဦးက မြို့ထဲ၌ လှည့်လည်သော ကုလားကျားနှစ်ကောင်လွှတ်ပြီး ဆိပ်ကမ်းဘက်သို့ ထွက်ပြေးလာခြင်းကို သိမသိ မေးမြန်းလေ၏။

ထိုအခါ ဦးစောက အရက်တစ်ခွက်ကို မော့သောက်လိုက်ရင်း

" ဘာလို့မသိရမှာလဲ၊ ကုလားကျားတွေ ဘယ်ရောက်သွားတယ် ဆိုတာတောင် ကျုပ်ကသိသေးတယ် "

ဟု ပြောလေ၏။ ဦးစော၏စကားကြောင့် ဦးဘဦးသည် စိတ်လှုပ်ရှားသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဘာ… ကုလားကျားတွေ ဘယ်ရောက်သွားတယ်ဆိုတာ ခင်ဗျားသိတယ် ဟုတ်လား၊ ကျုပ်ကို မြန်မြန်ပြောစမ်းပါဗျာ၊ သိချင်လို့ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးစောက အရက်တစ်ခွက်ကို ဦးဘဦးရှေ့သို့ တိုးပေးလိုက်ပြီး

" အေးအေးဆေးဆေး အရက်သောက်စမ်းပါဗျာ၊ ခင်ဗျားကို ကျုပ် ဒကာခံပါ့မယ်၊ ဘာဖြစ်လို့ ကိုယ်နဲ့မဆိုင်တဲ့ ကုလားကျားတွေ အကြောင်းကို သိချင်နေရတာလဲ "

ဟု ပြောလေ၏။ ထိုအခါ စိတ်လှုပ်ရှားနေသော ဦးဘဦးကြီးမှ က

" မဟုတ်ပါဘူးဗျာ၊ မြို့ထဲက ထွက်ပြေးလာတဲ့ ကုလားကျားတွေ ဆိပ်ကမ်းဘက်ကို ရောက်နေတယ်ကြားလို့ ခင်ဗျားကို သိချင်လွန်းလို့ မေးရတာပါ "

ဟု ပြောလေ၏။

ထိုအခါ ဦးစောက အရက်ကို တစ်ငုံသောက်လိုက်၍





" ကုလားကျားတွေ မြို့ထဲက လွတ်လာပြီး တိမ်ပျံစက်လှေပေါ်ကို တက်သွားတယ်ထင်တယ်၊ ဒီကောင်တွေ ကုလားကျားကရင်း ဘာဖြစ်လို့ တိမ်ပျံပေါ်ရောက်သွားရသလဲဆိုတာ ကျုပ် အံ့ဩနေတယ်၊ ဟောဒီနေရာမှာ အရက်ထိုင်သောက်နေတုန်း ဒီကောင်တွေ အဝတ်အစားလဲပြီး တိမ်ပျံပေါ်ကိုတက်သွားတာ မြင်လိုက်တယ်၊ တိမ်ပျံကလှေသူကြီး အဘိုးကြီးက သူတို့ကို လာခေါ်တာကွ၊ ဒါဟာ အတော်အံ့ဩစရာပဲ "

ဟု ပြောလေရာ အနိုပ်ဆရာ ဦးဘဦးသည် အလွန်စိတ်လှုပ်ရှားသွားပြီး

" ဟင်… ဒါဆိုရင် တိမ်ပျံဘယ်မှာလဲ ကျုပ်မမြင်ရပါလား "

ဟု မေးမြန်းလေ၏။

ထိုအခါ အရက်ကိုးကြီးက

" တိမ်ပျံ စောစောကတင်ထွက်သွားပြီဗျ "

ဟု ပြောလေ၏။

ထိုအခါ အနှိပ်ဆရာ ဦးဘဦးကြီးသည် သူ၏မျှော်လင့်ချက်



www.burmeseclassic.com

www.burmeseclassic.com



များ ပြို့ပျက်သွားသယောင် ခံစားလိုက်ရ၏။

သူသည် ပြည်ကြီးတံခွန် ပတ္တမြားကြီး၏ တန်ဖိုးရှိပုံကို ရိပ်စားမိသဖြင့် ရွှေရိုးနှင့်စံရှားအား မရရအောင် ရှာဖွေပြီး ပြည်ကြီးတံခွန် ပတ္တမြားကြီးကို သိမ်းပိုက်ရန် ကြံစည်ထား၏။

သို့သော် စံရှားတို့နှစ်ယောက် မြို့တ်မြို့မှ စက်လှေဖြင့် ထွက်ပြေးသွားကြောင်း သိလိုက်ရသဖြင့် ပတ္တမြားကြီးကို သိမ်းပိုက်ရန် အကြံအစည်မှု ကို လက်လျှော့လိုက်ရလေ၏။

သူသည် ကောင်းထောက်မပြီး ပတ္တမြားကြီးကိုရလျှင် တစ်ဘက်နိုင်ငံသို့ သွားရောက်ခိုဝင်ကာ ပတ္တမြားကြီးကို ရောင်းချ၍ စည်းစိမ်ချမ်းသာခံစားမည်ဟု စိတ်ကူးယဉ်ခဲ့၏။

ယခုတော့ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို မတရားသိမ်းပိုက်ရန် မဖြစ်နိုင်တော့ချေ။ သူသည် ရွှေရိုးနှင့် စံရှား၏သတင်းကို ပျော်ပွဲစားရုံပိုင်ရှင် သူဌေးကျင်ဝမ်အား ပေးမည်ဆိုပြီး ရသမျှငွေကို ညှစ်ရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ရွှေကျွန်းပျော်ပွဲစားရုံရှိရာသို့ ခပ်သုတ်သုတ် ထွက်ခဲ့လေ၏။





တရုတ်သူဌေးကျင်ဝမ်နှင့်တွေ့သောအခါ

" ကျုပ်တူ စံရှားနဲ့ရွှေရိုးဆိုတဲ့ကောင် ဘယ်ကိုထွက်ပြေးသလဲဆိုတာ ကျုပ်သိပြီ "

ဟု ပြောလေရာ တရုတ်သူဌေးကျင်ဝမ်သည် အလွန်စိတ်လှုပ်ရှားသော အမူအရာဖြင့်

" ပြောစမ်း အဘိုးကြီး၊ သူတို့နှစ်ယောက် ဘယ်ကိုထွက်ပြေးသွားလဲ၊ ကျုပ်ကို မြန်မြန်ပြောစမ်း "

ဟု ပြောလေရာ အနှိပ်ဆရာ ဦးဘဦးက လည်ချောင်းကို ရှင်း၍

" အဟမ်း... အဟမ်း "

ဟု ဆိုကာ ခေတ္တမျှ ငြိမ်သက်နေလိုက်၏။

ထိုအခါ စိတ်မရှည်သော တရုတ်သူဌေးကျင်ဝမ်က

" အဘိုးကြီး ပြောဆို မြန်မြန်ပြောစမ်းဗျာ၊ ကျုပ် စိတ်မရှည်တော့ဘူး "

ဟု ပြောလေ၏။

ထိုအခါ အနှိပ်ဆရာ ဦးဘဦးက



www.burmeseclassic.com

www.burmeseclassic.com



" ပြောပါမယ်ဗျာ၊ ကျုပ် ဒီသတင်းကိုရရချင်း ကျုပ်အသက်အရွယ်နဲ့မမျှအောင် ပျော်ပွဲစားရုံကို ရောက်အောင်ပြေးလာရတဲ့အတွက် မောလွန်းလို့ပါ၊ ခဏလောက် နားပါရစေဦး "

ဟု အချိန်ကို ဆွဲလိုက်လေ၏။

ထိုအခါ တရုတ်သူဌေး ကျင်ဝမ်သည် စိတ်မရှည်တော့ဘဲ သူ၏ အံဆွဲထဲမှ ငွေစက္ကူတစ်ထပ်ကိုထုတ်၍ ဦးဘဦး၏လက်ထဲသို့ ထည့်လိုက်လေ၏။

ဦးဘဦးသည် ငွေများကို မြင်သောအခါ ပြုံးယောင်သမ်းသွားပြီး

" ဟဲ… ဟဲ… အခုမှ မောနေတာလေးတွေ ပြေသွားတော့တယ်၊ ကျုပ်တူနဲ့ ရွှေရိုးဆိုတဲ့ကောင်လေးက ဆိပ်ကမ်းက တိမ်ပျံဆိုတဲ့ စက်လှေပေါ်ကို တက်သွားတယ် "

ဟု ပြောလေရာ တရုတ်သူဌေးကျင်ဝမ်က လက်ဖျောက်တီး၍

" ဟုတ်ပြီ၊ ဒါဆိုရင် ခင်ဗျားတူနဲ့ ရွှေရိုးဆိုတဲ့ကောင်ဟာ ကုလားကျားလှည့်ရင်း ပျောက်သွားတဲ့ ကျားနှစ်ကောင်ဖြစ်လိမ့်မယ် "

ဟု ပြောလေရာ အနှိပ်ဆရာ အဘိုးကြီး ဦးဘဦးသည် မျက်လုံးပြူးသွားလေ၏။

ထိုအခါ တရုတ်သူဌေးကျင်ဝမ်က

" ကုလားကျားလှည့်ရင်း ကျားနှစ်ကောင်ပျောက်သွားတယ် ဆိုကတည်းက ကျုပ်တို့အဖွဲ့တွေ မသင်္ကာဖြစ်ပြီး ဆိပ်ကမ်းတစ်ဝိုက်မှာ လိုက်စုံစမ်းသေးတယ်၊ ဒါပေမဲ့ သူတို့ ဘယ်ကိုရောက်သွားလဲဆိုတာကိုတော့ စုံစမ်းလို့မရသေးဘူး၊ ဒါဆိုရင် ကျုပ်တို့ တိမ်ပျံကို အမြန်သွားမှဖြစ်မယ် "

ဟု ပြောလေရာ အနှိပ်ဆရာကြီး ဦးဘဦးက လက်ကာ၍

" တိမ်ပျံ စောစောကတင် ထွက်သွားပြီ၊ ဆိပ်ကမ်းမှာ မရှိတော့ဘူး "

ဟု ပြောလေ၏။

ဦးဘဦး၏စကားကြောင့် တရုတ်သူဌေးကျင်ဝမ်သည် မျက်လုံးပြူးသွားပြီး သူ၏တပည့်များကို အော်ဟစ်ခေါ်ဝေါ်လိုက်ပြီး စက်လှေဖြင့် တိမ်ပျံနောက်သို့ အမြန်ဆုံးလိုက်ရန် အမိန့်ပေးလိုက်





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုအခါ ပျော်ပွဲစားရုံရှိ ကျင်ဝမ်၏တပည့်များသည် ဆိပ်ကမ်းရှိရာသို့ အမြန်ဆုံးပြေးလွှားသွားလေ၏။ ကျင်ဝမ်သည် မိမိကိုယ်တိုင် စက်လှေပေါ်သို့လိုက်ရန် ကြံစည်လိုက်ပြီး အနီးတွင် ကြောင်အမ်းအမ်း ရပ်ကြည့်နေသော အနှိပ်ဆရာကြီး ဦးဘဦးအား ဒေါသတကြီးကြည့်၍

" အသုံးမကျတဲ့လူကြီး၊ ခင်ဗျား အခုချက်ချင်းထွက်သွားစမ်း၊ ဒီသတင်းကို နောက်ကျမှလာပေးတဲ့အတွက် တိမ်ပျံထွက်သွားပြီ "

ဟု အော်ဟစ်မောင်းထုတ်လေ၏။

ဦးဘဦးသည် ငွေစက္ကူတစ်ထပ်ကြီးကို ရရှိပြီးဖြစ်နေသဖြင့် တရုတ်သူဌေး ကျင်ဝမ်၏ မောင်းနှင်ထုတ်ခြင်းကို ကျေနပ်စွာခံယူ၍ ရွှေကျွန်းမှ ထွက်ခဲ့လေတော့၏။

ဤသို့ဖြင့် စံရှားနှင့် ရွှေရိုးသည် တိမ်ပျံစက်လှေကြီးထဲ ဗီရိုထဲတွင် ပုန်းအောင်း၍ ခက်ခက်ခဲခဲ လိုက်ပါလာခဲ့လေ၏။ ရွှေရိုးက လေသံတိုးတိုးဖြင့်





" ပတ္တမြားကြီးက ငါတို့ကို ဒုက္ခပေးနေတယ်ကွာ၊ ကြည့်စမ်းပါဦး၊ ငါတို့အဖြစ်က ဆိုးလိုက်တာ၊ ပူလောင်နေတဲ့ စက်လှေကြီးထဲက ဗီရိုထဲမှာ အသက်တောင် ဝအောင်မရှူရဘဲ လိုက်လာရတယ် "

ဟု ပြောလေရာ စံရှားက ရွှေရိုး၏ပခုံးကိုပုတ်၍

" ငါတို့ရဲ့တိုင်းပြည်အတွက် နန်းစဉ်ရတနာတွေဟာ အလွန်အရေးကြီးတယ်ကွ၊ တစ်ချိန်ချိန်မှာ ငါတို့ရဲ့ အရှင်နှစ်ပါး ပြန်ရောက်လာပြီး ကိုယ့်ထီး၊ ကိုယ့်နန်းနဲ့ အုပ်ချုပ်ဖြစ်ခဲ့ရင် နန်းစဉ်ရတနာတွေဘယ်လောက်အရေးပါတယ်ဆိုတာ မင်းသိလိမ့်မယ်၊ ငါတို့ ခဏတော့ သည်းခံရတာပေါ့ကွာ "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ၎င်းတို့ဗီရိုသို့ လှေသူကြီး ဦးဘဘူရောက်လာပြီး ဗီရိုကိုဖွင့်လိုက်၏။ ပြီးနောက် စံရှားနှင့် ရွှေရိုးကို ဗီရိုထဲမှ ထုတ်၍

" ငါတို့ ဆိပ်ကမ်းကို ကပ်တော့မယ်၊ မင်းတို့ လှေပေါ်က ဆင်းပြီး လွတ်ရာကျွတ်ရာကို ပြေးပေတော့၊ မင်းတို့ကို မြင်ကနေ



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်းစွာနဲ့ ခေါ်ထုတ်လာခဲ့ပြီးပြီ၊ ငါ့တာဝန်ကျေပြီ "

ဟု ပြောလေ၏။

ထိုအခါ စံရှားက လှေသူကြီးအား ကျေးဇူးတင်ဟန်ဖြင့် လက်နှစ်ဖက်အား ဆုပ်ကိုင်လိုက်ပြီး

" ကျုပ်တို့ကို အခုလိုကူညီတဲ့ကျေးဇူးကို တစ်သက်မမေ့ ပါဘူးဗျာ "

ဟု ပြောလိုက်ရာ လှေသူကြီးက စံရှား၏လက်ကို ပြန်လည် ဆုပ်ကိုင်၍

" မင်းတို့ တိုင်းပြည်နဲ့လူမျိုးအတွက် အလုပ်လုပ်နေတယ်လို့ ငါ တစ်စွန်းတစ်စကြားတယ်၊ မင်းတို့ ဘာလုပ်နေတယ်ဆိုတာ ငါ မသိချင်ပါဘူး၊ ငါတို့ဟာ မျိုးချစ်စိတ်ရှိပေမဲ့ တိုင်းပြည်အတွက် အလုပ်မလုပ်နိုင်တဲ့လူတွေပါ၊ ဒါကြောင့် မင်းတို့အလုပ်ကို အစွမ်းရှိသလောက် ကူညီပေးလိုက်တာပဲ "

ဟု ပြောကာ ဆိပ်ကမ်းသို့ကပ်ပြီး လှေသူကြီးသည် လှေထိုးသားများအား စက်လှေမှ အသီးသီး ကမ်းပေါ်သို့ စေလွှတ်လိုက်လေ၏။





လှေထိုးသားများ စက်လှေပေါ်မှ ဆင်းသွားသောအခါ စံရှားနှင့် ရွှေရိုးအား စက်လှေပေါ်မှ ချလိုက်လေ၏။ ၎င်းတို့သည် ဆိပ်ကမ်းသို့ ဆင်းလာပြီးနောက် မည်သည့်အရပ်သို့ သွားရမည်မှန်း မသိသေးဘဲ တစ်ခဏမျှ ထိုင်၍နေလေ၏။

ထို့နောက် ဗိုက်ထဲတွင် ဆာလောင်လာသဖြင့် ဆိပ်ကမ်းအနီးရှိ တစ်ပြားတန် ထမင်းဆိုင်သို့ သွားရောက်ပြီး စားသောက်ကြလေ၏။

ထိုသို့စားသောက်ရင်း ရွှေရိုးသည် ဆိပ်ကမ်းတစ်နေရာတွင် ခရုပုတီးလေးများရောင်းသော မိန်းမလှလေးကိုကြည့်၍ မျက်လုံးများ ဝင်းလက်သွားပြီး

" ဟိုမှာ ခရုပုတီးရောင်းတဲ့ကောင်မလေးက ချောမှချောကွာ၊ ငါတို့မြို့က မိန်းမလှတွေထက်တောင် သာသေးတယ် "

ဟု ပြောလေရာ စံရှားသည် ရွှေရိုး၏စကားကြောင့် မိန်းမလှလေးကို ကြည့်၍

" ဟေ့ကောင် မင်းရဲ့အကျင့်ကို ဖျောက်စမ်း၊ ရောက်ရာ နေရာမှာ မိန်းမလှလေးတွေမြင်ရင် ငမ်းလိုက်ရမှကျေနပ်တယ်၊ ငါတို့ဟာ အန္တရာယ်တွေကြားက ထွက်ပြေးနေတဲ့အချိန်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာအရှုပ်မခံနဲ့ ”

ဟု ပြောလေ၏။ ထိုအခါ ရွှေရိုးက တဟားဟားရယ်မော၍

“ ဟား… ဟား… ဟား… ငါက မိန်းကလေးတွေကို ခင်လို့ နောက်တာပါကွာ၊ ငါ့ကြောင့် ဘယ်တုန်းက ပြဿနာပေါ်ဖူးလို့လဲ ”

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ဆိပ်ကမ်းလမ်းတစ်လျှောက် မောင်းနှင်လာသော စက်ဘီးကိုယ်စီဖြင့် လူငယ်တစ်စုသည် မိန်းမလှလေး၏ ခရုပုတီး ဆိုင်လေးအနီး၌ ရပ်လိုက်၏။

ထို့နောက် လူငယ်သုံးယောက်သည် စက်ဘီးပေါ်မှဆင်းလာပြီး ခရုပုတီးများ ဝယ်ယူနေလေ၏။ ထိုသို့ဝယ်ယူနေပုံကိုကြည့်၍ ရွှေရိုးက

“ ပြဿနာကောင် အစစ်တွေက အဲဒီကောင်တွေကွ၊ သူတို့ကိုယ်သူတို့ ပိုက်ဆံဝါလား သားသမီးတွေဆိုပြီးတော့ ဆင်းရဲတဲ့ မိန်းကလေးကို ဣန္ဒြေပျက်အောင် နောက်ပြောင်နေတယ် ”

ဟု ပြောလေ၏။





ထိုအခိုက်မှာပင် လူသုံးယောက်အနက် တစ်ယောက်က ခရုပုတီးအား မိန်းကလေး၏လည်တွင် ဆွဲရန်ပြင်လိုက်၏။

ထိုအခါ မိန်းကလေးက လူငယ်၏လက်မှ ရုန်းကန်ပြီး အော်ဟစ်ပြောဆိုနေလေ၏။ ရွှေရိုးက ထိုမြင်ကွင်းကိုကြည့်၍ ဒေါသတကြီးဖြင့် လက်သီးဆုပ်ကာ

“ ခွေးမသားတွေ၊ ပိုက်ဆံဝါလား သားသမီးတွေဆိုပြီးတော့ မရှိဆင်းရဲသားတွေကို အနိုင်ကျင့်ချင်တယ်၊ ငါ ဝင်ပါမှဖြစ်မယ် ”

ဟု ပြောကာ ခရုပုတီးရောင်းသော မိန်းကလေးရှိရာသို့ ခပ်သွက်သွက် ထွက်သွားလေ၏။

စံရှားသည် ရွှေရိုးအား အနောက်မှတားဆီးရန် ကြိုးစားသော်လည်း မမီတော့ချေ။ ရွှေရိုးသည် လူငယ်သုံးယောက်အနီးသို့ရောက်သောအခါ လူငယ်တစ်ဦးက

“ နင့်ကို ဆွဲစေချင်လို့ ခရုပုတီးလေးတွေ ငါတို့က ဝယ်ပေးတာ၊ ဘာလဲ… နင်က ငါတို့လို သူဌေးသားတွေကဝယ်ပေးတာကို နစ်နာတယ် ထင်လို့လား ”

ဟု ပြောလေရာ ခရုပုတီးရောင်းသော မိန်းကလေးက



www.burmeseclassic.com

www.burmeseclassic.com



" နင်တို့ မိုက်ရိုင်းလှချည်လား၊ နင်တို့မှာ နှမမရှိဘူးလား၊ ပိုက်ဆံဝါလား သားသမီးတွေဆိုပြီးတော့ မရှိဆင်းရဲသားတွေကို စော်ကားဖို့မကြိုးစားနဲ့၊ ပါးရှစ်စိပ် ကွဲသွားမယ် "

ဟု ပြောလေရာ သူဌေးသားတစ်ဦးသည် မိန်းကလေးအား မကျေမချမ်းဖြစ်သွားပြီး

" ကောင်မ၊ ဆိပ်ကမ်းမှာ ပုတီးရောင်းပြီး လူပါးဝတယ်၊ ငါတို့အကြောင်း ပြလိုက်ရအောင် "

ဟု ဆိုကာ မိန်းကလေးအား ဖက်ရမ်းနမ်းရှုံ့ရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် ရွှေရိုးသည် သူဌေးသား၏အနီးသို့ ရောက်သွားပြီး

" မင်းတို့အကြောင်းမပြခင် ငါ့အကြောင်းကို အရင်ပြမယ်"

ဟု ဆိုကာ သူဌေးသားတစ်ဦးအား လက်သီးဖြင့်ထိုးလေ၏။

ထိုအခါ ကျန်သော သူဌေးသားနှစ်ဦးသည် ရွှေရိုးအား ဝိုင်းဝန်းထိုးကြိတ်ကြလေ၏။

သို့သော် ရွှေရိုးသည် ငယ်စဉ်ကပင် ဆိပ်ကမ်းတစ်ဝိုက်၌ ကြီးပြင်းခဲ့ပြီး လူငယ်များဖြစ်ပွားသောရန်ပွဲတိုင်း၌ လက်သွက်





သွက်ဖြင့် ပါဝင်ဆင်နွှဲခဲ့သူဖြစ်၏။

ထို့ကြောင့် သူဌေးသားသုံးယောက်အား အထိနာအောင် ထိုးကြိတ်နိုင်ခဲ့၏။

စံရှားသည် ရန်ပွဲသို့ ဝင်မပါဘဲ

" ရွှေရိုး၊ တော်တော့၊ ရပ်လိုက်စမ်း "

ဟု အမိန့်ပေးလိုက်လေ၏။

ထိုအခိုက်၌ သူဌေးသားသုံးယောက်သည် ၎င်းတို့၏မျက်နှာ အသီးသီး၌ ဖူးရောင်သွားပြီး သူဌေးသားတစ်ဦးက လက်သီးဆုပ်၍

" ဟေ့ကောင်.... ဆိပ်ကမ်းက သူတောင်းစားတွေ၊ မင်းတို့ ငါတို့အကြောင်း ကောင်းကောင်းသိစေရမယ် "

ဟု ဆိုကာ စက်ဘီးများပေါ်သို့တက်၍ ထွက်ပြေးသွားကြလေတော့၏။

ထိုအခါမှပင် ပုတီးရောင်းသော မိန်းကလေးက စံရှားနှင့် ရွှေရိုးကို ကျေးဇူးတင်ဟန်ဖြင့်ကြည့်၍

" နင်တို့နှစ်ယောက် ငါ့ဘက်ကနေ ဝင်ပြီးတော့ကူညီတာ ကျေးဇူးတင်ပါတယ်ဟာ၊ ဒီကောင်တွေက ပိုက်ဆံရှိလား သား



www.burmeseclassic.com

www.burmeseclassic.com



သမီးတွေဆိုတော့ သိပ်ဗိုလ်ကျချင်တယ် ''

ဟု ပြောလေရာ ရွှေရိုးက မိန်းကလေးကိုကြည့်၍ ဟဲဟဲဟဲ ရယ်မောကာ

'' ဟဲ... ဟဲ... ဒီကောင်တွေ ဗိုလ်ကျတိုင်း ငါတို့ကခံမလား၊ ဆင်းရဲသားမှာလည်း သတ္တိရှိပါတယ် ''

ဟု ဆိုကာ မိန်းကလေးအား လက်သီးဆုပ်ပြလိုက်လေ၏။

ထိုအခါ မိန်းကလေးက စံရှားနှင့် ရွှေရိုးကို သဘောကျဟန်ဖြင့် ကြည့်၍

'' နင်တို့နှစ်ယောက် ဒီမြို့ကမဟုတ်ဘူး၊ ဘယ်မြို့ကလဲ''

ဟု မေးမြန်းလေ၏။

မိန်းကလေး၏စကားကြောင့် စံရှားနှင့် ရွှေရိုးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ထို့နောက် စံရှားက

'' ငါတို့မြိတ်က လာတာပါဟာ၊ မြိတ်မှာ အလုပ်လုပ်ရတာ အဆင်မပြေလို့ ဒီအနီးအနားမြို့တွေမှာ အလုပ်လုပ်မယ်ဆိုပြီး ထွက်လာခဲ့တာ၊ လောလောဆယ်တော့ ဒီမြို့မှာ အလုပ်တစ်ခုခုရှာပြီး လုပ်ရမယ် ''



ဟု ပြောလေ၏။ စံရှား၏စကားကြောင့် မိန်းမပျိုက အံ့သြဟန်ဖြင့် ကြည့်၍

'' ဟင်... မြိတ်ကနေလာပြီး ဒီမြို့မှာ အလုပ်လုပ်မယ် ဟုတ်လား၊ မြိတ်မှာ ငါတို့မြို့ထက် အလုပ်တွေ ပိုပေါတာပေါ့၊ နင်တို့ စိတ်ကူးလွဲနေပြီ ''

ဟု ပြောလေရာ ရွှေရိုးက တဟားဟား ရယ်မော၍

'' ဟား... ဟား... ဟား... ငါတို့က ရွာနားကမြက် ရွာနွားမစားသလို ဖြစ်နေပြီ၊ ကိုယ့်မြို့ ကိုယ့်ရွာကို အ[illegible]င်မကြီးတဲ့ သူတစ်ပါးမြို့မှာလာပြီး စီးပွားရှာဖို့ကြိုးစားကြတယ် ''

ဟု ပြောလေ၏။ ထိုအခါ မိန်းကလေးက စံရှားနှင့် ရွှေရိုးကို ကြည့်၍

'' နင်တို့ ငါတို့မြို့မှာ တည်းခိုစရာရော ရှိရဲ့လား ''

ဟု မေးမြန်းလေ၏။ ထိုအခါ ရွှေရိုးက

'' ဘုန်းကြီးကျောင်းရှိရင် ငါတို့အတွက် တည်းခိုစရာ မခက်ပါဘူးဟာ ''

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိန်းမပျိုသည် စံရှားနှင့် ရွှေရိုးကိုကြည့်၍ တစ်စုံတစ်ရာကို စဉ်းစားလိုက်ပြီး

" လောလောဆယ် နင်တို့မှာ တည်းခိုစရာမရှိရင် ငါ့ရဲ့အိမ်မှာ လိုက်ပြီးတည်းခိုပါလား "

ဟု ပြောလေ၏။

မိန်းမပျို၏စကားကြောင့် ရွှေရိုး၏မျက်နှာ ဝင်းပသွားသော်လည်း စံရှားက မျက်မှောင်ကြုတ်၍

" နင့်ရဲ့အိမ်မှာ မိဘတွေရှိမှာပေါ့၊ မိဘတွေက ငါတို့နှစ်ယောက်ကို အိမ်ခေါ်လာတာ သဘောတူပါ့မလား "

ဟု မေးမြန်းလေ၏။

ထိုအခါ မိန်းမပျိုက သက်ပြင်းချ၍

" အိမ်မှာ ငါတစ်ယောက်တည်းနေတာပါဟာ၊ ငါ့မိဘတွေမရှိပါဘူး။ ငါတို့ခြံထဲမှာ လောလောဆယ် ငါနေတဲ့ တဲလေးတစ်လုံးရှိတယ်၊ ခြံထိပ်မှာတော့ ဟိုးအရင်တုန်းက ငါ ကုန်စုံရောင်းခဲ့တဲ့ဆိုင်လေးရှိတယ်၊ နင်တို့ လောလောဆယ် အဲဒီဆိုင်လေးမှာ အိပ်မယ်ဆိုရင်တော့ အိပ်လို့ရတယ်၊ နင်တို့ဟာ ငါ့အပေါ်မှာ





ကျေးဇူးရှိခဲ့လို့ နင်တို့ကို ပြန်ပြီး အကူအညီပေးတာပါ "

ဟု ပြောလေ၏။

စံရှားသည် မိန်းမလှလေးနှင့် လိုက်ပြီး နေသင့်မနေသင့် စဉ်းစားနေစဉ် ရွှေရိုးက သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

" ဒါဆိုရင်တော့ ငါတို့အတွက် နေစရာမပူရတော့ဘူး၊ နင့်ရဲ့အိမ်မှာ တည်းခိုပြီးတော့ အလုပ်တစ်ခုခုကို ရအောင်ရှာမယ် "

ဟု ပြောလေ၏။ ထိုအခါ မိန်းမပျိုက

" ဒါဆိုရင်တော့ ငါ ဈေးရောင်းပြီးရင် လိုက်ခဲ့ပေတော့၊ လောလောဆယ် သင်္ဘောတွေ ဒီမြို့မှာ ဆိုက်ဦးမှာမို့ ငါ ဆိုင်သိမ်းလို့ မဖြစ်သေးဘူး "

ဟု ပြောလေ၏။

မိန်းမပျိုလေး၏ဆိုင်၌ ပင်လယ်ထွက်ပစ္စည်းများနှင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ စုံလင်အောင် ရောင်းချထားလေ၏။

အတန်ကြာသောအခါ သင်္ဘောကြီးတစ်စီး ဆိုက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှလေးသည် သူမ၏ ခရုပုတီးများ၊ လက်ကောက်များကို ရောင်းချလေ၏။

ညနေစောင်းသောအခါ မိန်းမလှလေးက သူမ၏ပစ္စည်းများကို ထုပ်ပိုး၍ လှည်းပေါ်သို့တင်ကာ မြို့ထဲသို့ ပြန်လာခဲ့လေသည်။

စံရှားနှင့် ရွှေရိုးသည် သူမ၏လှည်းကို ကူညီ၍တွန်းရင်း လိုက်ပါလာ၏။

မိန်းမလှလေးက လမ်းခရီး၌

" ငါ့နာမည် ပုလဲလို့ခေါ်တယ်၊ နင်တို့နာမည်ကိုလည်း ပြောပြပါဦး "

ဟု ပြောလေရာ စံရှားနှင့် ရွှေရိုးက မိမိတို့၏နာမည်အသီးသီးကို ပြောပြလေ၏။

ထိုအခါ မိန်းမလှလေးက

" နင်တို့ စောစောက ရန်ဖြစ်တဲ့ကောင်တွေဟာ ငါတို့မြို့မှာ အချမ်းသာဆုံး သူဌေးတွေရဲ့ သားတွေပဲ၊ သူတို့မှာ လူဆိုး လူမိုက်တွေရှိတယ်၊ နင်တို့ကို ရန်ငြိုးဖွဲ့ပြီးတိုက်ခိုက်မှာ စိုးရိမ်တယ် "

ဟု ပြောလေ၏။





စံရှားက သက်ပြင်းချ၍

" ငါတို့အတွက်တော့ ဘယ်လိုလူဆိုးမှ မထူးတော့ပါဘူးဟာ၊ အန္တရာယ်တွေ ကျရောက်လာရင် ရင်ဆိုင်ဖြေရှင်းဖို့ အသင့်ပြင်ထားရမှာပဲ "

ဟု ပြောလိုက်လေတော့၏။

ထိုနောက်တွင်မူ မိန်းမချောလေး ပုလဲက ၎င်းတို့နေထိုင်ရန် သူမ၏ ကုန်စုံဆိုင်အဟောင်းလေးကို လိုက်လံပြသလေ၏။

ကုန်စုံဆိုင်လေးသည် အတော်အသင့်ကျယ်ဝန်းသဖြင့် စံရှားတို့နှစ်ယောက် သက်သောင့်သက်သာ နေထိုင်နိုင်၏။

သူမက

" လောလောဆယ် နင်တို့နှစ်ယောက်အိပ်ဖို့အတွက် စောင်တွေ၊ ခြင်ထောင်တွေ ပို့ပေးလိုက်မယ် "

ဟု ပြောလေရာ စံရှားက လက်ကာပြ၍

" ရပါတယ်ဟာ၊ စောင်တွေ၊ ခြင်ထောင်တွေ မလိုပါဘူး၊ ငါတို့က ယောက်ျားတွေပဲ၊ ကျောတစ်ခင်းစာ နေရာရရင် ပြီးတာပဲ "

ဟု ပြောလိုက်ရာ ပုလဲက



www.burmeseclassic.com

www.burmeseclassic.com



" အို… မဟုတ်တာပဲ၊ ရှင်တို့က ကျွန်မရဲ့ညှိသည်တွေ၊ ညှိသည်ကို ညှိဝတ်ကျေအောင် ညှိခံရမှာပဲ၊ ကဲ… ဒီနေ့ည ညစာစားပွဲအတွက် ကျွန်မ သွားပြီးချက်လိုက်ဦးမယ် "

ဟု ဆိုကာ သူမ၏တဲအိမ်ကလေးသို့ ထွက်ခွာသွားလေ၏။

ရှေ့ရိုးက ချောမောလှပသော ပုလဲကိုကြည့်၍ သဘောကျ ဟန်ဖြင့်

" ဟဲ… ဟဲ… ငါတို့တော့ မြို့ကထွက်လာတာ ကံကောင်းပြီနဲ့တူတယ်၊ နေစရာလည်း အဆင်သင့်၊ စားစရာလည်း အဆင်သင့် "

ဟု ပြောလိုက်ရာ စံရှားက

" အေး… မင်းအတွက် အန္တရာယ်လည်း အဆင်သင့် ရောက်လာမှာပဲ၊ ပုလဲပြောသွားတာ ကြားတယ်မဟုတ်လား၊ ဒီနေ့ မင်းနဲ့ ရန်ပွဲဆင်တဲ့ကောင်တွေက လူဆိုးလူမိုက်တွေကို ခါးပိုက်ထဲ ထည့်ထားနိုင်တဲ့ ကောင်တွေတဲ့၊ မကြာမီ အန္တရာယ်ကျရောက် လာနိုင်တယ် "

ဟု ပြောလေ၏။





ခဏကြာလျှင် ပုလဲသည် ၄င်းတို့အား ညစာစားရန်အတွက် သူမ၏တဲအိမ်ကလေးသို့ လာရောက်ခေါ်ဆောင်လေ၏။

စံရှားတို့သည် ထိုနေ့ညက ပုလဲ၏လက်ရာဖြစ်သော ဝက်သား ပုန်းရည်ကြီးဟင်းကို မြိန်ယှက်စွာ စားသောက်ကြလေ၏။

ညစာစားပြီးနောက်. စံရှားတို့သည် ပုလဲကိုနှုတ်ဆက်၍ ၄င်းတို့ အိပ်စက်ရန် ဈေးဆိုင်ဟောင်းကလေးသို့ ပြန်ခဲ့လေတော့၏။

ထိုနေ့ညက စံရှားသည် မိမိ၏အင်္ကျီအိတ်ထဲတွင် ဝှက်၍ ယူဆောင်လာသော ပြည်ကြီးတံခွန်ပတ္တမြားကိုထုတ်၍ ကြည့်ရှု လိုက်ပြီး

" ဒီပတ္တမြား ငါတို့လက်ထဲမှာ ရှိနေသရွေ့ လူဆိုးတွေ ကဲ နောက်က တကောက်ကောက်လိုက်ပြီး ပြန်လုမှာသေချာတယ်၊ ပတ္တမြားကြီးကို ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ရဲ့လက်ထဲကို ထည့်ချင်တယ်၊ အဲဒီလူဟာ ဘယ်သူဖြစ်မလဲ "

ဟု ရေရွတ်လေ၏။

ထိုအခါ စံရှားက

" ဟုတ်တယ်၊ ပတ္တမြားကြီး ငါတို့လက်ထဲမှာရှိနေသရွေ့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့နောက်မှာ အနှုရာယ်တွေ ပတ်လည်ဝိုင်းနေမှာပဲ၊ ပတ္တမြားကြီးကို ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ဆီမှာ အပ်ထားချင်တယ်၊ အဲဒီလူဟာ တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာရှိပြီး ငါတို့အရှင်နှစ်ပါးအပေါ် ချစ်ခင်လေးစားတဲ့လူ ဖြစ်ရမယ် ''

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ၎င်းတို့သည် ပြည်ကြီးတံခွန်ပတ္တမြားနှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်ရင်း မည်သည့်အဖြေကိုမျှ မရသောကြောင့် အိပ်ပျော်သွားလေ၏။





နောက်တစ်နေ့နံနက်သို့ရောက်သောအခါ စံရွှားသည် အိပ်ရာမှ ဦးစွာနိုးပြီး ရွှေရိုးကို နှိုးကာ ခြံဝန်းအနှံ့ အမှိုက်များကို လှဲကျင်းလေ၏။

ပြီးနောက် ရွှေရိုးက စံရွှားလှဲထားသော အမှိုက်များကို မီးပုံရှို့လေ၏။

ထိုအချိန်၌ ပုလဲ အိပ်ရာမှ နိုးလာပြီး

''သြော်··· ရှင်တို့နှစ်ယောက်က ကျွန်မခြံထဲမှာ လုပ်အားပေးနေတာကိုး၊ ကျွန်မလည်း မိန်းမသားတစ်ယောက်တည်း ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီမြို့ကြီးကို မထိန်းသိမ်းနိုင်ဘူး ”

ဟု ဝမ်းနည်းဟန်ဖြင့် ပြောလေ၏။

ထိုအခါ ရွှေရိုးက

“ ပုလဲမှာ မိဘတွေမရှိတာ ကြာပြီလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ပုလဲက ၄င်းတို့အနီးရှိ ခုံတန်းလျားတွင် ဝင်ထိုင်လိုက်ပြီး

“ ပုလဲရဲ့အမေဆုံးတာ နှစ်တွေအများကြီး ကြာခဲ့ပါပြီ၊ ဒါပေမဲ့ ပုလဲရဲ့အဖေကတော့ လွန်ခဲ့တဲ့နှစ်ကမှ ဆုံးသွားတယ်၊ ပုလဲရဲ့အဖေမဆုံးခင်မှာ နာတာရှည်ရောဂါကြီး ခံစားရတဲ့အတွက် အဖေ့အတွက် အတော်ဒုက္ခရောက်ခဲ့ရတယ်၊ အဖေ့ရဲ့ရောဂါကြောင့် အိမ်ရှေ့ဆိုင်လေးပြုတ်သွားပြီး ဆိပ်ကမ်းမှာဆင်းပြီး ဈေးရောင်းရတာပဲ၊ ဆိပ်ကမ်းမှာ လောလောဆယ်တော့ ခရုပုတီးလေးတွေရောင်းတာ အဆင်ပြေပါတယ်၊ ရှင်တို့နှစ်ယောက် ဒီမြို့မှာပဲ အခြေချပြီး အလုပ်ရှာမလို့လား ”

ဟု မေးမြန်းလေ၏။

သူမ၏အမေးကြောင့် စံရှားနှင့် ရွှေရိုးသည် တစ်ယောက်





မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

ရွှေရိုးက ပုလဲကိုကြည့်၍

“ ငါကတော့ နှင့်ကိုမြင်တာနဲ့ ဒီမြို့မှာ အခြေချပြီးတော့ အလုပ်ရှာဖို့ အားရှိသွားပြီ၊ ဒါပေမဲ့ ငါ့သူငယ်ချင်း စံရှားကတော့ ဒီမြို့မှာ ပျော်မပျော် အာမ,မခံနိုင်ဘူး ”

ဟု ပြောလေရာ ပုလဲက စံရှားကိုကြည့်၍

“ ကျွန်မတို့မြို့ဟာ မြိတ်မြို့လောက် မကျယ်ဝန်းပေမဲ့ လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ အများကြီး ရှိပါတယ် ”

ဟု ပြောလေ၏။

ထို့နောက်တွင်မူ စံရှားတို့သည် ပုလဲ၏တွန်းလှည်းလေးကို ဝိုင်းကူ၍ တွန်းကြပြီး ဆိပ်ကမ်းရှိရာသို့ သွားလေ၏။ ဆိပ်ကမ်းသို့ ရောက်သောအခါ သူမဆိုင်အား ကူညီ၍ ခင်းကျင်းပေးလေ၏။

မကြာမီ သင်္ဘောတစ်စင်းဆိုက်လာပြီး သင်္ဘောပေါ်မှ ခရီးသည်များ ဆင်းလာကာ သူမ၏ ခရုပုတီးလေးများကို ဝယ်ယူသွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စံရှားတို့သည် သူမနှင့်အတူ ကူညီ၍ ဈေးရောင်းပေးရင်း တစ်နေကုန်သွားလေတော့၏။ ညနေစောင်းသောအခါ သူမ၏ တွန်းလှည်းလေးကို ကူညီ၍ တွန်းရင်း တဲအိမ်သို့ပြန်ခဲ့လေ၏။

လမ်းတစ်ဝက်သို့ရောက်သောအခါ ၄င်းတို့၏လှည်းကို လူလေးယောက်က ပိတ်၍ရပ်လိုက်၏။ ထိုသူများသည် လူဆိုး လူမိုက်ရုပ်ပေါက်နေသူများ ဖြစ်ကြ၏။

စံရှားက ထိုသူများကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

" ကျုပ်တို့ကို ဘာလို့လမ်းပိတ်ထားတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ လူမိုက်ရုပ်ပေါက်နေသူတစ်ဦး က

" မင်းတို့ မနေ့က ငါတို့သူဌေးရဲ့သားကို စော်ကားလိုက်တယ် မဟုတ်လား၊ ဒါကြောင့် မင်းတို့ကို လက်တုံ့ပြန်မလို့ ရောက်လာတာ"

ဟု ပြောလေ၏။

ထိုအခါ စံရှားက ခေါင်းညိတ်၍

" ကောင်းပြီ၊ ကျုပ်တို့ကလည်း မိုက်တဲ့နေရာမှာ နယ်ရှေ့တဲ့





ကောင်တွေမဟုတ်ဘူး၊ ခင်ဗျားတို့မကျေနပ်ရင် ဘာလုပ်ချင်လဲ"

ဟု ဆိုကာ ပုလဲ၏လှည်းအတွင်း၌ အသင့်ပါလာသော တုတ်ချောင်းတစ်ချောင်းကို ထုတ်လိုက်လေ၏။

စံရှားသည် လွန်ခဲ့သောညက သူဌေးသားများနှင့် ရန်ပွဲဆင်ခဲ့သဖြင့် နောက်ဆက်တွဲကိစ္စများကို မျှော်လင့်ထားပြီးသားဖြစ်၏။

ထို့ကြောင့် ယနေ့နံနက်တွင် တုတ်တစ်ချောင်းကို ပုလဲ၏ လှည်းအတွင်း အသင့်ယူဆောင်လာခဲ့ခြင်းဖြစ်၏။

စံရှားသည် သူ၏လက်ထဲရှိ တုတ်တစ်ချောင်းကို ရွှေရိုး အား ပစ်ပေးလိုက်၏။ ရွှေရိုးသည် စံရှားပစ်ပေးလိုက်သောတုတ်ကို ဖမ်းကိုင်ရင်း လေထဲတွင် ဝှေ့ယမ်းလိုက်၏။

စံရှားနှင့် ရွှေရိုးသည် ငယ်စဉ်ကပင် ဆိပ်ကမ်း၌ ကျင်လည် ကျက်စားခဲ့သဖြင့် လမ်းပေါ်က ရန်ပွဲအမျိုးမျိုးကို ဆင်နွှဲခဲ့ဖူး၏။

ထိုရန်ပွဲများက မိမိ၏အန္တရာယ်ကို မည်သို့ကာကွယ်ရမည်ကို သင်ကြားပေးခဲ့ပြီးဖြစ်၏။

ထို့ကြောင့် လက်ထဲတွင် တုတ်များရောက်သည်နှင့် ၎င်း တို့ကို ပိတ်ဆို့ထားသော လူမိုက်များအား မေးမြန်းခြင်းမရှိတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ရိုက်နှက်လေ၏။

လူမိုက်များသည် ပြင်းထန်သော တုတ်ချက်များကြောင့် စံရှားတို့ကို ပိတ်ဆို့ခြင်းမပြုတော့ဘဲ ထိုနေရာမှ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးရလေ၏။

ထိုသူများ ထွက်ပြေးသောအခါ ရွှေရိုးက လက်သီး လက်မောင်းတန်း၍

" လူမိုက်လောက်နဲ့ ငါတို့ကို လာခြိမ်းခြောက်နေတယ်၊ လူမိုက်တွေကို ပြုတ်စားပစ်လိုက်မယ်၊ ငါတို့က မင်းတို့ထက်မိုက်လို့ ဒီမြို့မှာလာပြီးနေတာဟေ့ "

ဟု ကြုံးဝါးလိုက်လေ၏။

ပုလဲသည် စံရှားနှင့် ရွှေရိုးတို့၏ လူမိုက်များအား မကြောက်မရွံ့ တိုက်ခိုက်ပုံကိုကြည့်၍ အံ့သြဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး

" နင်တို့နှစ်ယောက်ဟာ ဘယ်လိုလူတွေလဲ၊ နင်တို့ကို ကြည့်ရတာ ရိုးပုံရိုးလှနဲ့ လူမိုက်တွေကို တိုက်ခိုက်လိုက်တာ ကြောက်စရာပါလား၊ နင်တို့ဟာ လူရိုးလူကောင်းတွေမှ ဟုတ်ရဲ့လား "

ဟု မေးမြန်းလေ၏။



ထိုအခါ စံရှားက

" ငါတို့တစ်သက်မှာ မဟုတ်တာ ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး၊ လူမိုက်တွေကို ပြန်ပြီးတိုက်ခိုက်တယ်ဆိုတာ မခံချင်စိတ်ကြောင့်ပါ "

ဟု ပြောလေရာ ပုလဲက

" ဒါပေမဲ့ နင်တို့ကိုကြည့်ရတာ လူမိုက်တွေနဲ့ တိုက်ခိုက်တဲ့အတွက် ဘာမှအပမ်းမကြီးသလိုပဲ "

ဟု ရေရွတ်လေ၏။

ထိုအခါ ရွှေရိုးက

" ငါတို့ကို အထင်မလွဲပါနဲ့၊ ငါတို့ဘဝဟာ သိပ်ဆင်းရဲပါတယ်၊ ငယ်ငယ်ကတည်းက ဆင်းရဲလွန်းလို့ လမ်းပေါ်မှာပဲ ကြီးပြင်းခဲ့ရတယ်၊ လမ်းပေါ်မှာနေတဲ့ဘဝဟာ ကြီးနိုင်ငယ်ညှဉ်းလုပ်တာကို အမြဲခံရတယ်၊ တစ်ဖက်နဲ့တစ်ဖက် ရန်ပွဲတွေလည်း ခဏခဏဖြစ်ခဲ့တယ်၊ ဒါကြောင့် လမ်းပေါ်မှာဖြစ်ခဲ့တဲ့ ရန်ပွဲတွေမှာ ငါတို့က လက်သွက်ခြေသွက်နဲ့ တိုက်ခိုက်တဲ့အကျင့်ပါနေပြီ၊ ဘယ်သူ့မှ မကြောက်ရွံ့တတ်ဘူး "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ပုလဲက သက်ပြင်းချ၍

" ငါက နင်တို့ကို လူရိုးလူအေးတွေလို့ ထင်နေတာ၊ နင်တို့က လူပေလူတေတွေကိုး "

ဟု ရေရွတ်လေ၏။

ထိုအခါ စံရှားက

" လူပေ လူတေပဲဖြစ်ဖြစ်၊ လူရိုးလူကောင်းပဲဖြစ်ဖြစ်၊ လူသားတစ်ယောက်ရဲ့ အကျင့်သိက္ခာနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်၊ လူရိုးလူကောင်းအမည်ခံပြီး အကျင့်စာရိတ္တပျက်ပြားတဲ့သူဟာ ဗိုပြီးတော့ကြောက်ဖို့ကောင်းတယ်၊ ငါတို့ ဆင်းရဲလွန်းလို့ လမ်းပေါ်မှာနေရတယ်၊ ငယ်စဉ်ကတည်းက ငါတို့လက်ထဲကမုန့်ကို အင်အားကြီးတဲ့လူက လုယူပြီး စားသောက်တာ ခံရတယ်၊ မုန့်တစ်ခုကို လုစားတုန်းက ငါတို့ခံနိုင်သေးတယ်၊ မုန့်တွေ အများကြီးလုစားတာ ခံရတော့ ရင်ထဲမှာ မခံချင်စိတ်တွေ ဖြစ်ပေါ်လာတယ်၊ တကယ်တော့ မခံချင်စိတ်ဟာ စွမ်းအားတစ်ခုပဲ၊ ဒီစွမ်းအားကြောင့်ပဲ ငါတို့ကို အနိုင်ကျင့်တဲ့သူတွေကို ပြန်ပြီးတွန်းလှန်နိုင်ခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် ခေါင်းငုံ့ခံတာထက်စာရင် ပြန်ပြီးတော့ တွန်းလှန်တိုက်ခိုက်တာကို



ငါတို့ကြိုက်တယ် "

ဟု ပြောလေ၏။ စံရှား၏စကားကြောင့် ပုလဲက သက်ပြင်းချ၍

" နင်တို့မှာ မဟုတ်မခံစိတ်ရှိတယ်၊ သူတစ်ပါးအနိုင်ကျင့်တာကိုလည်း ခေါင်းငုံ့မခံတတ်ဘူး၊ ဒါပေမဲ့ ဒီမြို့ဟာ နင်တို့ကြီးပြင်းလာတဲ့ မြိတ်မြို့မဟုတ်ဘူး၊ ငါတို့မြို့ပေါ်မှာ အင်အားကြီးတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ရှိတယ်၊ သူတို့ဟာ စက်လှေလုပ်ငန်း အပါအဝင် စီးပွားရေးလုပ်ငန်းအမျိုးမျိုး လုပ်ကိုင်ကြတယ်၊ အခွင့်အရေးရရင် ရသလို ပင်လယ် ဓါးပြအလုပ်ကိုတောင် လုပ်ကိုင်ကြသေးတယ်၊ ဒီလိုလူမျိုးတွေနဲ့ နင်တို့ ရန်ငြိုးဖွဲ့လိုက်တာ ကျားအမြီးကို ဆွဲလိုက်သလိုပဲ၊ စောစောတုန်းက နင်တို့နဲ့ ရန်ဖြစ်တဲ့ လူမိုက်တွေဟာ စက်လှေသူဌေးတစ်ယောက်ရဲ့ တပည့်တွေပဲ "

ဟု ပြောလေရာ ရွှေရိုးက တဟားဟား ရယ်မော၍

" ဟား… ဟား… ဟား… စက်လှေသူဌေးရဲ့သားကို ပါးရိုက်ဖို့ကြံတာ ဘယ်သူလဲ "

ဟု မေးမြန်းလိုက်ရာ ပုလဲက

www.burmeseclassic.com

www.burmeseclassic.com



" ဒါကတော့ ကျွန်မရဲ့ ဣန္ဒြေသိက္ခာကို ပျက်အောင်လုပ်တာကို၊ ဒါမျိုးနဲ့ပတ်သက်ရင် အသက်နဲ့လဲဖို့လည်း ဝန်မလေးဘူး"

ဟု ပြောလိုက်ရာ စံရှားနှင့် ရွှေရိုးသည် ပုလဲကိုကြည့်၍ သဘောကျဟန်ဖြင့် ရယ်မောလိုက်ကြလေ၏။





မြိတ်မြို့ရှိ ပျော်ပွဲစားရုံ၌ ကျန်ရစ်ခဲ့သော သူဌေးကျင်ဝမ်သည် သူ၏ အဆက်အသွယ်များမှတစ်ဆင့် စုံစမ်းလေရာ စံရှားတို့ တိမ်ပျံစက်လှေပေါ်မှဆင်းသွားသော မြို့ကို သိရှိသွားလေ၏။

ထို့ကြောင့် သူ၏တပည့်များအား

" မင်းတို့အမြန်ဆုံး ဒီမြို့ကို လိုက်သွားရမယ်၊ ပြီးတော့ စံရှားနဲ့ ရွှေရိုးတို့ ဘယ်မှာရှိသလဲဆိုတာ စုံစမ်းပြီး စောင့်ကြည့်ကြ၊ မင်းတို့ကို ငါ အရေးကြီးဆုံး မှာကြားချင်တာက ဒီမြို့ကို မင်းတို့ ရောက်နေတာ ငါ့ရဲ့ပြိုင်ဘက်အဖွဲ့တွေ လုံးဝမသိစေနဲ့၊ အထူးသဖြင့် ပြည်ကြီးတံခွန် ပတ္တမြားကြီးရဲ့ ပိုင်ရှင် ဦးရွှေဘလုတ်ရဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



မသိစေနဲ့ ''

ဟု ပြောလေ၏။

တရုတ်သူဌေးကျင်ဝမ်သည် ပြည်ကြီးတံခွန် ပတ္တမြားကြီး၏ တန်ဖိုးကြီးမားပုံကို သိရှိသဖြင့် ဦးရွှေတလုတ်၏လက်သို့မအပ်ဘဲ သူခိုးလက်မှ သူဝှက်လုရန် ကြံစည်ခြင်းဖြစ်၏။

ထို့ကြောင့် သူ၏တပည့်များအား ရွှေရိုးနှင့် စံရှားတို့ရှိရာ မြို့သို့ အမြန်ဆုံးစေလွှတ်လိုက်လေတော့၏။

စံရှားတို့သည် ပုလဲ၏ဆိုင်ကလေးကို ကူညီရောင်းချပေးရင် ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်လွန်ခဲ့လေ၏။ ပုလဲသည် စံရှားတို့အား အလုပ်အမျိုးမျိုး ရှာဖွေပေးသော်လည်း စံရှားတို့သည် ဟိုလိုလို သည်လိုလိုလုပ်၍ ငြင်းဆန်နေလေ၏။

၎င်းတို့သည် မြို့၌ အလုပ်လုပ်ရန် ရည်ရွယ်ချက်မရှိဘဲ ပြည်ကြီးတံခွန် ပတ္တမြားကိုသာ ယုံကြည်စိတ်ချရသူလက်ထဲသို့ အပ်ရန် ကြံစည်ခြင်းဖြစ်၏။

ပုလဲသည် စံရှားတို့၏သဘောကို နားမလည်သောကြောင့်

'' နင်တို့နှစ်ယောက်ဟာ တော်တော်ချေးများတဲ့ကောင်တွေပဲ၊





ငါက အလုပ်တွေအမျိုးမျိုးရှာပေးတယ်၊ နင်တို့က ဟိုအလုပ်ကို မလုပ်ချင်ဘူး၊ သည်အလုပ်ကို မလုပ်ချင်ဘူးနဲ့ ငြင်းနေကြတယ် ''

ဟု ပြစ်တင်လေရာ စံရှားက

'' ငါတို့က သည်မြို့မှာ တစ်သက်လုံး အခြေချပြီး နေထိုင်ဖို့ ဆုံးဖြတ်ထားပြီးသားဟဲ့၊ ဒါကြောင့် တို့ တစ်သက်လုံးလုပ်ရမဲ့ အလုပ်ကို သေသေချာချာရွေးချယ်နေတာ ''

ဟု ပြောလေရာ ပုလဲသည် စံရှား၏မျက်နှာကို မယုံနိုင်ဟန်ဖြင့် ကြည့်၍

'' ဟင်... နင်တို့က မြို့မှာ တကယ်ပဲ တစ်သက်လုံးနေဖို့ ဆုံးဖြတ်လိုက်ပြီလား ''

ဟု ပြောလေရာ ရွှေရိုးက ဝင်ရောက်၍

'' ဟုတ်တယ်၊ ဒီမြို့မှာ နေရတာ ငါတို့နှစ်ယောက်စလုံး စိတ်ချမ်းသာတယ်၊ ဒါကြောင့် တို့အတွက် အလုပ်ကို သေသေချာချာ ရွေးချယ် နေရတာပေါ့ ''

ဟု ပြောလိုက်လေ၏။ ရွှေရိုးတို့၏ စကားကြောင့် ပုလဲသည် အလွန်ဝမ်းသာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် စံရှားနှင့် ရွှေရိုးတို့အား အစ်ကိုအရင်းကဲ့သို့ ခင်မင်နေပြီ ဖြစ်၏။ ထို့ကြောင့် စံရှားတို့မြို့ပေါ်တွင် နေထိုင်မည် ဆိုသဖြင့် အလွန်ပျော်ရွှင်သွားပြီး

" ဒါဆိုရင်တော့ မြို့ပေါ်မှာနေဖို့အတွက် နေစရာကို ရှာမနေနဲ့၊ ငါ့အိမ်မှာပဲ တစ်သက်လုံးနေပေတော့ "

ဟု ရက်ရောစွာ ပြောလိုက်လေ၏။

ပုလဲ၏စကားကြောင့် စံရှားက မျက်မှောင်ကြုတ်၍

" နင်နဲ့ငါတို့က သွေးမတော်သားမစပ်ဘဲ တစ်သက်လုံး အတူနေလို့ ဖြစ်မလားဟ "

ဟု ပြောလိုက်ရာ ပုလဲက မျက်မှောင်ကြုတ်၍

" အို… နင်တို့နဲ့ငါဟာ မိတ်ဆွေ သူငယ်ချင်းတွေ ဖြစ်သွားပြီပဲ၊ ဒါကြောင့် ငါ့ရဲ့အိမ်မှာ နင်တို့နေလို့ရတာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ ရွှေရိုးက ပုလဲအား ရယ်ကျဲကျဲ ကြည့်၍

" တစ်သက်လုံးနေဖို့တော့ မသင့်တော်ဘူး၊ နင်နဲ့ငါတို့က တစ်ယောက်ယောက်ဆွေမျိုးတော်လိုက်မှ ဖြစ်မယ် "





ဟု ပြောလိုက်ရာ ပုလဲသည် ရွှေရိုး၏ပြောစကားကို နား မလည်ဟန်ဖြင့် ကြည့်၍

" ဘယ်လိုဆွေမျိုးတော်မှာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ရွှေရိုးက ရယ်မော၍

" နင်က ငါတို့နှစ်ယောက်တည်းက တစ်ယောက်ယောက် ကို ယူလိုက်လေ "

ဟု ပြောလေရာ ပုလဲသည် ထိုအခါမှပင် ရွှေရိုး၏ပြောစကား ကို သဘောပေါက်သွားပြီး ရှက်ကိုးရှက်ကန်းဖြင့် ရွှေရိုး၏ပခုံးကို ထု၍

" အတော်လူလည်ကျတဲ့ကောင်ပါလား၊ နင်တို့ကို ငါက ထမင်းလည်း ကျွေးထားရဦးမယ်၊ ယောက်ျားလည်းတော်ရဦးမယ် ဟုတ်လား၊ နင်တို့ကိုယူမဲ့အစား တစ်သက်လုံး သီလရှင်ဝတ်ပြီးတော့ အရိုးထုပ်လိုက်မယ် "

ဟု ပြောလေရာ စံရှားက ဝင်ရောက်၍

" အလကားနောက်တာပါ ပုလဲရယ်၊ ပုလဲကို တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်ညီမလေးတစ်ယောက်လို သဘောထားပါတယ်၊ ပုလဲရဲ့ အိမ်မှာ အခုလို ခိုကပ်ပြီးနေခွင့်ရတာလည်း အလွန်ကျေးဇူးတင်ပါတယ်၊ ပုလဲကျွေးမွေးထားလို့ တို့နှစ်ယောက် စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ဘဝနဲ့ ဒီမြို့မှာနေရတာပါ ''

ဟု ပြောလိုက်ရာ ပုလဲက စံရှားကို စိတ်မကောင်းဟန်ဖြင့် ကြည့်၍

'' အို… နင်တို့ကလည်း ငါ့ရဲ့အခက်အခဲကို ဝင်ပြီးကူညီခဲ့တာပဲ၊ ဒါကြောင့် ဒီမြို့မှာနေသရွေ့တော့ စားရေးသောက်ရေးအတွက် မပူပါနဲ့''

ဟု ပြောလေ၏။ ထိုအခါ စံရှားက

'' ပုလဲမှာ မိဘတွေမရှိတော့ဘူးဆိုတော့ ဆွေမျိုးတွေရော မရှိဘူးလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ ပုလဲက

'' ပုလဲရဲ့ အဒေါ်တစ်ယောက်တော့ ဒီမြို့မှာ ငွေတိုးချေးစားတာ ရှိပါတယ်၊ သူက ငွေကြေးချမ်းသာပေမဲ့ တူမလေးတစ်ယောက် ဒုက္ခရောက်နေတာကို မသိဟန်ဆောင်ပြီးနေတယ်၊ ပုလဲကလည်း





သူတစ်ပါးကို အားမကိုးဘူး၊ ကိုယ့်အားကိုယ်ကိုးပြီးတော့ ကိုယ့်ထမင်း ကိုယ်ရှာစားတယ်၊ အဒေါ်နဲ့မပတ်သက်လည်း ငါ ဘာသာ ရပ်တည်နိုင်ပါတယ်၊ ကဲ…ဈေးရောင်းဖို့အချိန်ကျနေပြီ၊ နင်တို့ လှည်းပေါ်ကို ပစ္စည်းတွေကူတင်ပေးဦး ''

ဟု ပြောလေ၏။

ထိုအခါ စံရှားနှင့် ရွှေရိုးသည် သူ၏လှည်းပေါ်သို့ ပစ္စည်းများတင်ဆောင်ပြီး ဆိပ်ကမ်းသို့ လိုက်လံပို့ဆောင်ပေးလေ၏။

သူမ ဆိပ်ကမ်း၌ ဈေးရောင်းနေစဉ် စံရှားနှင့် ရွှေရိုးသည် အိမ်သို့ပြန်ပြီး ထမင်း၊ ဟင်းများ ချက်လေ၏။ ထမင်း၊ ဟင်းများ ချက်ပြုတ်ရင်း စံရှားက

'' အခုတလော ဆိပ်ကမ်းမှာ ငါတို့ကို စောင့်ကြည့်နေတဲ့ လူတွေရှိနေတယ်လို့ ခံစားရတယ် ''

ဟု ပြောလေရာ ရွှေရိုးက မျက်မှောင်ကြုတ်လိုက်ပြီး

'' ဟုတ်လား၊ ငါတော့ သတိမပြုမိဘူး၊ ဒီလူတွေဟာ ဘယ်သူတွေ ဖြစ်နိုင်မလဲ ''

ဟု ပြောလေ၏။ ထိုအခါ စံရှားက



www.burmeseclassic.com

www.burmeseclassic.com



" ငါ လွန်ခဲ့တဲ့နေ့ကမှ သတိပြုမိတာ၊ မနေ့က မသေချာလို့ ခင်ဗျားတို့ ငါမပြောသေးဘူး၊ ဒီနေ့မနက် ပုလဲကိုလိုက်ပို့တော့ ဆိပ်ကမ်းမှာ စောင့်ကြည့်နေတဲ့လူတွေကို ပိုပြီးတော့ သတိပြုမိလိုက်တယ်၊ နောက်ပြီးတော့ အဲဒီလူတွေထဲက တစ်ယောက်ဟာ ရုပ်ဖျက်ထားတယ်၊ သူ ဘယ်သူလဲဆိုတာ ငါ သေသေချာချာသိခဲ့တယ် "

ဟု ပြောလေရာ ရွှေရိုးက စိတ်လှုပ်ရှားဟန်ဖြင့်

" အဲဒီလူဟာ ဘယ်သူလဲ "

ဟု မေးမြန်းလေ၏။ စံရှားက

" သူ့ငွေးကျင်ဝမ်ရဲ့ လက်ရုံး၊ တစ်ဖက်လပ်တင်လုပဲ၊ တစ်ဖက်လပ် တင်လုဟာ သူ့ကို ငါတို့မမှတ်မိအောင် မျက်မှန်အနက်ကြီးတပ်ထားတယ်၊ ဦးထုပ်ကိုလည်း စောင်းထားတယ်၊ ဒါပေမဲ့ တင်လုရဲ့လမ်းလျှောက်ဟန်ကို ငါမှတ်မိနေတယ်၊ သူတို့ဟာ ငါတို့ ဒီမြို့မှာ ခိုအောင်းနေတယ်ဆိုတာ ရိပ်မိသွားပြီ၊ မကြာမီ ငါတို့ ဒီမြို့ကနေ ထွက်ပြေးမှဖြစ်တော့မယ် "

ဟု ပြောလေ၏။

စံရှား၏စကားကြောင့် ရွှေရိုးက ပတ္တမြားကြီးအတွက် စိုးရိမ်





သွားပြီး

" ဟင် ... ပြည်ကြီးတံခွန်ပတ္တမြားကြီးဟာ ငါတို့လက်ထဲမှာ ရှိနေမယ်ဆိုရင် ရန်သူလက်ထဲကိုရောက်ဖို့ အန္တရာယ်အတော်များတာပဲ "

ဟု ပြောလေ၏။

စံရှားကလည်း ခေါင်းညိတ်၍

" ဟုတ်တယ်၊ တစ်ချိန်ချိန်မှာ ရန်သူတွေဟာ ငါတို့ကို ဖမ်းမိသွားနိုင်တယ်၊ ဒါဆိုရင် ပြည်ကြီးတံခွန်ပတ္တမြားကြီးအတွက် စိုးရိမ်စရာရှိတာ အမှန်ပဲ၊ ပြည်ကြီးတံခွန်ပတ္တမြားကြီးကို တစ်နေရာမှာ ဝှက်ထားဖို့ ငါ ဆုံးဖြတ်လိုက်ပြီ "

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက ခေါင်းညိတ်၍

" ငါလည်း မင်းအကြံကို သဘောတူတယ်၊ ပြည်ကြီးတံခွန်ပတ္တမြားကြီးကို ဘယ်မှာဝှက်ထားဖို့ စိတ်ကူးသလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ စံရှားက



www.burmeseclassic.com

www.burmeseclassic.com



" ပြည်ကြီးတံခွန်ပတ္တမြားကို ဖွက်ဖို့နေရာကို ဒီအချိန်ထိ ငါ တွေးလို့မရသေးဘူး၊ မင်းလည်း ကူပြီးစဉ်းစားပေးဦး "

ဟု ပြောလေ၏။

စံရှားနှင့် ရွှေရိုးသည် ထမင်းဟင်းများ မချက်ပြုတ်နိုင်တော့ဘဲ ပုလဲ၏တဲအိမ်ကလေးတွင်ထိုင်၍ ပြည်ကြီးတံခွန်ပတ္တမြားကြီးအား ဖွက်ထားမည့်နေရာကို စဉ်းစားနေလေ၏။

စံရှားက

" ပုလဲရဲ့တဲအိမ်ကလေးထဲမှာပဲ ဖွက်ထားခဲ့ရင်ကောင်းမလား၊ ဒါမှမဟုတ် ပုလဲကို အသိပေးပြီး အပ်ထားခဲ့ရင် ကောင်းမလား "

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက

" ပုလဲကို အသိပေးလို့တော့မဖြစ်နိုင်ဘူးကွ၊ ပုလဲက ရိုးသားဖြူစင်ပြီး ငါတို့ညီမလေးတစ်ယောက်လို သဘောထားပါတယ်၊ ဒါပေမဲ့ သူဟာ ပြည်ကြီးတံခွန်ပတ္တမြားကြီးရဲ့နေရာကို သိမယ်ဆိုရင် အန္တရာယ်တွေ ကျရောက်နိုင်တယ်၊ ဒါကြောင့် ပုလဲကို အသိမပေးတာ အကောင်းဆုံးပါပဲ "





ဟု ပြောလေ၏။

စံရှားသည် အကြံရခက်ဟန်ဖြင့် ပုလဲ၏တဲအိမ်ကလေးကို အဓိပ္ပါယ်မဲ့ ကြည့်ရှုနေလေ၏။ ထိုသို့ကြည့်ရှုရင်း ပုလဲအလွန်နှစ်သက်သည်ဆိုသော ရွှေရောင်ဇီးကွက်ကလေးကို သွားရှု၍မြင်လိုက်၏။

ထို့ကြောင့် ထိုင်ရာမှထ၍ ဘုရားစင်ရှိရာသို့ လျှောက်လှမ်းသွားပြီ ဘုရားစင်ပေါ်တွင် တင်ထားသော ရွှေရောင်ဇီးကွက်လေးကို ယူလိုက်၏။

ပြီးနောက် ဇီးကွက်လေးကို ဖင်ပြန် ခေါင်းပြန်ကြည့်၍

" ငါတို့ရဲ့ပတ္တမြားကြီးကို ဒီရွှေဇီးကွက်လေးထဲမှာ ထည့်ပြီး ထားခဲ့ရင် ကောင်းမလား "

ဟု ပြောလေရာ ရွှေရိုးက စံရှား၏အနီးသို့ ရောက်လာပြီး ရွှေရောင်ဇီးကွက်လေးကို ကြည့်လေ၏။

ထို့နောက်

" ကောင်းတယ်၊ ငါတို့ ဒီရွှေဇီးကွက်လေးရဲ့အောက်ခြေကို ခွာပြီးတော့ ပြည်ကြီးတံခွန်ပတ္တမြားကြီးကို ထည့်ထားမယ်၊ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ဟန်မပျက် ကော်နဲ့ပြန်ပိတ်လိုက်မယ်၊ ရွှေဖိနပ်ကွက်လေးက ပုလဲကိုယ်တိုင်လုပ်ထားတဲ့ လက်ရာကွ၊ သူဟာသူကိုယ်တိုင်လုပ်ထားတဲ့ ရွှေဖိနပ်ကွက်လေးကို အလွန်မြတ်နိုးကြောင်း မကြာခဏ ပြောလေ့ရှိတယ်၊ ဒီရွှေဖိနပ်ကွက်လေးကို ဘုရားစင်ပေါ်မှာ တရိုတသေ တင်ထားတာပဲကြည့်လေ၊ ဒီဖိနပ်ကွက်လေးထဲမှာ ထည့်ထားတာဟာ ငါတို့ရဲ့ မြည်ကြီးတံခွန်ပတ္တမြားကြီးအတွက် လုံခြုံမှုရှိနိုင်တယ်"

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ၄င်းတို့သည်မြည်ကြီးတံခွန်ပတ္တမြားကြီးအား ပုလဲ၏ ရွှေဖိနပ်ကွက်လေးထဲတွင် ထည့်ထားရန် ဆုံးဖြတ်လိုက်ပြီး ရွှေဖိနပ်ကွက်လေး၏အောက်ခြေကို ခါးဖြင့်ခွာကာ၊ အတွင်းသို့ မြည်ကြီးတံခွန်ပတ္တမြားကို ထည့်လိုက်လေ၏။

ပြီးနောက် ရွှေဖိနပ်ကွက်အား ဟန်မပျက် ကော်ဖြင့်ပိတ်လိုက်လေ၏။ ထိုအခါ ရွှေဖိနပ်ကွက်လေးသည် မူလအတိုင်း သေသေသပ်သပ် လှပဆဲဖြစ်ကြောင်း တွေ့ရလေ၏။

၄င်းတို့သည် ရွှေဖိနပ်ကွက်လေးအား ဘုရားစင်ပေါ်သို့ ဟန်မပျက် ပြန်တင်ထားလိုက်ကြ၏။



စံရှားက

"မြည်ကြီးတံခွန် ပတ္တမြားကြီးအတွက်တော့ ငါတို့ လောလောဆယ် စိတ်အေးသွားပြီ၊ ရန်သူတွေ ငါတို့နှစ်ယောက်ကို ဖမ်းဆီးပြီး ရှာဖွေရင် ပတ္တမြားကြီးကို မတွေ့နိုင်တော့ဘူး၊ ဒီပတ္တမြားကြီးဟာ ငါတို့ တိုင်းပြည်ရဲ့ နန်းစဉ်ရတနာကွ၊ ဒါကြောင့် ငါတို့ အသက်နဲ့လဲပြီး ကာကွယ်ရမယ် "

ဟု ပြောလေရာ ရွှေရိုးက သက်ပြင်းချ၍

" ငါလည်း အရင်တုန်းကတော့ မြည်ကြီးတံခွန် ပတ္တမြားကြီးနဲ့ ပတ်သက်ပြီးတော့ လေးလေးနက်နက် စိတ်ကူးမရှိဘူး။ ဒါပေမဲ့ မင်းနဲ့အတူ နန်းစဉ်ပတ္တမြားကြီးကို ကာကွယ်ရင်းနဲ့ တိုင်းပြည်နဲ့လူမျိုးပိုင်တဲ့ပစ္စည်းကို တိုင်းတစ်ပါးလက် မအပ်ချင်တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ ဒါကြောင့် ငါ့အသက်နဲ့လဲပြီးတော့ မြည်ကြီးတံခွန်ပတ္တမြားကြီးကို ထိန်းသိမ်းမယ်လို့ ဆုံးဖြတ်လိုက်ပြီ "

ဟု ပြောကာ ၄င်းတို့နှစ်ဦးသည် တစ်ယောက်၏လက်မောင်းကို တစ်ယောက်ဆုပ်ကိုင်လိုက်ကြပြီး အားအင်သတ္တိများ ဝင်ရောက်လာသလို ခံစားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပဲ တဲအိမ်ကလေး၏ အရှေ့သို့ မြင်းရထားတစ်စီး ထိုးစိုက်လာပြီး မြင်းရထားပေါ်မှ လူလတ်ပိုင်းအရွယ်လူငယ်နှစ်ဦး ဆင်းလာလေ၏။

ထိုသူများသည် ပင်နီအင်္ကျီနှင့် ယောလုံချည်များကို ဝတ်ဆင်ထားပြီး ရုပ်ရည်တည်ကြည်ခံ့ညားသည်။ ထိုသူနှစ်ဦးအနက် တစ်ဦးက

" ငါ့ညီတို့က စံရှားနဲ့ ရွှေရိုးမဟုတ်လား "

ဟု မေးမြန်းလေရာ စံရှားတို့သည် ထိုသူများအား နားမလည်ဟန်ဖြင့် ကြည့်၍ ဟုတ်မှန်ကြောင်း ပြောလိုက်လေ၏။

ထိုအခါ ရုပ်ရည်တည်ကြည်သော လူတစ်ဦးက

" အစ်ကိုတို့က ဒီမြို့မှာ ဝံသာနု ဦးဘဖြူရဲ့တပည့်တွေပါ၊ ဝံသာနုဦးဘဖြူဆိုတာ မျိုးချစ်စိတ် အင်မတန်ထက်သန်တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ဦးဘဖြူဟာပဲ နယ်ချဲ့အလိုတော်ကြီးတွေကို မုန်းတီးတယ်၊ တိုင်းပြည် မငြိမ်မသက်ဖြစ်နေတဲ့အချိန်မှာ ပြည်သူတွေကို နှိပ်စက်ညှဉ်းပန်းတဲ့ တောကြောင်တွေ၊ အမြွတ်ကြီးစား အရင်းရှင်ကြီးတွေကိုလည်း ရွံရှာတဲ့စိတ်ဓာတ်ရှိတယ်၊ လွန်ခဲ့တဲ့ရက်က မောင်ရင်





တို့နှစ်ယောက်ဟာ စက်လှေသူဌေးရဲ့တပည့် လူဆိုးလူမိုက်တွေကို မြန်မာ့သတ္တိပြလိုက်တာကို ကြားလိုက်ရတယ်၊ ဒါကြောင့် ဝံသာနု ဦးဘဖြူဟာ မောင်ရင်တို့ကို ဂုဏ်ပြုချင်တဲ့အတွက် အစ်ကိုတို့ကို ခေါ်ခိုင်းလိုက်တာပဲ၊ အစ်ကိုတို့နဲ့ ခဏလောက်လိုက်ခဲ့ပါဗျာ "

ဟု ပြောလေ၏။

စံရှားနှင့် ရွှေရိုးသည် ထိုသူနှစ်ဦး၏ ဖိတ်ခေါ်မှုကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

ထိုသူများ၏ အမူအရာမှာ လူဆိုးလူမိုက်များ၏ အမူအရာမရှိဘဲ တည်ငြိမ်အေးဆေးသော အမူအရာကို တွေ့ရလေ၏။

၎င်းတို့သည် ဤမြို့မှ ထွက်ပြေးရန် အကူအညီလိုအပ်နေသဖြင့် ဝံသာနု ဦးဘဖြူဆိုသော ပုဂ္ဂိုလ်ကြီးနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ပင်နီအင်္ကျီဝတ် လူနှစ်ဦး၏ ခေါ်ဆောင်ရာသို့ လိုက်ပါလာလေ၏။ ဝံသာနု ဦးဘဖြူသည် မြို့တစ်နေရာရှိ မြန်မာဆန်ဆန် ဆောက်လုပ်ထားသော အိမ်ကြီး၌ နေထိုင်လေ၏။

မြင်းရထား အိမ်ရှေ့သို့ရောက်သောအခါ ပင်နီအင်္ကျီဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော လူငယ်တစ်ဦးက ခြံတံခါးကိုဖွင့်ပေးပြီး စံရှားနှင့်ရွှေရိုးအား အိမ်ကြီး၏ အတွင်းသို့ ခေါ်ဆောင်သွားလေ၏။

အိမ်ကြီး၏ ဧည့်ခန်းအတွင်းရှိ ကနုတ်ကုလားထိုင်ကြီးတွင် သျှောင်တစ်စောင်းထုံးထားသော လူကြီးတစ်ဦးကို မြင်တွေ့ရလေ၏။

ထိုသူကြီးက စံရှားနှင့် ရွှေရိုးကိုမြင်သောအခါ နှစ်လိုဖွယ် ပြုံးလိုက်ပြီး

" ငါတူတို့ ထိုင်ကြကွယ်၊ ဟောဒီမှာ အဖန်ရည်လည်း သောက်ဦး "

ဟု ဆိုကာ ရေနွေးကြမ်းနှစ်ခွက်ကို ငှဲ့ပေးလေ၏။

လက်ဖက်ထည့်ထားသော ယွန်းအစ်ကိုလည်း စံရှားတို့ရှေ့သို့ တိုးပေးလေ၏။ ထို့နောက် သျှောင်တစ်စောင်းထုံးထားသော လူကြီးက

" ဦးလေးကတော့ ဒီမြို့မှာ ဝဲသာနု ဦးဘဖြူဆိုပြီး လူသိများတယ်၊ အရှင်နှစ်ပါး ပါတော်မူတဲ့အချိန်မှာ ဦးလေးဟာ နန်းတွင်းမှာ အမှုထမ်းခဲ့တယ်၊ တိုင်းပြည် မငြိမ်မသက်ဖြစ်ပြီး တောကြောင်တွေ





ဆူပူထကြွတဲ့အတွက် မြန်မာပြည်အောက်စွန်းကို ပြောင်းရွှေ့လာခဲ့တာပဲ၊ အရှင်နှစ်ပါး ပါတော်မူခဲ့တာ နှစ်တွေကြာမြင့်ခဲ့ပါပြီ၊ ဒါပေမဲ့ ရတနာပုံနေပြည်တော်ကြီးကို ဒီနေ့အထိ လွမ်းဆွတ်နေတုန်းပဲ၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ နေထိုင်တဲ့ဘဝဟာ အလွန်အားရကျေနပ်ဖို့ကောင်းတာပဲ၊ အခုတော့ သူ့ကျွန်ဘဝမှာ နယ်ချဲ့အလိုတော်ရိမွန်သမျှ ကြောက်ရွံ့နေရတယ်၊ ကိုလိုနီခေတ်မှာ မင်းမှုထမ်းတွေကလည်း လာဘ်ပေးလာဘ်ယူ မကင်းကြဘူး၊ ဒီကြားထဲမှာ တောကြောင်တွေကလည်း ကိုယ့်အမျိုးသားအချင်းချင်း ဓိုလ်ကျစိုးမိုးပြီးတော့ အနိုင်ကျင့်စော်ကားကြတယ်၊ တောမှာလည်း တောအလျောက်၊ မြို့မှာလည်း မြို့အလျောက် အချင်းချင်း အနိုင်ကျင့် စော်ကားနေတာ လူမိုက်တွေပဲ၊ လွန်ခဲ့တဲ့ရက်က စက်သူဌေးရဲ့ လူမိုက်တွေကို မောင်ရင်တို့နှစ်ယောက်က ဝါးရင်းတုတ် ကိုယ်စီနဲ့ မြန်မာ့သတ္တိပြလိုက်တာကို ကြားရတယ်၊ မောင်ရင်တို့သတင်း ကို ကြားရတာ ဦးလေး အားရှိလိုက်တာ၊ မောင်ရင်တို့ သတ္တိအလွန် ကောင်းတာပဲ "

ဟု ချီးမွမ်းလေ၏။ ထိုအခါ စံရှားက



www.burmeseclassic.com

www.burmeseclassic.com



" သတ္တိကောင်းလှတယ်လို့တော့ မဟုတ်ပါဘူး ဦးလေး ရယ်၊ ဒါပေမဲ့ ကျုပ်တို့က မဟုတ်မခံစိတ်ရှိတယ်ဗျ၊ ကျုပ်တို့ကို မတရားအနိုင်ကျင့်လာရင်တော့ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ပြန်ပြီး တွန်းလှန်ရမှာပဲ "

ဟု ပြောလေ၏။

ထိုအခါ ဝံသာနု ဦးဘဖြူက လက်သီးလက်မောင်းတန်း၍

" ကြိုက်သွားပြီကွာ၊ ဒါမှ မြန်မာ့စိတ်ဓာတ်ကွ၊ မြန်မာဆိုတာ မဟုတ်မခံဘူး၊ ဖိနှိပ်ချုပ်ချယ်တာကို ဘယ်တော့မှလက်မခံဘူး၊ လက်တုံ့ပြန်ရမှ ကျေနပ်တယ်၊ ဒါနဲ့ နေပါဦး၊ မောင်ရင်တို့ ဒီမြို့ကို ဘယ်လိုအရေးကိစ္စနဲ့ ရောက်လာရတာလဲ "

ဟု မေးမြန်းလိုက်လေ၏။

ဝံသာနု ဦးဘဖြူ၏အမေးကြောင့် စံရှားနှင့် ရွှေရိုးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ပြောသင့် မပြောသင့် ချိန်ဆနေလေ၏။

ဝံသာနု ဦးဘဖြူသည် စံရှားတို့၏သဘောကိုရိပ်စားမိသွားပြီး

" မောင်ရင်တို့မပြောချင်လည်း ရပါတယ်၊ ဦးလေးက





အတင်းအကျပ် မမေးပါဘူး၊ ဘာကြောင့်လဲဆိုတော့ မောင်ရင်တို့ အခက်အခဲရှိရင် အကူအညီပေးချင်လို့ပါ "

ဟု ပြောလေ၏။

ဝံသာနု ဦးဘဖြူ၏စကားကြောင့် စံရှားက

" ဦးလေးကို လောလောဆယ် အဖြစ်မှန်တွေ မပြောဖြစ်သေး တာ ခွင့်လွှတ်ပါ၊ ဦးလေးကို ပြောသင့်မပြောသင့် ကျွန်တော်တို့နှစ် ယောက် ပြန်ပြီးတိုင်ပင်လိုက်ပါဦးမယ် "

ဟု ပြောလေ၏။

ထိုအခါ ဝံသာနု ဦးဘဖြူက

" ဦးလေးရဲ့မေးခွန်းကို မဖြေချင်လည်းရပါတယ်၊ ဦးလေး ဘယ်လိုမှ စိတ်ထဲမှာသဘောမထားပါဘူး၊ ဟောဒီမှာ မောင်ရင်တို့ အတွက် ဦးလေးက တတ်နိုင်တဲ့ဘက်က ဂုဏ်ပြုတာလေးကို လက်ခံပါ "

ဟု ဆိုကာ စံရှားနှင့် ရွှေရိုးတို့အတွက် ပင်နီအင်္ကျီနှင့် ရှမ်း ဘောင်းဘီ၊ ကင်းပတ်ဖိနပ်၊ ခါးမြှောင်၊ လက်နှိပ်ဓါတ်မီး စသည့် ယောက်ျားတို့ ဆောင်ယူသင့်သော အသုံးအဆောင်များကို ပေးအပ်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

စံရှားတို့သည် ဝံသာနု ဦးဘဖြူပေးအပ်သော လက်ဆောင်များကို ယူ၍ ၎င်း၏အိမ်ကြီးမှ ပြန်ခဲ့လေတော့၏။

အိမ်သို့ရောက်သောအခါ စံရှားက

" ငါတို့ ဒီမြို့ကို ဘာကြောင့်ရောက်သလဲဆိုတာ သိချင်နေပုံရတယ်၊ ဒါပေမဲ့ ဦးဘဖြူဟာ ဘယ်လိုလူမျိုးလဲဆိုတာ သေသေချာချာ မသိသေးဘဲ ပြည်ကြီးတံခွန်ပဏ္ဍာမြားကြီးနဲ့ ပတ်သက်ပြီးတော့ မပြောဝံ့သေးဘူး "

ဟု ပြောလေ၏။ ထိုအခါ ရွှေရိုးက

" ဝံသာနု ဦးဘဖြူ ဘယ်လိုလူစားလဲသိချင်ရင် ပုလဲကို မေးကြည့်ပေါ့ကွာ၊ ပုလဲက ဒီမြို့မှာနေလာတာ ကြာပြီပဲ၊ ပုလဲလို မိန်းကလေးဟာ ဝံသာနု ဦးဘဖြူဟာ ဘယ်လိုလူစားလဲဆိုတာ ကောင်းကောင်း ပြောနိုင်ပါလိမ့်မယ် "

ဟု ပြောလေ၏။

ညနေစောင်းသောအခါ စံရှားနှင့် ရွှေရိုးသည် ပုလဲအား သွားရောက် ကြိုဆိုကြ၏။ ထို့နောက် ပုလဲ၏တွန်းလှည်းကြီးကို





ကူညီ၍တွန်းပြီး ပြန်လာခဲ့လေ၏။

ပုလဲသည် ညစာချက်ပြုတ်ရန်အတွက် ဟင်းလျာများနှင့် အသီးအရွက်များကို ဝယ်ယူပြီး ၎င်းတို့နှင့်အတူ ပျော်ရွှင်စွာ ပြန်လာခဲ့လေ၏။

စံရှားတို့သည် ပုလဲချက်ပြုတ်နေစဉ် ကူညီ၍ ချက်ပြုတ်ပေးလေ၏။ ထိုသို့ချက်ပြုတ်ပေးရင် ဝံသာနု ဦးဘဖြူနှင့်ပတ်သက်သော အကြောင်းကို ပုလဲထံတွင် စုံစမ်းလေ၏။

ထိုအခါ ပုလဲက

" ဝံသာနု ဦးဘဖြူဟာ အင်မတန်လေးစားဖို့ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ မြို့ပေါ်မှာတော့ ဦးဘဖြူကို လူတိုင်းလေးစားကြတယ်၊ နယ်ချဲ့အလိုတော်ကြီးတွေတောင် ဦးဘဖြူဆိုရင် မကြည့်ဝံ့ဘူး၊ ဦးဘဖြူမှာ ကိုယ်ပိုင်စက်လှေရှိတယ်၊ စီးပွားရေးလုပ်ငန်းကြီးတွေ ရှိတယ်၊ ဒါပေမဲ့ သူက မရှိဆင်းရဲသားတွေအပေါ်မှာ ဘယ်တော့မှ မတရားမလုပ်ဘူး၊ သူ့ရဲ့ကိုယ်ကျိုးစီးပွားအတွက် နိမ့်ကျတဲ့သူတွေကို ဖိနှိပ်ချုပ်ချယ်တာမျိုး လုံးဝမလုပ်ဘူး၊ အလှူအတန်းလည်း အလွန် ရက်ရောတယ်၊ သူ့မှာ မျိုးချစ်စိတ်ရှိတဲ့အတွက် သူ့ကိုယ်သူ ဝံသာနု



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဖြူဆိုပြီးတော့ အမည်ခံတာပဲ၊ ဦးဘဖြူလို ပုဂ္ဂိုလ်ကြီးက နင်တို့နှစ်ယောက်ကိုခေါ်ပြီးတော့ ဂုဏ်ပြုတယ်ဆိုတော့ နင်တို့ ဝမ်းသာစရာပေါ့ဟယ်၊ ဦးဘဖြူက လူငယ်တွေကို သဘောကျပြီ ဆိုရင် ချီးမြှင့်မြှောက်စားလေ့ရှိတယ် ''

ဟု ပြောလေ၏။

ထိုအခါ စံရှားတို့သည် ဝံသာနု ဦးဘဖြူ၏အကြောင်းကို သိရှိသွားသဖြင့် နောက်တစ်နေ့တွင် ဦးဘဖြူထံသို့သွားပြီး မိမိတို့၏ အခက်အခဲကို ပြောပြရန် ဆုံးဖြတ်လိုက်၏။





နောက်တစ်နေ့သို့ရောက်သောအခါ စံရှားနှင့်ရွှေရိုးသည် ဝံသာနုဦးဘဖြူထံတွင် သွားရောက်ပြီး ပြည်ကြီးတံခွန်ပတ္တမြားကြီး နှင့် ပတ်သက်သော အကြောင်းကို ပြောပြလေ၏။

ဝံသာနု ဦးဘဖြူသည် စံရှား၏စကားကြောင့် အလွန် စိတ်လှုပ်ရှားသွားပြီး

''ဟင် ... နန်းတွင်းက ပြည်ကြီးတံခွန်ပတ္တမြားဟာ ကျော့သောင်းက ဦးရွှေတလုတ်ဆီကို ရောက်နေတာကိုး၊ ပြည်ကြီးတံခွန် ပတ္တမြားကြီးဟာ နန်းစဉ်ရတနာကွ၊ ဒီပစ္စည်းကို မောင်ရင်တို့



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲဝံ့ဝံ့ရယူလာတာ ချီးကျူးတယ်ကွာ၊ မောင်ရင်တို့ဟာ တကယ့်မျိုးချစ်လူငယ်တွေပဲ၊ မောင်ရင်တို့မှာ ဘယ်လိုအခက်အခဲရှိလဲ၊ ကျုပ်ကူညီဖို့အသင့်ပဲ ''

ဟု ပြောလေရာ စံရှားက

'' ပြည်ကြီးတံခွန်ပတ္တမြားကြီးကို ကျုပ်တို့လက်ထဲမှာ ရေရှည်ထားလို့မဖြစ်ဘူး၊ ကျွန်တော်တို့နောက်မှာ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေတယ်၊ နောက်ကို ပတ္တမြားကြီးရဲ့ပိုင်ရှင် ကော့သောင်းက ဦးရွှေတလုတ်ရဲ့လူတွေကလည်း လိုက်နေတယ်၊ နောက်ပြီးတော့ မြိတ်က ရွှေကျွန်းပျော်ပွဲစားရုံပိုင်ရှင် သူဌေးကျင်ဝမ်ရဲ့လူတွေကလည်း လိုက်နေတယ်၊ ဒီလူတွေ ကျုပ်တို့ကိုမိရင် နှိပ်စက်ညှဉ်းပန်းပြီး ပြည်ကြီးတံခွန်ပတ္တမြားကြီးရှိမဲ့နေရာကို မရရအောင်မေးမြန်းမှာပဲ၊ ဒါကြောင့် ပြည်ကြီးတံခွန်ပတ္တမြားကြီးကို ယုံကြည်စိတ်ချရတဲ့လူရဲ့လက်ထဲကို အပ်နှံချင်တယ် ''

ဟု ပြောလေရာ ဝံသာနု ဦးဘဖြူက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

'' ပြည်ကြီးတံခွန်ပတ္တမြားလို အဖိုးတန်တဲ့ပစ္စည်းတစ်ခုဟာ





တော်ရုံတန်ရုံလူ ထိန်းသိမ်းဖို့မဖြစ်နိုင်ဘူး၊ ကျုပ်အမြင်တော့ ပြည်ကြီးတံခွန်ပတ္တမြားကြီးကို ထိန်းသိမ်းနိုင်မဲ့လူဟာ မြန်မာပြည်မှာ အင်မတန်ကျော်ကြားတဲ့ ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက်နဲ့ မြန်မာ့နန်းစဉ်ရတနာတော်တော်များများကို သိမ်းဆည်းထားတယ်ဆိုတဲ့ စောရန်နိုင်ဆိုတဲ့ ပုဂ္ဂိုလ်ပဲ ''

ဟု ပြောလေ၏။

ထိုအခါ စံရှားက မျက်မှောင်ကြုတ်၍

'' ပြည်ကြီးတံခွန်ပတ္တမြားကို ထိန်းသိမ်းနိုင်တဲ့လူက ဆားပုလင်းမင်းအောင်ဆိုတဲ့လူနဲ့ စောရန်နိုင်ဆိုတဲ့ လူနှစ်ယောက်ပဲရှိတယ်ဟုတ်လား၊ ဦးလေးဆီမှာ ကျုပ်တို့ အပ်နှံထားလို့ မဖြစ်နိုင်ဘူးလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဝံသာနုဦးဘဖြူက သက်ပြင်းချ၍

'' ဦးလေးဆီမှာ ပြည်ကြီးတံခွန် ပတ္တမြားကို သိမ်းဆည်းထားနိုင်ရင် ခဏပေါ့ကွာ၊ ရေရှည်မှာတော့ ဦးလေးလည်း ပြည်ကြီးတံခွန်ပတ္တမြားကို သိမ်းဆည်းနိုင်မယ် မထင်ဘူး၊ ဦးလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်နဲ့နီးတဲ့အရပ်မှာ နေတယ်ဆိုတော့ ပင်လယ်ဓါးပြတွေဟာ သတင်းအနံ့ရသွားရင် ဦးလေးဆီက လုယူသွားနိုင်တယ်၊ ဒါကြောင့် ပြည်ကြီးတံခွန်ပတ္တမြားကို ဆားပုလင်းမင်းအောင်နဲ့ စောရန်နိုင်ဆိုတဲ့ ပုဂ္ဂိုလ်ဆီမှာပဲ အပ်နှံထားဖို့သင့်တယ် ''

ဟု ပြောလေ၏။

ထိုအခါ စံရှားက

'' ဒါဆိုရင် ကျုပ်တို့ ဆားပုလင်းမင်းအောင်ရှိတဲ့မြို့ကို သွားရမှာပေါ့ ''

ဟု ပြောလေရာ ဝံသာနု ဦးဘဖြူက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ မောင်ရင်တို့ ရန်ကုန်ကိုသွားပြီး သူတို့ နှစ်ယောက်ကို ရှာရမယ်၊ သူတို့နဲ့တွေ့ရင် အကျိုးအကြောင်းပြောပြီး ပြည်ကြီးတံခွန်ပတ္တမြားကို အပ်နှံရမယ် ''

ဟု ပြောလေရာ စံရှားက မိမိတို့မြို့သို့ သူဌေးကျင်ဝမ်၏ လူများ ရောက်ရှိနေကြောင်း ဝံသာနု ဦးဘဖြူအား အသိပေးလိုက်လေ၏။

ဝံသာနု ဦးဘဖြူက မျက်မှောင်ကြုတ်၍





'' ဪ… ဒါကြောင့် ဒီမြို့မှာ မသင်္ကာစရာ လူစိမ်းတွေ တွေ့နေတယ်လို့ ကျုပ်လူတွေက ပြောတာကိုး၊ ဒါဆိုရင် မောင်ရင်တို့ အတွက် အန္တရာယ်ရှိနေပြီ၊ မောင်ရင်တို့ ဒီမြို့က အမြန်ဆုံးထွက်သွားမှ ဖြစ်တော့မယ်၊ မောင်ရင်တို့ကို ကျုပ်ရဲ့စက်လှေနဲ့ ရန်ကုန်ထိရောက် အောင် ပို့ပေးမယ်၊ ရန်ကုန်ရောက်ရင် မောင်ရင်တို့ဘာသာ ဆက်ပြီး တော့ လှုပ်ရှားကြပေတော့ ''

ဟု ပြောလေရာ စံရှားက ခေါင်းညိတ်၍

'' ဦးလေးက ကျုပ်တို့ကို ရန်ကုန်ပို့ပေးမယ်ဆိုရင် ကျုပ်တို့ ရှေ့ဆက်ရမဲ့လုပ်ငန်းတွေ ပိုပြီးတော့ လွယ်ကူသွားပြီ၊ ဦးလေးကို ကျေးဇူးတင်ပါတယ်ဗျာ ''

ဟု ပြောလေ၏။

ဝံသာနု ဦးဘဖြူက လက်ကာပြ၍

'' ကျုပ်တို့အားလုံး တိုင်းပြည်အတွက် အလုပ်လုပ်နေတာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးတင်စရာမလိုပါဘူး၊ မနက်ဖြန် ည (၈) နာရီအရောက် မောင်ရင်တို့ ကျုပ်အိမ်ကို ရောက်အောင်လာခဲ့ ကြပါ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

စံရှားတို့သည် ဝံသာနု ဦးဘဲဖြူ၏အိမ်မှ ပြန်လာခဲ့လေ၏။ စံရှားနှင့် ရွှေအိုးတို့သည် မိမိတို့ နောက်တစ်နေ့တွင် ဤမြို့မှ ထွက်ခွာသွားမည့်အကြောင်း ပုလဲအား မပြောဝံ့ဘဲ ဖြစ်နေလေ၏။

ထို့ကြောင့် ပုလဲမသိအောင် တိတ်တဆိတ် ဤအရပ်မှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်၏။





ထိုနေ့ညသို့ရောက်သောအခါ စံရှားနှင့် ရွှေရိုးသည် အိပ်မပျော်နိုင်ဘဲ အိပ်ရာထဲတွင် တလူးလူးတလွန့်လွန့် ရှိနေလေ၏။

ထိုအချိန်မှာပင် ခြံတံခါးထိပ်မှ လူသံလိုလိုကြားရသဖြင့် စံရှားသည် တံခါးကြားမှ အပြင်သို့ ချောင်းကြည့်လိုက်၏။

ထိုအခါ လရောက်ဖြင့် ခြံတံခါးအနီးတွင် မသင်္ကာဖွယ် လူတစ်စုကို မြင်တွေ့ရလေ၏။

စံရှားသည် ရွှေရိုးအား လက်ကုပ်၍ ဆိုင်ကလေး၏ အပေါ်ရှိ ကုပ်ကွာန်းရှိရာသို့ တွယ်ကပ်၍ တက်သွားလေ၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ထုပ်တန်းပေါ်တွင်တက်၍ ငြိမ်သက်စွာ ပုန်းအောင်းနေလေ၏။

ခဏကြာလျှင် ခြံတံခါးအား ခြေဖြင့် ဝုန်းခနဲဆောင့်ကန်ပြီး လူတစ်စု ဝင်ရောက်လာကာ စံရှားတို့အား ရှာဖွေကြလေ၏။

စံရှားနှင့် ရွှေရိုးကို မတွေ့ရသောအခါ ထိုသူများသည် အံ့သြသွားပြီး

" ဟင်… ဒီကောင်နှစ်ကောင် အိမ်ရှေ့ကဆိုင်မှာ အိပ်တယ်ဆို၊ သူတို့ကို မတွေ့ပါလား၊ ဒါဆိုရင် ခရုပုတီးရောင်းတဲ့ ကောင်မလေးနဲ့ အတူတူအိပ်တယ်နဲ့တူတယ်၊ အံ့သြစရာပဲ "

ဟု ပြောလေ၏။ ထိုအခါ သေနတ်ကိုင်ထားသော လူတစ်ဦးက

" ဒါဆိုရင် ကျုပ်တို့ တဲအိမ်ထဲကိုဝင်ပြီး ဒီကောင်တွေကို ရှာမှ ဖြစ်တော့မယ်၊ အချိန်မရှိတော့ဘူး "

ဟု ဆိုကာ ပုလဲ၏တဲအိမ်လေးရှိရာသို့ လက်နက်ကိုင်များ ထွက်ခွာသွားလေ၏။

စံရှားတို့သည် ခေါင်မိုးကြားမှ ချောင်းကြည့်လိုက်ပြီး

" ဒီကောင်တွေဟာ သူဌေးကျင်ဝမ်ရဲ့လူတွေပဲ၊ ငါတို့ဆီက





ပြည်ကြီးတံခွန်ပတ္တမြားကို ခါးပြလာတိုက်တာ ဖြစ်လိမ့်မယ် "

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက ပုလဲကို စိုးရိမ်စွာဖြင့်

" ဟင်… ငါတို့ကိုမတွေ့ရင် ပုလဲကို ဒုက္ခပေးနေဦးမယ် "

ဟု ပြောလေ၏။

ထိုအခါ စံရှားက

" ငါ့အထင်တော့ ဒီကောင်တွေ ပုလဲကို ဒုက္ခပေးမှာမဟုတ်ဘူး၊ သူတို့ရဲ့ အဓိကရည်ရွယ်ချက်က ငါတို့နှစ်ယောက်ဆီက ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ခါးပြတိုက်ပြီးရယူဖို့ပဲ၊ ငါတို့ကို ရှာမတွေ့ဘူးဆိုရင် ဝိုက်စိပ်တိုက်ပြီး လိုက်ရှာဖို့ ကြိုးစားလိမ့်မယ်၊ ဒီတော့ ငါတို့နှစ်ယောက် ဒီနေရာကနေ အမြန်ဆုံးပြေးမှ ဖြစ်လိမ့်မယ် "

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးသည် ဆိုင်ကလေး၏နံရံ၌ မြေဖြူခဲဖြင့်

" ညီမလေး ပုလဲရေ၊ အစ်ကိုတို့ မမှော်လင့်ဘဲ ထွက်ခွာသွားတာ ခွင့်လွှတ်ပါ၊ တစ်ချိန်ချိန်မှာ ညီမလေးနဲ့ ပြန်ဆုံဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ် ''

ဟူသော စာကို ရေးခြစ်လိုက်လေ၏။

စံရှားတို့သည် ထိုညမှာပင် ဝံသာနု ဦးဘဖြူ၏အိမ်သို့ မှောင်ရိပ်ခိုပြီး ပြေးရလေ၏။ ဦးဘဖြူ၏ အိမ်သို့ရောက်သောအခါ မိမိတို့ကို သူဌေးကျင်ဝမ်၏လူများ ဓါးပြလာတိုက်ကြောင်း ပြောလေ၏။

ထိုအခါ ၎င်းတို့၏စကားကို စိတ်ဝင်စားဟန်ဖြင့် နားထောင်နေသော ဝံသာနု ဦးဘဖြူ၏မိန်းမက

'' ဟင်… ဒါဆိုရင် ပြည်ကြီးတံခွန်ပတ္တမြားကြီး ဘယ်မှာလဲ၊ ဓါးပြတွေရဲ့လက်ထဲကို ပါသွားပြီလား ''

ဟု အလောတကြီးအမူအရာဖြင့် မေးမြန်းလေ၏။

ဝံသာနု ဦးဘဖြူသည် သူ၏မိန်းမအား လက်ဖြင့်ကာလိုက်ပြီး

'' တင်တင်ရယ်၊ ဒီက မောင်ရင်နှစ်ယောက် စိတ်လှုပ်ရှားနေတုန်းမှာ မေးခွန်းတွေမမေးပါနဲ့ဦး၊ ရေအေးအေးတစ်ခွက်ကို တိုက်လိုက်ပါဦး ''

ဟု ပြောလေရာ ဝံသာနု ဦးဘဖြူထက် အသက်များစွာ





ငယ်ရွယ်ပုံရသော တင်တင်ဆိုသော မိန်းမက ဦးဘဖြူကို မျက်စောင်းထိုး၍

'' အို… ပြည်ကြီးတံခွန် ပတ္တမြားကြီးအကြောင်းကို တင်တင်က သိချင်လို့မေးတဲ့ဥစ္စာ ''

ဟု မကျေမချမ်း အမူအရာဖြင့် ပြောလေ၏။

စံရှားသည် တင်တင်ဆိုသော မိန်းမ၏လောဘရမ္မက်ကြီးသော အမူအရာကိုကြည့်ပြီး ပြည်ကြီးတံခွန် ပတ္တမြားနှင့်ပတ်သက်၍ အမှန်အတိုင်း ပြောချင်စိတ်များ ပျောက်ကွယ်သွား၏။

ထို့ကြောင့်

'' ပြည်ကြီးတံခွန် ပတ္တမြားကြီး ကျုပ်တို့ရဲ့ ကိုယ်နဲ့မကွာပါပါတယ်၊ ပတ္တမြားကြီးကို ကြည့်ချင်လို့လား ''

ဟု ပြောလိုက်ရာ ဝံသာနု ဦးဘဖြူက လက်ကာပြ၍

'' ကျုပ်တို့ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို မကြည့်တော့ပါဘူး၊ မောင်ရင်တို့ပဲ လုံခြုံအောင် သိမ်းထားပြီးတော့ နောက်တစ်နေ့ ကျွန်မြို့ကို ခရီးဆက်ဖို့ပြင်ကြပါ၊ လောလောဆယ် မောင်ရင်တို့ နှစ်ယောက်ကို ကျုပ်အိမ်မှာပဲ လုံလုံခြုံခြုံ ဝှက်ထားပေးပါ့မယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ တင်တင်ဆိုသော မိန်းမက

" ပြည်ကြီးတံခွန် ပတ္တမြားကြီးက အလွန်အဖိုးတန်တယ်ဆို၊ ပြည်တန်တဲ့ ပတ္တမြားကြီးကို တင်တင်ကြည့်ချင်လိုက်တာ "

ဟု ပြောလေ၏။ ထိုအခါ ဝံသာနု ဦးဘဖြူက လက်ကာပြ၍

" ပြည်ကြီးတံခွန် ပတ္တမြားကြီးဟာ ပါတော်မူသွားတဲ့ အရှင်နှစ်ပါး ပိုင်ဆိုင်တဲ့ပစ္စည်းကွယ့်၊ ငါတို့အနေနဲ့ စိတ်နဲ့တောင် မပြစ်မှားသင့်ဘူး၊ ဒါကြောင့် ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ကြည့်ဖို့မကြိုးစားတာဘဲ၊ ပတ္တမြားကြီးကိုမြင်ရင် လောဘရမ္မက်စိတ်တွေ ဖြစ်ပေါ်လာမှာစိုးလို့ပါ "

ဟု တားဆီးလိုက်လေ၏။

ထိုအခါ တင်တင်ဆိုသော မိန်းမက ကျေနပ်ဟန်မရှိဘဲ ခြေကိုဆောင့်၍ အခန်းထဲမှ ထွက်ခွာသွားလေ၏။

ဝံသာနု ဦးဘဖြူသည် သူ၏ ငယ်ရွယ်သော ဇနီး၏နောက်ကျောကိုကြည့်၍





" တင်တင်တတော့ အသက်ငယ်တယ်ဆိုတော့ နန်းတွင်းက အကြောင်းတွေဘယ်သိပါ့မလဲ၊ ငါတို့အရှင်တွေ ကိုယ့်ထီး၊ ကိုယ့်နန်းနဲ့ နေထိုင်ခဲ့တုန်းက နန်းစဉ်ရတနာတွေကို မင်းမျိုးမင်းနွယ်တွေက လွဲရင် ဒီပြင်လူတွေ ကြည့်ခွင့်တောင်မရှိဘူး "

ဟု ပြောလိုက်လေတော့၏။

စံရှားနှင့် ရွှေရိုးတို့သည် ဝံသာနု ဦးဘဖြူ၏အိမ်တွင် ပုန်းအောင်းပြီး နေထိုင်ရလေ၏။

စံရှားသည် ပုလဲနှင့်ပတ်သက်၍ စိုးရိမ်သောကစိတ်ကြောင့် စုံစမ်းကြည့်လေရာ ပုလဲသည် ယနေ့နံနက်တွင် သူမ၏ဆိုင်လေးကို တစ်ကိုယ်တည်းဖွင့်လှစ်ကြောင်း သိရသဖြင့် ရင်အေးသွားလေ၏။

ဓါးပြများသည် ပုလဲအား ဒုက္ခပေးသွားဟန်မရှိချေ။ စံရှားတို့သည် ပုလဲအား ၎င်းတို့၏ ညီမရင်းချာကဲ့သို့ တွယ်တာနေပြီဖြစ်သဖြင့် ပုလဲအတွက် စိုးရိမ်သောက ဖြစ်နေလေ၏။

ထိုနေ့ညသို့ရောက်သောအခါ စံရှားတို့သည် ဦးဘဖြူ၏ က်လှေရှိရာသို့ တိတ်တဆိတ် ရောက်သွားကြလေ၏။ စံရှားတို့ န်ယောက် စက်လှေပေါ်သို့ ရောက်သောအခါ စက်လှေသည်

www.burmeseclassic.com



ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့လေတော့၏။

မြို့မှ စက်လှေထွက်ခွာလာသောအခါ စံရှားက

" ငါတို့နှစ်ယောက်တော့ ရန်ကုန်ကို တက်ခဲ့ပြီ၊ ပြည်ကြီး တံခွန် ပတ္တမြားကိုတော့ ပုလဲရဲ့ရွှေစီးကွက်လေးထဲမှာ ကျန်ရစ်ခဲ့ပြီ "

ဟု ပြောလေရာ ရွှေရိုးက

" ငါတို့ ရန်ကုန်ကိုတက်ပြီး ဆားပုလင်းမင်းအောင်ကို အရင်ဆုံး ဆက်သွယ်ကြမယ်၊ သူနဲ့ အဆက်အသွယ်ရပြီးရင် ပုလဲ ကို ပြန်လာပြီး စီးကွက်ထဲက ပြည်ကြီးတံခွန်ပတ္တမြားကို ယူမယ် "

ဟု ပြောလေ၏။

ရွှေရိုး၏စကားကြောင့် စံရှားက

" ဆားပုလင်းမင်းအောင်ကို ဆက်သွယ်လို့မရလည်း စောရှိန် ဆိုတဲ့ပုဂ္ဂိုလ်ကို ဆက်သွယ်ပြီးတော့ ပုလဲဆီမှာရှိတဲ့ ပြည်ကြီးတံခွန် ပတ္တမြားကို ပြန်ယူပေးကြမယ်၊ ဝံသာနု ဦးဘမြှူဟာ ငါတို့အပေါ် ကျေးဇူးရှိတယ်၊ ဒါပေမဲ့ ပြည်ကြီးတံခွန် ပတ္တမြားအကြောင်း ဦးဘမြှူကို စုံစုံလင်လင် မပြောပြဖြစ်ခဲ့ဘူး "

ဟု ပြောလေ၏။



ထိုအခါ ရွှေရိုးက

" အဲဒီညက ငါလည်း ဆရာကြီး ဦးဘမြှူကို အမှန်အတိုင်း ပြောတော့မလို့ဘဲ၊ ဒါပေမဲ့ ဦးဘမြှူရဲ့ မနီးက လောဘရမ္မက်ကြီးတဲ့ ပုံပေါက်နေတယ်၊ ငါတို့နဲ့အတူ ပတ္တမြားကြီး ပါလာတယ်ဆိုရင် လုယက်ပြီးယူတော့မဲ့ပုံပဲ "

ဟု ပြောလေ၏။

စံရှားက သက်ပြင်းချ၍

" မိန်းမတွေက ရတနာတွေနဲ့ ပတ်သက်လာရင် ဒီလိုပါပဲ ကွာ၊ အလိုရမ္မက်ကြီးကြတယ်၊ ငါတို့ရဲ့ညီမလေးကိုတောင် ပြည်ကြီး တံခွန် ပတ္တမြားနဲ့ပတ်သက်ပြီး ဖွင့်မပြောခဲ့တာကြည့်လေ၊ ပုလဲသာ ပြည်ကြီးတံခွန်ပတ္တမြားရဲ့ အဖိုးတန်ပုံကိုသိသွားရင် လောဘရမ္မက် စိတ်တွေ ဖြစ်ရင်ဖြစ်လာနိုင်တယ် "

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဝံသာနု ဦးဘဖြူ၏ စက်လှေသည် ရန်ကုန်သို့ နီးကပ်လာလေတော့၏။ ထိုအချိန်၌ ဝံသာနု ဦးဘဖြူ၏မေနီး တင်တင်သည် မြို့စွန်ရှိ အိမ်ကလေးတစ်လုံးသို့ လျှို့ဝှက်သွားပြီး အိမ်ကလေး၏ အိပ်ခန်း၌ တစ်စုံတစ်ဦးနှင့် လျှို့ဝှက်တွေ့ဆုံလေ၏။

ထိုသူသည် ရွှေကျွန်းပျော်ပွဲစားရုံပိုင်ရှင် သူဌေးကျင်ဝမ် ဖြစ်၏။ သူဌေးကျင်ဝမ်သည် ခုတင်ပေါ်မှနေ၍ တင်တင်အား လက်ယက်ခေါ်လိုက်ရာ တင်တင်သည် ကျင်ဝမ်ရှိရာသို့ အပြေး သွားပြီး





" အစ်ကိုကြီးနဲ့မတွေ့ရတာ ကြာပြီ၊ အစ်ကိုကြီးကို သတိရ လိုက်တာ "

ဟု ပြိတီတီနိုင်သော လေသံဖြင့် ပြောလေ၏။

ထိုအခါ တရုတ်သူဌေးကျင်ဝမ်ကလည်း

" အစ်ကိုကြီးလည်း တင်တင့်ကို သတိရပါတယ်၊ တင်တင့် ဆီက အစ်ကိုကြီး လျှို့ဝှက်သတင်းတစ်ခုကို သိချင်တယ်၊ တင်တင် အစ်ကိုကြီးကို ပြောပြမှာလား "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ တင်တင်ဆိုသော မိန်းမ က တခစ်ခစ်ရယ်မော၍

" အစ်ကိုကြီးသိချင်ရင် တင်တင်ပြောရမှာပေါ့၊ ပြည်ကြီး တံခွန် ပဋ္ဌာမြားနဲ့ပတ်သက်ပြီး အစ်ကိုကြီးသိချင်လို့ မဟုတ်လား "

ဟု မေးမြန်းလိုက်ရာ တရုတ်သူဌေးကျင်ဝမ်သည် စိတ် လှုပ်ရှားသွားပြီး

" သိပ်ဟုတ်တာပေါ့ တင်တင်ရယ်၊ ပြည်ကြီးတံခွန် ဗဋ္ဌာမြားနဲ့ ပတ်သက်ပြီး တင်တင် ဘာတွေသိထားလဲ၊ အစ်ကိုကြီး ကို အမြန်ပြောစမ်း "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ တင်တင်က တရုတ်သူဌေးကျင်ဝမ်ကို ပြီတီတီကြည့်၍

" ပြည်ကြီးတံခွန် ပတ္တမြားနဲ့ပတ်သက်တဲ့သတင်းကိုရရင် အစ်ကိုကြီး တင်တင့်ကို ဘာပေးမှာလဲ "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ တရုတ်သူဌေးကျင်ဝမ်သည် လက်ငါးချောင်းထောင်ပြ၍

" ရွှေ (၅) ကျပ်သား ပေးမယ် "

ဟု ပြောလိုက်လေ၏။ ထိုအခါမှပင် တင်တင်က တခစ်ခစ်ရယ်မော၍

" ဒါမှ အစ်ကိုကြီးကွ "

ဟု ဆိုကာ ပြည်ကြီးတံခွန် ပတ္တမြားနှင့်ပတ်သက်၍ သူမသိသမျှကို တရုတ်သူဌေးကျင်ဝမ်အား ပြောပြလိုက်လေ၏။

ကျင်ဝမ်သည် ပြည်ကြီးတံခွန် ပတ္တမြား၏သတင်းကို ကြားသောအခါ မျက်မှောင်ကြုတ်လိုက်ပြီး

" ဒါဆိုရင် စံရှားနဲ့ ရွှေရိုးဆိုတဲ့ကောင်လေးက ရန်ကုန်ကို စက်လှေနဲ့ သွားပြီး ပတ္တမြားကြီးကို ဆားပုလင်းမင်းအောင်လက်ကို





အပ်တော့မယ်ပေါ့၊ ကျုပ်တို့ အချိန်မီလိုက်မှဖြစ်မယ် "

ဟု ပြောလေ၏။

ထိုအခါ တင်တင်က ခေါင်းညိတ်၍

" ဟုတ်တယ် အစ်ကိုကြီး၊ ဒီကောင်နှစ်ကောင် ရန်ကုန်မြို့ကို သွားပြီး ပြည်ကြီးတံခွန်ပတ္တမြားကို ဆားပုလင်းမင်းအောင်၊ ဒါမှမဟုတ် စောရန်နိုင်ရဲ့လက်ကို အပ်တော့မယ်၊ သူတို့နှစ်ယောက်လက်ထဲ ပတ္တမြားကြီးမအပ်မီ အစ်ကိုကြီးတို့လူတွေ အမြန်ဆုံးသွားမှဖြစ်မယ် "

ဟု ပြောလေ၏။

ထိုအခါ တရုတ်သူဌေးကျင်ဝမ်သည် သူ၏တပည့်များအား စက်လှေကို အသင့်ပြင်ဆင်ထားရန် အမိန့်ပေးလိုက်၏။

ထို့နောက် တင်တင်အားဖက်တာ

" အစ်ကိုကြီးနဲ့တင်တင် မတွေ့ရတာကြာပြီ၊ အတိုးချပြီး ခဏလောက် ပျော်လိုက်ရအောင် "

ဟု ပြောလိုက်ရာ တင်တင်က သဘောကျပြာန်ဖြင့် ရယ်မော၍



www.burmeseclassic.com

www.burmeseclassic.com



" တင်တင်ကလည်း ဝံသာနု ဦးဘဖြူဆိုတဲ့ သေခါနီး အဘိုးကြီးနဲ့ ပေါင်းရတာ ပျင်းရိငြီးငွေ့လာပြီ၊ အစ်ကိုကြီးနဲ့ ပြန်တွေ့ တာ တင်တင့်အတွက်တော့ ပျော်စရာတွေပဲ၊ ဟီ ဟီ... "

ဟု ရယ်မောပြီး တရုတ်သူဌေးကျင်ဝမ်၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေတော့၏။





စံရှားတို့သည် [illegible]ကုန်သို့ရောက်သောအခါ ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်ကွက်ရှိ ဆားပုလင်းမင်းအောင် နေထိုင်သည် ဆိုသောနေရာသို့ သွားရောက်စုံစမ်း၏။

ထိုအခါ ဆားပုလင်းမင်းအောင်နေထိုင်ရာ အမှတ် (၇)၊ အသောကလမ်းနေအိမ်၌ အိမ်တံခါးကို ပိတ်ထားသဖြင့် အနီး ပတ်ဝန်းကျင်သို့ စုံစမ်းလေရာ အနီးပတ်ဝန်းကျင်ရှိ လူများက ဆားပုလင်းမင်းအောင်ကို မတွေ့သည်မှာ လပေါင်းများစွာ ကြာခဲ့ ပြီဖြစ်ကြောင်း၊ ဆားပုလင်းမင်းအောင် ရပ်ဝေးခေသသို့ ခရီးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်ကြောင်း **ပြောလေ၏။**

စံရှားနှင့် ရွှေရိုးသည် ဆားပုလင်းမင်းအောင်ကို မတွေ့ရသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်သွားလေ၏။

၄င်းတို့သည် ဝံသာနု ဦးဘဖြူ၏ ညွှန်ကြားချက်**အရ** **ဆား**ပုလင်းမင်းအောင်ထံတွင် ပြည်ကြီးတံခွန် ပတ္တမြားကြီးကို အပ်နှံရန် လာရောက်ခဲ့ခြင်းဖြစ်၏။

ထိုစဉ်က ဝံသာနု ဦးဘဖြူက

" ဆားပုလင်းမင်းအောင်ဆိုတာ အင်းစိန်စီအိုင်ဒီက စုံထောက်တစ်ယောက်ပဲ၊ သူဟာ စုံထောက်ပညာနဲ့ပတ်သက်လို့ အရည်အချင်း ပြည့်ဝလွန်းတဲ့အတွက် မြန်မာပြည်စုံထောက်လောကမှာ သူဟာ အထူးချွန်ဆုံး လူတစ်ယောက်ပဲ၊ သူဟာ မျိုးချစ်စိတ်ရှိပြီး တည်ကြည်ခန့်ညားလွန်းတဲ့အတွက် လူတွေအားလုံး သူ့ကို လေးစားကြည်ညိုကြတယ်၊ ဆားပုလင်းမင်းအောင်က အရည်အချင်းပြည့်စုံတဲ့အတွက် သူလိုက်တဲ့အမှုမှန်ရင် မပေါ်ရိုးထုံးစံမရှိဘူး၊ ဆားပုလင်းမင်းအောင်ရဲ့မိတ်ဆွေ စုံထောက်ဦးပေါ်ဦးနဲ့ ဦးအောင်လှဆိုတဲ့ ပုဂ္ဂိုလ်နှစ်ယောက်လည်းရှိသေးတယ်၊ ဒါပေမဲ့ ဒီလူတွေဟာ ယုံ**ကြည်**





**စိတ်ချ**မှုမရှိဘူး၊ ဆားပုလင်း မင်းအောင်နဲ့မတွေ့ရင် ပတ္တမြားကြီးကို သူတို့လက်ကိုအပ်ဖို့ မကြိုးစားပါနဲ့ "

ဟု မှာကြားလေ၏။

စံရှားသည် ဝံသာနု ဦးဘဖြူ၏စကားကို ပြန်လည်ကြားယောင်လာသဖြင့်

" ဆားပုလင်းမင်းအောင်မှာ စုံထောက်ဦးပေါ်ဦးနဲ့ ဦးအောင်လှဆိုတဲ့ မိတ်ဆွေနှစ်ယောက်ရှိတယ်ဆိုပဲ၊ ဒါပေမဲ့ ဒီလူတွေဟာ ယုံကြည်ရတဲ့လူတွေမဟုတ်ဘူးတဲ့၊ သူတို့ကို ပြည်ကြီးတံခွန် ပတ္တမြားကြီး ပေးလို့မဖြစ်ဘူး "

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက

" ဒါဆိုရင် ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ရှေးဟောင်းနန်းစဉ်ရတနာတွေနဲ့ပတ်သက်လို့ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ စောရန်နိုင်ဆိုတဲ့ ပုဂ္ဂိုလ်ကိုပဲရှာပြီး အပ်နှံရမှာပဲ၊ ဝံသာနု ဦးဘဖြူက စောရန်နိုင်နဲ့ ပတ်သက်ပြီးတော့ သိပ်ပြီးသိပုံမပေါ်ဘူး၊ စောရန်နိုင်က ရန်ကုန်မြို့မှာရှိတယ်ဆိုတဲ့ သတင်းကိုပဲ မှန်းနိုင်တယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ စံရှားက

" ဘာပဲဖြစ်ဖြစ် စောရန်နိုင်ကို မတွေ့တွေ့အောင်ရှာပြီး မြည်ကြီးတံခွန် ပတ္တမြားကြီးကို အပ်နှံရမှာပဲ "

ဟု ပြောလေ၏။

ထို့နောက်တွင်မှု စံရှားနှင့် ရွှေရီးသည် ရန်ကုန်မြို့ထဲတွင် လှည့်လည်ကြည့်ရှုကြလေ၏။

၄င်းတို့သည် ရန်ကုန်မြို့ကြီး၏ စည်ကားသိုက်မြိုက်ပုံကို မြင်တွေ့ရသဖြင့် မယုံနိုင်လောက်အောင် အံ့သြနေလေ၏။

၄င်းတို့သည် လှပသော ကန်တော်ကြီးစောင်းအတိုင်း လှည့်လည် ကြည့်ရှုကြလေ၏။ ကန်တော်ကြီးကို တစ်ပတ်ပတ်ပြီးသော အခါ တိရစ္ဆာန်ရုံအတွင်းသို့ဝင်၍ တိရစ္ဆာန်များကို ငင်၍ ကြည့်ရှုကြပြန်၏။

ဤမျှများပြားသော တိရစ္ဆာန်များကို တစ်စုတစ်ဝေးကြီး တွေ့ရသဖြင့် စံရှားနှင့် ရွှေရီးသည် အလွန်သဘောကျနေလေ၏။

၄င်းတို့သည် ညနေသို့ရောက်သောအခါ ရွှေတိဂုံဘုရားအနီးရှိ





ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် သွားရောက်ခွင့်တောင်းပြီး အိပ်စက်ကြလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ တစ်နေကုန် ဓါတ်ရထား လျှောက်စီးပြီး သဘောအကျကြီး ကျနေလေ၏။

ထိုအချိန်၌ တရုတ်သူဌေးကျင်ဝမ်၏ တပည့်များသည် ရန်ကုန်မြို့ အနှံ့ လှည့်လည်၍ စံရှားနှင့် ရွှေရီးအား ရှာဖွေနေလေ၏။

၄င်းတို့သည် ရွှေတိဂုံဘုရား၊ ကန်တော်ကြီးစောင်း၊ တိရစ္ဆာန်ရုံ စသည်ဖြင့် လှည့်လည်ပြီး စံရှားတို့အား ရှာဖွေလေ၏။

သို့သော် စံရှားတို့နှင့် တွေ့လွဲလွဲပြီး မတွေ့ဘဲရှိနေလေ၏။ တရုတ် သူဌေး ကျင်ဝမ်၏တပည့်များသည် စံရှားတို့အား ရှာဖွေရင်း စကော့မတ်ကတ်(ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး)သို့ ရောက်သော အခါ ဓါတ်ရထားပေါ်တွင် ပျော်ရွှင်စွာ အော်ဟစ်ပြီး စီးနင်းလာသော စံရှားနှင့် ရွှေရီးတို့အား မြင်တွေ့လိုက်ရလေ၏။

တရုတ်သူဌေး ကျင်ဝမ်၏တပည့်များသည် စံရှားတို့ကို မြင်သောအခါ ဓါတ်ရထားပေါ်သို့ ကမန်းကတန်း တွယ်ကပ်၍ တက်လိုက်ကြပြီး စံရှားနှင့် ရွှေရီးတို့၏နောက်သို့ နောက်ယောင်ခံ၍



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာလေ၏။

စံရှားတို့သည် ရန်ကုန်မြို့ကြီး၏ မမြင်ဘူးသော ရှုခင်းများကို ကြည့်ရှုပြီး ပတ်ဝန်းကျင်ကို သတိမူခြင်းမရှိသဖြင့် တရုတ်သူဌေး ကျင်ဝမ်၏ လူများ အနောက်မှလိုက်နေခြင်းကို ရိပ်စားမိခြင်းမရှိချေ။

တရုတ်သူဌေး ကျင်ဝမ်၏လူများသည် စံရှားတို့တည်းခိုသော ရွှေတိဂုံဘုရားအနီးရှိ ဘုန်းကြီးကျောင်းကိုပင် သိရှိသွားလေတော့၏။

ထိုနေ့မှာပင် တရုတ်သူဌေး ကျင်ဝမ်သည် ရန်ကုန်မြို့သို့ ရောက်ရှိလာ၏။ စံရှားနှင့် ရွှေရိုးထံတွင် ရှိနေသော ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ရယူနိုင်ရန်အတွက် တပည့်များအား စီစဉ်ညွှန်ကြား လေတော့၏။

တရုတ်သူဌေးကျင်ဝမ်က

" ဒီကောင်တွေ ဆားပုလင်းမင်းအောင်ကို ရှာမတွေ့တဲ့ အတွက် ပြည်ကြီးတံခွန်ပတ္တမြားကြီးကို ဆားပုလင်းမင်းအောင်လက် မအပ်သေးတာ သေချာတယ်၊ သူတို့ဟာ စောရန်နိုင်ဆိုတဲ့ ရှေးဟောင်းပစ္စည်း စုဆောင်းတဲ့ပုဂ္ဂိုလ်ကို လိုက်ပြီးရှာဖွေနေပုံရတယ်၊ ဒါကြောင့် ငါတို့ သူတို့အရင် စောရန်နိုင်ကို အရင်စုံစမ်းရမယ် "





ဟု ပြောလေရာ ၎င်း၏တပည့်တစ်ဦးက

" သိပ်ကောင်းတဲ့အကြံအစည်ပဲ၊ သူတို့စောရန်နိုင်ကို စုံစမ်းတဲ့အခါ ကျုပ်တို့က စောရန်နိုင်အတုလုပ်ပြီးတော့ လက်ခံ တွေ့ဆုံလိုက်ရင် အားလုံးအဆင်ပြေသွားလိမ့်မယ်၊ ဒီကောင်တွေဟာ လူငယ်တွေဖြစ်ပေမဲ့ အတော်ခေါင်းမာတဲ့ပုံစံပဲ၊ သူတို့ကို စောရန်နိုင် မဟုတ်ဘဲနဲ့ ဖမ်းဆီးပြီးတော့ ခြိမ်းခြောက်မေးခွန်းထုတ်ရင် ပတ္တမြား ကြီးကို ထုတ်ပေးချင်မှ ထုတ်ပေးမယ် "

ဟုပြောလေ၏။

ထိုအခါ သူဌေးကျင်ဝမ်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ သူတို့ရဲ့ကိုယ်မှာ ပတ္တမြားကြီးကိုထားချင်မှ ထားမယ်၊ အခုလောက်ဆိုရင် လုံခြုံတဲ့နေရာမှာ ပတ္တမြားကြီးကို ဝှက်ထားပြီးပြီထင်တယ် "

ဟုပြောလေ၏။

ထို့နောက်တွင်မူ သူဌေးကျင်ဝမ်သည် စောရန်နိုင်အတု ဖန်တီးမည့်လူကို စဉ်းစားနေလေ၏။

မိမိ၏တပည့်များအား စောရန်နိုင်အဖြစ် ဟန်ဆောင်နိုင်း



www.burmeseclassic.com

www.burmeseclassic.com



လျှင် ရနိုင်သော်လည်း ပီပြင်မှုမရှိလျှင် စံရှားတို့ ရိပ်မိသွားနိုင်၏။

ထို့ကြောင့် စောရန်နိုင်အဖြစ် လူစိမ်းကိုသာ အသုံးပြုရန် ဆုံးဖြတ်လိုက်၏။ ထိုလူစိမ်းသည် သဘင်သည်တစ်ဦးဖြစ်လျှင် ပို၍ အဆင်ပြေနိုင်မည်ဟု ရိပ်စားမိ၏။

ထို့ကြောင့် ဗိုလ်တထောင်ဘက်တွင်ရှိသော မင်းသားရူး မောင်သာဆိုသူကိုခေါ်၍ စောရန်နိုင်အဖြစ် သရုပ်ဆောင်ပေးလျှင် ငွေ (၅) ကျပ်ပေးမည်ဖြစ်ကြောင်းပြောလိုက်၏။

ထိုအခါ မင်းသားရူးမောင်သာသည် အရက်ဖိုး (၅) ကျပ်ရသဖြင့် အလွန်ဝမ်းသာသွားပြီး သူဌေးကျင်ဝမ်၏ ခိုင်းသမျှကို ပြုလုပ်မည်ဖြစ်ကြောင်း အကြိမ်ကြိမ်အဖန်ဖန် ကတိပြုလေ၏။

သူဌေးကျင်ဝမ်သည် မင်းသားရူးမောင်သာအား အဝတ်အစားအချို့ကို ဝယ်ပေးပြီးနောက် သဃ်န်းကျွန်းဘက်ရှိ ကျွန်းအိမ်မည်းကြီး တစ်ဆောင်၌ သွားရောက်နေထိုင်ခိုင်းလေ၏။

မောင်သာသည် သူဌေးကျင်ဝမ်၏ ဝယ်ပေးသော အဝတ်အစားအသစ်များကို ဝတ်ဆင်ရပြီး ကျွန်းအိမ်မည်းကြီး၌ နေထိုင်ရသဖြင့် အလွန်သဘောကျနေလေ၏။





သူဌေးကျင်ဝမ်သည် စံရှားတို့နှင့်တွေ့လျှင် ပြောဆိုရမည့် စကားများအား မင်းသားရူးမောင်သာအား သေချာစွာ သင်ပြပေးလေ၏။

မင်းသားရူးမောင်သာသည် သူဌေးကျင်ဝမ် ပြောခိုင်းသည့် စကားလုံးများကို အလွတ်ကျက်၍ အမူအရာကိုလည်း ရှေးဟောင်း ပစ္စည်းဝါသနာအိုးတစ်ယောက်၏ အမူအရာအတိုင်း သရုပ်ဆောင်ရန် ကြိုးပမ်း၏။

ထို့နောက် တရုတ်ကျင်ဝမ်သည် သူ၏တပည့်များအား ခေါ်လိုက်ပြီး

" ကံကြမ္မာက ငါတို့ဖက်မှာရှိနေတယ်၊ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ငါတို့လက်ထဲ ရောက်ဖို့နီးနေပြီ၊ ဘာကြောင့်လဲ ဆိုတော့ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို လက်ခံမဲ့ ဆားပုလင်း မင်းအောင်ဆိုတဲ့ စုံထောက်လည်း အင်းစိန်စီအိုင်ဒီက ပျောက်နေတာ ကြာပြီ၊ နောက်ပြီးတော့ ပြည်ကြီးတံခွန်ကို လက်ခံယူမဲ့ ရှေးဟောင်း ပစ္စည်းဝါသနာအိုး စောရန်နိုင်ကလည်း ပြင်သစ်ကိုရောက်နေတယ် လို့ သတင်းကြားတယ်၊ ဒါကြောင့် စံရှားနဲ့ရွှေရိုးဟာ ပြည်ကြီးတံခွ



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားကြီးကိုကိုင်ပြီး ရန်ကုန်မြို့မှာ သောင်တင်နေလိမ့်မယ်၊ ငါတို့ ဒီအခွင့်အရေးကို လက်လွှတ်ခံလို့မဖြစ်ဘူး ”

ဟု တပည့်များအား မှာကြားလေ၏။

စံရှားနှင့်ရွှေရိုးသည် ရန်ကုန်မြို့အနှံ့ရှိ ရှေးဟောင်းပစ္စည်းဆိုင်များသို့ လှည့်လည်ဝင်ထွက်၍ စောရန်နိုင်နှင့် ပတ်သက်၍ စုံစမ်းလေ၏။

ထိုအခါ ရှေးဟောင်းပစ္စည်းဆိုင်များအားလုံးက ဆရာကြီးစောရန်နိုင် ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေကြောင်း ပြောလေ၏။

စံရှားက သတ်ပြင်းချ၍

“ ရန်ကုန်မြို့မှာ ပတ္တမြားကြီးကို လက်ခံယူမဲ့လူနှစ်ယောက်စလုံး မရှိဘူးဖြစ်နေတယ်၊ ဘာပဲဖြစ်ဖြစ် ဆားပုလင်းမင်းအောင်နဲ့ စောရန်နိုင် တစ်ယောက်ယောက်ကို ရှာဖွေပြီးတော့ ပတ္တမြားကြီးကို အပ်ရမှာပဲ ”

ဟု ပြောကာ ဆားပုလင်းမင်းအောင်နေထိုင်ရာ ကျောက်မြောင်းရပ်ကွက်နေအိမ်သို့ မကြာခဏ သွားရောက်ကြည့်ရှုလေ၏။





တစ်နေ့သ၌ စံရှားနှင့်ရွှေရိုးသည် ရှေးဟောင်းပစ္စည်းဆိုင်များတွင် လှည့်လည်၍ ဆရာကြီးစောရန်နိုင်၏သတင်းကို စုံစမ်းနေစဉ် ဗို့ဒ်ကားလေးတစ်စီး ၎င်းတို့၏အနီးတွင်ထိုးရပ်လိုက်လေ၏။

စံရှားနှင့် ရွှေရိုးသည် ကားပေါ်ရှိလူများကို မျက်နှာစိမ်းများဖြစ်နေသဖြင့် ငေးမောကြည့်ရှုနေစဉ် ဥရောပဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ဦးသည် ကားပေါ်မှဆင်းလာပြီး စံရှားနှင့်ရွှေရိုးကို ကြည့်၍

“ မောင်ရင်တို့က ဆရာကြီးစောရန်နိုင်အကြောင်းကို လိုက်စုံစမ်းနေတယ်ဟုတ်လား ”

ဟုမေးမြန်းလေရာ စံရှားနှင့်ရွှေရိုးက ဟုတ်မှန်ကြောင်း ပြောလိုက်လေ၏။

ထိုအခါ ဥရောပဝတ်စုံဝတ်ဆင်ထားသော လူငယ်က

“ ကျုပ်ဟာ ဆရာကြီးစောရန်နိုင်ရဲ့တပည့်ပါ၊ ဆရာကြီးမနေ့ကပဲ ပြင်သစ်က ပြန်ရောက်ပြီး သဃ်န်းကျွန်းက သူ့ရဲ့နေအိမ်ကို ပြန်ရောက်နေတယ်. ”

ဟုပြောလေရာ စံရှားနှင့်ရွှေရိုးသည် အံ့သြဝမ်းသာသွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

" ဝမ်းသာလိုက်တာဗျာ၊ ကျုပ်တို့က ဆရာကြီးနဲ့တွေ့ချင်လွန်းလို့ ရှာနေတာ ကြာပြီဗျ "

ဟုပြောလေ၏။ ထိုအခါ ဆရာကြီး၏ တပည့်က ခေါင်းညိတ်၍

" မောင်ရင်တို့ ရှေးဟောင်းပစ္စည်းဆိုင်တွေမှာ လှည့်ပြီးတော့ ဆရာကြီးစောရန်နိုင်ရဲ့သတင်းကို စုံစမ်းနေတာ ကျုပ်တို့ကြားပါတယ်၊ ဒါကြောင့် ဘယ်လိုအကြောင်းကိစ္စရှိလဲဆိုတာ သိချင်လို့ မောင်ရင်တို့ကို လိုက်ရှာနေတာပါ၊ ဆရာကြီးစောရန်နိုင်နဲ့ တွေ့ချင်ရင် ကျုပ်တို့ကားနဲ့လိုက်ခဲ့ပါ "

ဟု ဖိတ်ခေါ်လေ၏။

ထိုအခါ စံရှားနှင့်ရွှေရိုးသည် ၎င်းတို့ ဖိတ်ခေါ်ရာသို့ လိုက်ပါသွားလေ၏။ ဖိုဒ့်ကားလေးသည် သဃ်န်းကျွန်းဘက်သို့ ဦးတည်မောင်းနှင်သွားပြီး ကျွန်းအိမ်မည်းကြီး တစ်လုံးရှေ့တွင် ရပ်တန့်လိုက်လေ၏။

ကျွန်းအိမ်မည်းကြီး၏ ဧည့်ခန်းထဲသို့ ရောက်သောအခါ





ရင်ဖုံးအင်္ကျီ၊ ချိတ်လုံချည်နှင့် ခေါင်းပေါင်းကို အကျအန ပေါင်းထားသော ဥပဓိရုပ်ကောင်းသည့် လူတစ်ဦးကို တွေ့ရလေ၏။

ထိုသူသည် ဧည့်ခန်းထဲရှိ ကုလားထိုင်တွင် ထူထြွေရရ ထိုင်လျက်

" ကျုပ်က စောရန်နိုင်ပါ၊ မနေ့ကမှ ပြင်သစ်က ပြန်ရောက်ပါတယ်၊ မောင်ရင်တို့ ကျုပ်ကိုလိုက်ရှာနေတဲ့ သတင်းကိုကြားတယ် "

ဟုပြောလေ၏။

စံရှားနှင့်ရွှေရိုးသည် စောရန်နိုင်ဆိုသော ရှေးဟောင်းပစ္စည်းဝါသနာအိုးကြီးကိုကြည့်၍ ၎င်းတို့၏ရင်ထဲတွင် လွတ်လပ်ပေါ့ပါးသွားသယောင် ခံစားရလေ၏။

ပြည်ကြီးတံခွန် ပတ္တမြားကြီးနှင့်ပတ်သက်၍ ၎င်းတို့၏ တာဝန်ကို စောရန်နိုင်ဆိုသော ပုဂ္ဂိုလ်ကြီး၏ ပခုံးပေါ်သို့ လွှဲပြောင်းပေးရန် အချိန်ကျရောက်နေပြီ။ ထို့ကြောင့် စံရှားက

" ဦးလေးကို ကျုပ်တို့လိုက်ရှာနေတာ အလွန်အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခုရှိလို့ပါ၊ ဒီကိစ္စက ကျုပ်တို့တိုင်းပြည်ရဲ့ အနုစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရတနာနဲ့ပတ်သက်နေတယ် ”

ဟုပြောလေရာ စောရန်နိုင်ဆိုသော လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

“ မောင်ရင်တို့က လူငယ်တွေဖြစ်ပေမဲ့ မျိုးချစ်စိတ်ဓာတ်ပြည့်ဝပုံရတယ်၊ ကျုပ်တို့ တိုင်းပြည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနဲ့ နေထိုင်ရတဲ့အခါ အဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းပစ္စည်းတွေကို ပြန်လည်အသုံးချဖို့အတွက် ကျုပ် ငွေကုန်ကြေးကျခံပြီး စုဆောင်းထားခဲ့တယ် ”

ဟုပြောလေရာ စံရှားက

“ ဦးလေးရဲ့ စေတနာနဲ့ ရည်ရွယ်ချက်ကို လေးစားပါတယ်ဗျာ၊ ကျုပ်တို့လည်း အရှင်နှစ်ပါးရဲ့ နန်းစဉ်ရတနာတစ်ခုနဲ့ ပတ်သက်ပြီး ဦးလေးဆီမှာ အကူအညီတောင်းချင်လို့ပါ ”

ဟုပြောလေ၏။

ထိုအခါ စောရန်နိုင်က

“ ဒါဆိုရင် ကျုပ်တို့ ညစာစားရင်း အေးအေးဆေးဆေးပြောကြတာပေါ့၊ ကျုပ်နဲ့အတူ ညစာစားဖို့ ထမင်းစားခန်းကို လိုက်ခဲ့ပါ ”





ဟုပြောလေ၏။

ထမင်းစားခန်းသို့ရောက်သောအခါ စားပွဲရှည်ကြီး၌ ထမင်းဟင်းများ အကျအန ပြင်ဆင်ထားကြောင်းတွေ့ရလေ၏။

စံရှားတို့သည် စောရန်နိုင်ဆိုသော ပုဂ္ဂိုလ်ကြီး တည်ခင်းသည့် ထမင်းနှင့်ဟင်းများကို မြိန်ယှက်စွာ စားသောက်လေ၏။

ရွှေရိုးသည် ထမင်းစားလို့ကောင်းလှသဖြင့် ထမင်းတစ်ပန်းကန်ပြီး တစ်ပန်းကန် ထည့်စားလေ၏။ စံရှားက ရွှေရိုး၏ ပခုံးကိုပုတ်၍ လေသံတိုးတိုးဖြင့်

“ ဟေ့ကောင် ... ငါတို့က ဒီမှာ ဧည့်သည်လာလုပ်နေတာ၊ မင်းက ဘာဖြစ်လို့ အငမ်းမရစားနေရတာလဲ ”

ဟုပြောလေ၏။

ထိုအခါ ရွှေရိုးက

“ ငါတို့ ရန်ကုန်ကို ရောက်နေတာကြာပြီကွ၊ မြိတ်က အစားအစားတွေနဲ့ ဝေးနေတယ်၊ ဒီမှာချက်တာအကုန်လုံး မြိတ်က ချက်ထားတဲ့ ပုံစံအတိုင်းပဲ၊ စားရတာ အရသာရှိပါ့ကွာ ”

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး စောရန်နိုင်က စံရှားနှင့်ရွှေရိုး မြိန်ယှက်စွာ စားသောက်နေပုံကို သဘောကျဟန်ဖြင့်ကြည့်၍

" ညစာကို အေးအေးဆေးဆေး စားကြတာပေါ့၊ ညစာစားပြီးရင် မောင်ရင်တို့ ကျုပ်နဲ့ တွေ့ချင်တဲ့အကြောင်းကို ဆွေးနွေးကြရအောင် "

ဟုပြောလေ၏။

ညစာစားပြီးသောအခါ ဆရာကြီး စောရန်နိုင်၏ တပည့်များသည် လေသာဆောင်၌ ထိုင်ခုံများ ပြင်ဆင်ထားလေ၏။

ဆရာကြီးက စံရှားနှင့်ရွှေရိုးကို လေသာဆောင်သို့ ဖိတ်ခေါ်သွားပြီး သရက်သီး၊ ငှက်ပျောသီး စသော အသီးအနှံများနှင့် တည်ခင်းဧည့်ခံလေ၏။

စံရှားတို့သည် ဆရာကြီးစောရန်နိုင် တည်ခင်းသမျှများကို စားသောက်ရင်း စံရှားက ဦးဆောင်၍ ပြည်ကြီးတံခွန် ပတ္တမြားကြီးအား ၎င်းတို့လက်သို့ ရောက်ရှိလာပုံကို ဆရာကြီးအား ရှင်းလင်းပြလေ၏။

ဆရာကြီးသည် စံရှားတို့၏ စကားကိုနားထောင်၍





" မောင်ရင်တို့ရဲ့ သူရသတ္တိကိုတော့ ချီးကျူးပါတယ်ဗျာ၊ ကျုပ်တို့ အရှင်နှစ်ပါးရဲ့ နန်းစဉ်ပတ္တမြားကြီးဟာ မောင်ရင်တို့ရဲ့ ခွဲ၊ လုံ့လ၊ ဝီရိယ မရှိရင် ပြည်ပကိုရောက်သွားပြီး လူမသိ၊ သူမသိ ပျောက်ဆုံးသွားမှာ သေချာတယ်၊ မောင်ရင်တို့ အသက်အရွယ်နဲ့ ဒီလောက်တောင် စွန့်စားဝံ့တာ ယုံတောင်မယုံနိုင်ဘူး၊ ဒါနဲ့နေပါဦး၊ ပြည်ကြီးတံခွန် ပတ္တမြားကြီးက မောင်ရင်တို့ဆီမှာ ရှိလား "

ဟု မေးမြန်းလေသည်။

ထိုအခါ စံရှားက ခေါင်းညိတ်၍

" ပြည်ကြီးတံခွန် ပတ္တမြားကြီးဟာ ကျုပ်တို့ ကိုယ်နဲ့မကွာ ရှိပါတယ် "

ဟု ပြောလေ၏။

စံရှား၏အဖြေကြောင့် ရွှေရိုးသည် စံရှားအား နားမလည်ဟန်ဖြင့် ကြည့်လိုက်၏။ စံရှားက ရွှေရိုး၏ပေါင်ကို လက်ဖြင့် မသိမသာ ကုတ်၍

" ကျုပ်တို့တည်းခိုတဲ့ ဘုန်းကြီးကျောင်းမှာ ပြည်ကြီးတံခွန် ပတ္တမြားကို အပ်ထားပါတယ်၊ နောက်နေ့ကျရင် ဆရာကြီးစောရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ ပြည်ကြီးတံခွန် ပတ္တမြားကြီး လာအပ်ပါမယ် ''

ဟု ပြောလေ၏။

ထိုအခါ ဆရာကြီး ဇောရန်နိုင်က ခေါင်းတဆတ်ဆတ် ညိတ်၍

'' မောင်ရင်တို့လို မျိုးချစ်လူငယ်တွေက နန်းစဉ်ရတနာ့ကို ထိန်းသိမ်းဖို့ကြိုးစားတော့လည်း ကျုပ်တို့လို ရှေးဟောင်းပစ္စည်း ဝါသနာအိုးတွေက ဝိုပြီးတော့ တန်ဖိုးထားရတော့မှာပေါ့၊ ကျုပ်ဘဝမှာ ပြည်ကြီးတံခွန် ပတ္တမြားကို အသက်နဲ့လဲပြီး ထိန်းသိမ်းပါ့မယ်လို့ မောင်ရင်တို့ကို ကတိပေးပါတယ်ဗျာ ''

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဆရာကြီး ဇောရန်နိုင်သည် စံရှားနှင့် ရွှေရိုးအား သူ၏အိမ်၌ပင် ညအိပ်ရန် ပြောဆိုလေသည်။

သို့သော် စံရှားတို့က ၄င်းတို့တည်းခိုရာ စာ့န်းကြီးကျောင်းသို့ ပြန်မည်ဟု အတန်တန်ပြောဆိုနေသောကြောင့် ဗိုဒ္ဓိကားကလေးဖြင့် ရွှေတိဂုံဘုရားအနီးသို့ လိုက်လံပို့ဆောင်ပေးလေသည်။

ဆရာကြီး ဇောရန်နိုင်တို့လူစု၏ ဗိုဒ္ဓိကား ထွက်ခွာသွား





သောအခါ ရွှေရိုးက စံရှားဘက်သို့လှည့်၍

'' ဒီမှာ စံရှား၊ မင်းကို ငါနားမလည်နိုင်တာတစ်ခုရှိတယ်၊ ဆရာကြီး ဇောရန်နိုင်ကို ငါတို့လက်ထဲမှာ ပြည်ကြီးတံခွန်ပတ္တမြားကြီး ရှိမနေတာ ဘာဖြစ်လို့ အမှန်အတိုင်းမပြောလိုက်တာလဲ၊ ငါတို့ တည်းခိုတဲ့ ဆရာတော်ကြီးဆီမှာ အပ်နှံထားတယ်ဆိုတာ ဘယ်လို ရည်ရွယ်ချက်နဲ့ ပြောလိုက်တာလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ စံရှားက

'' ဘယ်လိုရည်ရွယ်ချက်နဲ့ပြောတာလဲဆိုတော့ ငါတို့ အလိမ်မိလိုက်လို့ကွ၊ ငါတို့နဲ့တွေ့တဲ့လူဟာ ဆရာကြီးဇောရန်နိုင် မဖြစ်နိုင်ဘူး၊ ငါတို့ရဲ့ရန်သူ သူခွေးဦးကျင်ဝမ် စီမံထားတဲ့ ဆရာကြီးဇောရန်နိုင် အတုဖြစ်လိမ့်မယ် ''

ဟု ပြောလေရာ ရွှေရိုးက နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်၍

'' ဖြစ်နိုင်ပါ့မလားကွ၊ ဆရာကြီးဇောရန်နိုင်က မနေ့ကပဲ ပြင်သစ်က ပြန်ရောက်လာတယ်လို့ပြောတယ်လေ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။

ထိုအခါ စံရှားက

" ငါလည်း အစတုန်းက ဆရာကြီးစောရန်နိုင်အစစ်ပဲလို့ ထင်မိတယ်၊ ဒါပေမဲ့ ထမင်းစားဝိုင်းရောက်မှ ငါတို့အတွက် ပြင်ဆင်ထားတဲ့ ဟင်းလျာတွေအားလုံး ရန်ကုန်မှာစားလေ့စားထရှိတဲ့ပုံစံမဟုတ်ဘဲ မြိတ်မှာစားတဲ့ အစားအစာမျိုးတွေ ဖြစ်နေတယ်၊ တို့စားတဲ့ထမင်းပွဲမှာ မြိတ်ကပ်ကြေးကိုက်ကအစပါတယ်၊ ဒါကြောင့် ဒီနေ့မင်း ထမင်းတစ်ပန်းကန်ပြီး တစ်ပန်းကန် စားလို့ဝင်တာပေါ့ "

ဟု ပြောလေရာ ရွှေရိုးက မျက်မှောင်ကြုတ်၍

" ဟာ... ဟုတ်သားပဲကွ၊ ရန်ကုန်သားတွေက ငါတို့မြိတ်သားတွေ စားလေ့စားထရှိတဲ့ ထမင်းဟင်းပုံစံမျိုး ချက်လေ့မရှိဘူး၊ ဒါဟာ တရုတ်သူဌေးကျင်ဝမ်ရဲ့လူတွေ ချက်ပြုတ်ပေးတာဖြစ်နိုင်တယ် "

ဟု ပြောလေရာ စံရှားက ခေါင်းညိတ်၍

" သိပ်ဟုတ်တာပေါ့ကွာ၊ ဒီညက စားသောက်တဲ့ ဟင်းလျာတွေ အားလုံးရဲ့အရသာဟာ ရွှေကျွန်းပျော်ပွဲစားရုံမှာစားတဲ့ အရသာ





အတိုင်းပဲ၊ ငါဟာ ဟင်းခွက်တွေကိုမြင်ကတည်းက ဒီဟင်းတွေကိုချက်ပြုတ်တဲ့သူဟာ ရွှေကျွန်းပျော်ပွဲစားရုံက စားဖိုမှူးကြီး ဦးကောင်းလက်ချက်ပဲဆိုတာ သိလိုက်တယ်၊ ဒါကြောင့် ငါတို့ကို လှည့်စားနေကြောင်း ရိပ်စားမိသွားတယ်၊ ဆရာကြီး စောရန်နိုင်ဆိုတာလည်း စောရန်နိုင်အစစ်မဟုတ်ဘဲ သူတို့ဖန်တီးထားတဲ့ အတုဖြစ်ကြောင်း ရိပ်စားမိခဲ့တယ်၊ ဒါကြောင့် ပတ္တမြားကြီး ငါတို့လက်ထဲမှာရှိတယ်ဆိုပြီ မုသားသုံးခဲ့ရတာပဲ၊ သူတို့ဟာ ငါတို့လက်ထဲက ပတ္တမြားကြီးကို ရမယ်ဆိုပြီး အယုံကြီးယုံသွားပြီ၊ ငါတို့ ဒီနေရာမှာ ဆက်နေလို့မဖြစ်တော့ဘူး၊ သူတို့နဲ့ဝေးရာကို ပြေးမှဖြစ်မယ် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ စံရှားနှင့် ရွှေရိုးသည် ထိုနေ့မနက် အရုဏ်တက်အချိန်မှာပင် ဘုန်းကြီးကျောင်းမှ တိတ်တဆိတ် ထွက်ခဲ့လေတော့၏။

၄င်းတို့သည် ဘုန်းကြီးကျောင်းမှထွက်ပြီး လမ်းတစ်နေရာသို့ရောက်သောအခါ ရထားလုံးတစ်စီးကို မြင်သဖြင့် ရထားလုံးပေါ်သို့တက်ကာ ကွမ်းခြံဘူတာကြီးသို့ မောင်းနှင်ရန် ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရထားလုံးသည် တခွပ်ခွပ် အသံပြုလျက် ထိုနေရာမှ ထွက်ခွာသွားလေ၏။ အတန်ကြာအောင် သွားပြီးနောက် ရထားလုံး ရပ်တန့်သွားသောအခါ စံရှားနှင့် ရွှေရိုးသည် ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်၏။

ထိုအခါ ကွမ်းခြံဘူတာကြီးမဟုတ်ဘဲ လူပြတ်သော ကန်တော်ကြီးစောင်းရှိ ခြံကြီးတစ်ခြံရှေ့တွင် ရောက်ရှိနေကြောင်း တွေ့ရလေ၏။

စံရှားနှင့် ရွှေရိုးသည် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ရထားလုံးမှ အောက်သို့ဆင်းရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် ရထားလုံးအနီးသို့ သေနတ်ကိုင်လူနှစ်ဦး ချဉ်းကပ်လာပြီး စံရှားနှင့်ရွှေရိုးအား

" ဟေ့ကောင်တွေ မလှုပ်နဲ့၊ အေးအေးဆေးဆေး လက်မြှောက်ပြီး ခြံထဲကိုဝင်စမ်း "

ဟု အမိန့်ပေးလိုက်လေ၏။

စံရှားတို့သည် မတတ်သာတော့ဘဲ ထိုသူများ၏ခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေ၏။





အိမ်ကြီးထဲသို့ရောက်သောအခါ မီးများလင်းထိန်သွားပြီး ညှိခန်းထဲတွင်ထိုင်နေသော လူကြီးတစ်ယောက်ကို မြင်သောအခါ စံရှားသည် မျက်လုံးပြူးသွားလေ၏။

ထိုသူမှာ ကော့သောင်းမြို့ရှိ သူဌေးကြီး ဦးရွှေတာလုတ်ဖြစ်၏။ ဦးရွှေတာလုတ်သည် စံရှားအား မီးဝင်းဝင်းတောက်သော မျက်လုံးဖြင့် ကြည့်၍

" နောက်ဆုံးတော့ မင်း ငါ့လက်ထဲကိုရောက်ရတာပဲ၊ ဘယ်မှာလဲ ငါ့ရဲ့ပတ္တမြား၊ အစုချက်ချင်းထုတ်ပေးစမ်း "

ဟု အမိန့်ပေးလိုက်လေ၏။

ထိုအခါ စံရှားက

" ပတ္တမြားကြီးကို ကျုပ် လုံခြုံတဲ့နေရာမှာ သိမ်းထားတယ်၊ ကျုပ်တို့ကိုယ်မှာ ရှာကြည့်ရင် ခင်ဗျားတွေ့မှာ မဟုတ်ဘူး "

ဟု ပြောလေရာ ဦးရွှေတာလုတ်က သူ၏တပည့်များအား စံရှားနှင့် ရွှေရိုး၏ကိုယ်ပေါ်တွင် ပတ္တမြားကြီးကိုရှာဖွေနိုင်းလေ၏။

၎င်း၏တပည့်များသည် စံရှားနှင့် ရွှေရိုး၏ လုံချည်များက အစ နံ့နံ့စပ်စပ် ရှာဖွေပြီးနောက် ပတ္တမြားကြီးမရှိကြောင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုအခါ ဦးရွှေတလုတ်က စားပွဲခုံကို လက်သီးဖြင့် ဒိုင်းခနဲ ထု၍

" ဟေ့ကောင်တွေ၊ မင်းတို့ ပတ္တမြားကြီး ဘယ်မှာရှိတယ် ဆိုတာ အခုချက်ချင်းပြောစမ်း၊ မပြောရင် မင်းတို့ကို ပစ်သတ်ပစ်လိုက်မယ် "

ဟု ပြောလေ၏။ ထိုအခါ စံရှားက တဟားဟား ရယ်မော၍

" ဟား ဟား ဟား… ခင်ဗျား ကျုပ်တို့ကို မပစ်ဝံ့ပါဘူး။ ကျုပ်တို့သေရင် ခင်ဗျားရဲ့ မြည်ကြီးတံခွန်ပတ္တမြားကြီးလည်း ဆုံးမှာပေါ့ဗျ၊ ကျုပ်တို့အသက်သေရင် သေသွားပါစေ၊ မြည်ကြီးတံခွန် ပတ္တမြားကြီးရှိတဲ့နေရာကိုတော့ ခင်ဗျားကို ပြောမှာမဟုတ်ဘူး "

ဟု ပြောလိုက်ရာ ဦးရွှေတလုတ်သည် ဒေါသချောင်းချောင်း ထွက်သွားပြီး စားပွဲခုံကို လက်သီးဖြင့်ထု၍

" ဟေ့ကောင်တွေ၊ ဒီကောင်တွေကို အခန်းထဲခေါ်ပြီး ချုပ်ထားစမ်း၊ မြည်ကြီးတံခွန် ပတ္တမြားကြီးရှိတဲ့နေရာကို ဖွင့်





မပြောသရွေ့ ဘာအစားအစာမှမကျွေးနဲ့၊ အိုကွာ… ရေတစ်ခွက်တောင် တိုက်စရာမလိုဘူး၊ နောက်ဆုံး ဒီကောင်တွေငတ်လာရင် ပတ္တမြားကြီးရှိတဲ့နေရာကို ငါတို့ကို ဖွင့်ပြောလိမ့်မယ် "

ဟု ပြောလေရာ စံရှားက တဟားဟား ရယ်မော၍

" ဟား… ဟား… ဟား… ကျုပ်တို့က ကိုယ့်ကိုယ်ကိုယ် သေလူလို့ မှတ်ထားပြီးသားဗျ၊ အစာငတ်တာလည်း ခံနိုင်တယ်၊ ခင်ဗျားတို့ ကြိုက်သလိုလုပ် "

ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးရွှေတလုတ်၏တပည့်များသည် စံရှားနှင့် ရွှေရိုးအား အိမ်ကြီး၏ အပေါ်ထပ်ရှိ အခန်းတစ်ခန်းထဲသို့ထည့်၍ အပြင်မှ သော့ခတ်ထားလိုက်လေတော့၏။

စံရှားတို့သည် အခန်းထဲသို့ရောက်သောအခါ ကြမ်းပေါ်တွင် ပက်လက်လှဲ၍ အနားယူကြ၏။

" ငါတို့မှာ အန္တရာယ်တွေပတ်လည်ဝိုင်းနေတာ သေချာပြီ၊ ဦးရွှေတလုတ်ကလည်း သူ့ရဲ့ပတ္တမြားပြန်မရရင် ငါတို့ကို နှိပ်စက်ညှဉ်းပန်းမှာသေချာတယ်၊ ဘာပဲဖြစ်ဖြစ် အရှင်နှစ်ပါးရဲ့ နန်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရတနာကိုတော့ ပြည်ပကို အရောက်မခံနိုင်ဘူး ”

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ဦးရွှေတလုတ်တို့ရှိရာ ခြံကြီးရှေ့သို့ ပုလိပ်အရာရှိကြီးများနှင့် စံရှားတို့ကို ပို့ဆောင်ပေးသောမြင်းလှည်းသမားရောက်ရှိလာလေ၏။

ပုလိပ်အရာရှိက

“ ကျုပ်တို့ ဒီခြံထဲကို စစ်ဆေးစရာရှိတယ်၊ ခင်ဗျားတို့မြင်းလှည်းပေါ်က ဆင်းလာတဲ့လူနှစ်ယောက်ကို သေနတ်နဲ့ချိန်ပြီး ခြံထဲကို ဖမ်းခေါ်သွားတယ်လို့ မြင်းလှည်းသမားက ကျုပ်တို့ကို တိုင်တယ် ”

ဟု ပြောလေရာ ဦးရွှေတလုတ်၏တပည့်များသည် အထိတ်တလန့် ဖြစ်သွားပြီး ဦးရွှေတလုတ်အား သွားရောက်အကြောင်းကြားလေ၏။

ဦးရွှေတလုတ်က တောက်ခေါက်၍

“ တောက်… မြင်းလှည်းသမား အရက်မူးပြီးတော့ ဖော်ကောင်လုပ်ပြီ၊ ဒီကောင့်ကို ငါတို့ ငွေမတန်တဆပေးပြီး စည်းရုံးထား





တာ အလကားဖြစ်ပြီ ”

ဟု ဆိုကာ စံရှားနှင့်ရွှေရိုးအား အိမ်ကြီး၏အပေါ်ထပ်မှ ထုတ်၍ ခြံထဲသို့ခေါ်ဆောင်သွားရန် အမိန့်ပေးလိုက်၏။

ထို့နောက် အိမ်ကြီး၏အောက်သို့ဆင်းပြီး ပုလိပ်များအား ဖော်ရွေစွာ ညှို့ခံ၍

“ ကျုပ်တို့က ကုန်သည်အလုပ်ကိုပဲ ရိုးရိုးသားသားလုပ်စားပါတယ်၊ မဟုတ်တဲ့အလုပ်ကို ဘာတစ်ခုမှမလုပ်ပါဘူး၊ မြင်းလှည်းသမားက အရက်မူးပြီးတော့ ထင်ရာမြင်ရာတွေ လျှောက်ပြောနေတာပါ ”

ဟု ပြောလေရာ ပုလိပ်များက ဦးရွှေတလုတ်ကို မသင်္ကာဟန်ဖြင့် ကြည့်၍

“ ဒါဆိုရင် ကျုပ်တို့ အိမ်ကြီးအပေါ်တက်ပြီး ရှာကြည့်ချင်တယ် ”

ဟု ပြောလေရာ ဦးရွှေတလုတ်သည် မျက်နှာကွက်ခနဲ ပျက်သွားလေ၏။

ထိုအချိန်၌ ဦးရွှေတလုတ်၏ တပည့်များသည် စံရှားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေရိုးအား မြို့ကြီး၏အနောက်သို့ သေနတ်ဖြင့်ချိန်၍ ငြိမ်သက်စွာနေရန် ပြောလေ၏။

ဦးရွှေတလုတ်သည် ၎င်းတို့ကို ပုလိပ်များရှာဖွေနေခိုက်တွင် စံရှားနှင့် ရွှေရိုးအား မြို့နောက်သို့ခေါ်ဆောင်သွားရန် အမိန့်ပေးလိုက်၏။

ထိုအခါ လူဆိုးများသည် စံရှားတို့အား သေနတ်ဖြင့်ချိန်၍ မြို့အနောက်သို့ ခေါ်ဆောင်သွားလေ၏။

စံရှားသည် လူဆိုးများက မိမိတို့အား သေနတ်နှင့် မပစ်ဝံ့ကြောင်းကို ရိပ်စားမိ၏။

ထို့ကြောင့် ရွှေရိုးက မျက်ရိပ်ပြ၍ မြို့စည်းရိုးကို လွှားခနဲကျော်တက်လိုက်ပြီး မြို့အနောက်သို့ ခုန်ချလိုက်လေ၏။

လူဆိုးများသည် စံရှားတို့အား သေနတ်ဖြင့်ပစ်ရန် မဖြစ်နိုင်သဖြင့် ပြန်လည်ချုပ်နှောင်ပြီး ဖမ်းဆီးရန် ကြိုးပမ်းလိုက်၏။

စံရှားသည် သူ၏ခြေထောက်ကို ချုပ်ကိုင်ထားသော လူဆိုး၏မျက်နှာကို ခြေဖြင့် တအားဆောင့်ကန်လိုက်ရာလူဆိုးသည် ဖင်ထိုင်လျက် လဲသွားလေ၏။





ရွှေရိုးကလည်း သူ၏ခါးအား ဖက်ထားသော လူဆိုး၏ခေါင်းကို တံတောင်ဖြင့်ထောင်းလိုက်ရာ လူဆိုးသည် အားခနဲအော်၍ လဲကျကျန်ရစ်ခဲ့လေ၏။

စံရှားနှင့် ရွှေရိုးသည် မြို့အပြင်သို့ ခုန်ချ၍ ထိုနေရာမှ ခြေကုန်သုတ်၍ ပြေးလွှားခဲ့လေတော့၏။

စံရှားတို့သည် ရန်ကုန်မြို့တွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့မှန်း ရိပ်စားမိသွားလေ၏။ ထို့ကြောင့် ရန်ကုန်မြို့မှထွက်မည့် လော်လီကားကြီးများ စီတန်း ရပ်ထားရာနေရာသို့သွား၍ လမ်းကြုံလိုက်ခွင့်တောင်းလေ၏။

ထို့နောက် လော်လီကားကြီးတစ်စီးနှင့်အတူ လမ်းကြုံလိုက်ခဲ့လေတော့၏။

၎င်းတို့သည် ဆန်အိတ်များပေါ်တွင် ပက်လက်လှန်၍ လိုက်ရင်း ရွှေရိုးက

" ငါတို့နှစ်ယောက် အန္တရာယ်တွေ ပတ်လည်ဝိုင်းနေပါလားကွာ၊ တရုတ်သူဌေး ကျင်ဝမ်ရဲ့တပည့်တွေကလည်း ငါတို့ကိုနည်းအမျိုးမျိုးနဲ့ ချည်းကပ်ဖို့ကြိုးစားနေတယ်၊ ဦးရွှေတလုတ်သလည်း



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းနည်းနဲ့ ငါတို့ကို ချုပ်ကိုင်ဖို့ ကြိုးစားတယ်၊ ကြာရင် တို့နှစ်ယောက် အသက်အန္တရာယ်နဲ့တောင် ကြုံတွေ့နိုင်တယ် ''

ဟု ညည်းညူလေ၏။ ထိုအခါ စံရှားက ရွှေရိုး၏ပခုံးကို ဖက်၍

'' ဟောကောင်… ရွှေရိုး၊ မင်း သတ္တိကြောင်နေပြီလား၊ ဒီလောက်တော့ စွန့်စားရမှာပေါ့ကွ၊ လူဟာ လောကမှာ တစ်ကြိမ် တစ်ခါပဲ သေရမှာပါ၊ သူရဲဘောကြောင်တဲ့သူဟာ အကြိမ်ကြိမ်သေရတယ်လို့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်ကွ ''

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက ခေါင်းခါယမ်း၍

'' ငါ သတ္တိမကြောင်ပါဘူးကွာ၊ ငါတို့မှာ အန္တရာယ်တွေ မထင်မှတ်လောက်အောင် များနေတာကို အံ့ဩလွန်းလို့ပါ ''

ဟု ပြောလေ၏။

စံရှားက သက်ပြင်းချ၍

'' လူတွေဟာ လောဘသားတွေကွ၊ မြည်ကြီးတံခွန် ပတ္တမြားကြီးဟာ တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန်မှန်း



သိကြတယ်၊ ဒါကြောင့် ပတ္တမြားကြီးကို မရရအောင် သိမ်းပိုက်ဖို့ ကြိုးစားနေကြတာပဲ ''

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက

'' ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ မြည်ကြီးတံခွန် ပတ္တမြားကြီးကို အပ်နှံမဲ့ လူနှစ်ယောက်ကလည်း ရန်ကုန်မြို့မှာ ရှိမနေဘူး ''

ဟု ပြောလေ၏။ စံရှားက

'' ဆားပုလင်းမင်းအောင်ဆိုတဲ့လူနဲ့ စောရန်နိုင်ဆိုတဲ့လူကြီး ရောက်လာတဲ့အခါ ငါတို့အတွက် အန္တရာယ်ကင်းပါပြီကွာ၊ ငါတို့နှစ်ယောက်အတွက် ကံဆိုးတာက ပတ္တမြားကြီးကို လက်ခံမဲ့လူနှစ်ယောက်ဟာ ရန်ကုန်မြို့မှာ ရှိမနေတာခက်တယ်၊ လောလောဆယ် ငါတို့ ရန်ကုန်မြို့နဲ့ဝေးရာ နေရာတစ်ခုမှာ လျှို့ဝှက်ပြီး နေအောင်းနေကြမယ်၊ ပြီးတော့မှ ရန်ကုန်မြို့ကို တက်ပြီးတော့ ပတ္တမြားကိုလက်ခံမဲ့ ပုဂ္ဂိုလ်နှစ်ယောက်ကို ရှာဖွေကြမယ် ''

ဟု ပြောလေ၏။ စံရှား၏အကြံကို ရွှေရိုးက သဘောတူသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



" သိပ်ကောင်းတဲ့ အကြံအစည်ပဲ၊ ဒါဆိုရင် ငါတို့ နှစ်ယောက် ဘယ်မှာသွားပြီးနေကြမလဲ "

ဟု ပြောလေ၏။

ထိုအခါ စံရှားက

" ငါတို့မှာ နေစရာမှမရှိတာ၊ မြန်မာပြည်အနှံ့လှည့်ပြီး ဘုရားတွေ လျှောက်ဖူးမယ်ကွာ၊ ဘုရားဖူးတော့ ကုသိုလ်ရတာပေါ့ "

ဟု ပြောလေရာ ရွှေရိုးက

" သိပ်ကောင်းတဲ့ အကြံအစည်ပဲ၊ ငါလည်း မြန်မာပြည်အနှံ့ ဘုရားတွေဖူးချင်နေတာ ကြာပြီကွ "

ဟု ဆိုကာ စံရှားနှင့် ရွှေရိုးသည် ခြေဦးတည်ရာသို့ လှည့်လည်ပြီး ဘုရားများကို လိုက်လံဖူးမြော်ကြလေ၏။





တစ်နေ့သ၌ စံရှားတို့သည်'အညာ၌ ဘုရားပွဲကြီးတစ်ပွဲနှင့် ဆုံလေ၏။ အညာဘုရားပွဲဈေးတန်းကြီးတစ်လျှောက် စည်ကားသိုက်မြိုက်ပုံကိုကြည့်၍ စံရှားက

" ဆယ့်နှစ်ပွဲဈေးသည်တွေ အများကြီးပါလား၊ ဘုရားပွဲဈေးတန်းတစ်လျှောက် လှည့်ပြီးကြည့်ကြရအောင်၊ ဗိုက်ဆာရင် တစ်ခုခုစားတာပေါ့ကွာ "

ဟု ပြောရင်း ဆယ့်နှစ်ပွဲဈေးသည်များအား လှည့်လည်ကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြည့်ရှုရင်း တစ်နေရာသို့ရောက်သောအခါ ခရုပုတီးလေးများကို ရောင်းချသော မိန်းကလေးတစ်ယောက်ကို တွေ့မြင်လေ၏။

စံရှားသည် ထိုမိန်းကလေးကိုမြင်သောအခါ သက်ပြင်းချလိုက်ပြီး

" ငါတော့ မြို့မှာကျန်ရစ်ခဲ့တဲ့ ညီမလေးပုလဲကို သိပ်သတိရတာပဲကွာ "

ဟု ပြောလေ၏။

စံရှား၏စကားကြောင့် ရွှေရိုးသည် မျက်နှာပျက်သွားပြီး

" ဟုတ်တယ်၊ ငါလည်း ပုလဲကို သတိရတယ်၊ သူ့ကို နှုတ်မဆက်ဘဲ ထွက်သွားတဲ့အတွက် ပုလဲတော့ ငါတို့ကို အတော်စိတ်ဆိုးမှာပဲ၊ ပြည်ကြီးတံခွန်ပတ္တမြားကြီးနဲ့ပတ်သက်တဲ့ အချုပ်တော်ပုံတွေရှင်းသွားရင်တော့ ညီမလေးပုလဲနဲ့ ပြန်တွေ့ရအောင်ကွာ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ စံရှားနှင့် ရွှေရိုးသည် ရေဝတီမြစ်ကမ်းနဖူးပေါ်တွင် တည်ရှိနေသော စေတီပေါ်သို့ သွားရောက်၍ ဘုရားဝတ်ပြုကြလေ၏။



ငှင်းတို့နှစ်ယောက်သည် အတန်ကြာအောင် ဘုရားဝတ်ပြုပြီးနောက် ရွှေရိုးက စံရှားဘက်သို့လှည့်၍

" မင်း ဘာတွေဆုတောင်းသလဲ "

ဟု မေးလေရာ စံရှားက

" ပြည်ကြီးတံခွန်ပတ္တမြားနဲ့ပတ်သက်တဲ့ အချုပ်တော်ပုံတွေ အမြန်ဆုံးရှင်းသွားပြီး ညီမလေးပုလဲနဲ့ ပြန်တွေ့ရပါစေလို၏လို့ ဆုတောင်းတာပေါ့ကွ "

ဟု ပြောလေရာ ရွှေရိုးက ခပ်ပြုံးပြုံးပြန်ကြည့်၍

" ဟင်... မင်းနဲ့ငါနဲ့ ဆုတောင်းတာ တစ်ပုံစံတည်းပါလားကွ၊ ငါလည်း ဒီလိုပဲ ဆုတောင်းဖြစ်တယ်၊ ပြည်ကြီးတံခွန်ပတ္တမြားကြီးရဲ့ အချုပ်တော်ပုံတွေရှင်းသွားရင် မြို့မှာကျန်ခဲ့တဲ့ ညီမလေးပုလဲနဲ့ ပြန်တွေ့ရပါ၏ "

ဟု ပြောလေရာ စံရှားနှင့် ရွှေရိုးသည် သက်ပြင်းကိုယ်စီချလိုက်ကြပြီး တသွင်သွင်စီးဆင်းနေသော ရေဝတီမြစ်ကြီးသို့ ငေးမောကြည့်ရှုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် စေတီရင်ပြင်ပေါ်သို့ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော အသက်ငါးဆယ်ဝန်းကျင် လင်မယားနှစ်ယောက်နှင့် မိန်းမပျိုလေးတစ်ယောက်သည် လှေခါးထစ်များအတိုင်း တက်လာ၏။

စံရှားသည် စေတီရင်ပြင်ပေါ်သို့တက်လာသော မိသားစုကို အမှတ်မထင် ကြည့်လိုက်မိလေ၏။

ထိုအခါ လင်မယားနှစ်ယောက်နှင့် အတူပါလာသော မိန်းကလေးသည် ၄င်းတို့ မျှော်လင့်ကြီးစွာတွေ့ချင်နေသော ပုလဲ ဖြစ်ကြောင်း အံ့သြဖွယ် မြင်တွေ့လိုက်ရ၏။

စံရှားသည် ပုလဲကိုမြင်တွေ့သောအခါ လူချမ်းသာသားသမီးကဲ့သို့ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသဖြင့် တအံ့တသြ ဖြစ်နေမိ၏။

စံရှားက ရွှေရိုးကို လက်တို့၍

" ညီမလေးပုလဲ ဟုတ်ပါတယ်နော် "

ဟု ပြောလေရာ ရွှေရိုးက မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

" ညီမလေးနဲ့ ရုပ်ချင်းခွဲမရအောင်တူတယ်ကွာ၊ ဘယ်





လောက်တောင် တူသလဲဆိုရင် ဆင်မယဉ်သာဟန်လေးနဲ့ လမ်းလျှောက်ပုံကအစ တူတယ်၊ ညီမလေးပုလဲပဲ ဖြစ်ရမယ်ကွ၊ ဘာကြောင့်လဲဆိုတော့ ငါတို့နှစ်ယောက်ဟာ ညီမလေးကို တွေ့ချင်လွန်းတဲ့အတွက် ဘုရားမှာ ဖြိုင်တူဆုတောင်းခဲ့တယ် မဟုတ်လား၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက ငါတို့နဲ့ ညီမလေး ပြန်ဆုံတွေ့အောင် ကူညီမ,စတာပဲ ဖြစ်လိမ့်မယ် "

ဟု ပြောလေရာ စံရှားက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ညီမလေးနဲ့ ငါတို့နှစ်ယောက် ပြန်ဆုံတွေ့ဖို့ ကံကြမ္မာက ဖန်လာတာပဲ ဖြစ်လိမ့်မယ်၊ ပြောနေ ကြာတယ်ကွာ၊ ညီမလေးနောက်ကိုလိုက်ပြီး ငါတို့ နှုတ်ဆက်ရအောင် "

ဟု ပြောကာ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော မိသားစုအနောက်သို့ ပြေးလိုက်ခဲ့ကြလေ၏။

ထို့နောက် ပုလဲဟု ယူဆသော မိန်းကလေး၏ရှေ့တွင် ပိတ်၍ ရပ်လိုက်ပြီး စံရှားက

" ညီမလေး၊ ညီမလေး ပုလဲ မဟုတ်လား "

ဟု နှုတ်ဆက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိန်းကလေးသည် စံရှားနှင့် ရွှေရိုးအား ကြည့်၍ အလွန်အံ့ဩသော အမူအရာမျိုးဖြစ်သွားသော်လည်း ၎င်းတို့နှစ်ယောက်ကို မသိဟန်ဖြင့်ကြည့်၍

'' ရှင်တို့ဘယ်သူတွေလဲ၊ လူမှားနေပြီနဲ့တူတယ်၊ ကျွန်မ ပုလဲမဟုတ်ဘူး ''

ဟု ပြောလေ၏။

စံရှားနှင့် ရွှေရိုးသည် မိန်းကလေး၏ ချိုသာသောအသံမှာ ပုလဲနှင့် တစ်ပုံစံတည်းဖြစ်သဖြင့် မယုံနိုင်အောင်ဖြစ်သွားပြီး စံရှားက

'' ညီမလေးက ပုလဲပါ၊ ဘာဖြစ်လို့ အစ်ကိုတို့ကို ဟန်ဆောင်ပြီးနေရတာလဲ၊ အစ်ကိုတို့ကို အသိအမှတ်မပြုချင်လို့လား၊ ညီမလေးကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ အစ်ကိုတို့နှစ်ယောက် ကိုယ့်မျက်စိကိုတောင် ကိုယ်မယုံတော့ဘူး ''

ဟု ပြောလေရာ ရွှေရိုးက ဝင်ရောက်၍

'' ညီမလေး စိတ်ဆိုးနေတာ အစ်ကိုတို့သိပါတယ်၊ ညီမလေးကို နှုတ်မဆက်ဘဲ ထားခဲ့တဲ့အတွက် အစ်ကိုတို့ကို စိတ်ဆိုးနေတယ် မဟုတ်လား၊ အဲဒီညက ဓါးပြတွေရန်ကြောင့် အစ်ကိုတို့



သေပြေးရှင်ပြေး ပြေးခဲ့ရတာယ်လေ၊ ဒါကြောင့် ညီမလေးကို ပြန်ပြီး နှုတ်မဆက်နိုင်တာ ခွင့်လွှတ်ပါကွာ ''

ဟု တောင်းပန်လေ၏။

သို့သော် ပုလဲနှင့်တူသော မိန်းကလေးသည် စံရှားနှင့် ရွှေရိုးအား နားမလည်ဟန်ဖြင့်ကြည့်၍

'' ရှင်တို့နှစ်ယောက် ဘာတွေလာပြောနေတာလဲ၊ ကျွန်မကို လူမှားနေတာ သေချာတယ်၊ ကျွန်မနာမည်က ပုလဲမဟုတ်ဘူးရှင့်၊ နီလာရှင့်၊ နီလာ ''

ဟု ပြောလေရာ စံရှားနှင့် ရွှေရိုးသည် နားမလည်နိုင်အောင် ဖြစ်သွားလေ၏။

ထိုအခါ ပုလဲနှင့်တူသော မိန်းကလေးက ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော လူကြီးပုံစံကိုမေး၍

'' ဒီလူတွေ အလကား လိုက်ပြီးနှောင့်ယှက်နေတယ်၊ သမီးတို့သွားရအောင် ''

ဟု ပြောကာ ထိုနေရာမှ ခြေလှမ်းကြဲကြဲဖြင့် ထွက်ခွာသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရိုးသည် ပုလဲနှင့်အလွန်တူသော မိန်းကလေးနောက်ကျော ကို ကြည့်၍

" သေချာပါတယ်ကွာ၊ သူက ပုလဲမှ ပုလဲအစစ်ပါ၊ ငါတို့ ကို ဘာဖြစ်လို့ မသိဟန်ဆောင်သွားတာလဲ "

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက ခေါင်းခါယမ်း၍

" မိန်းကလေးတွေရဲ့ အလှဲ့ပတ်သက်ပြီးတော့ မင်းထက်ငါ ပိုပြီးသိတယ်ကွ၊ ပုလဲရဲ့လမ်းလျှောက်ဟန်က ငါ့မျက်လုံးထဲမှာ တစ်သက်လုံးမမေ့ဘူး၊ သူဟာ ငါတို့ကို အကြောင်းကိစ္စတစ်ခု ကြောင့် ဟန်ဆောင်သွားတာ ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ် အဲဒီညက သူ့ကို ဓါးပြတွေ လက်ထဲမှာထားခဲ့တဲ့အတွက် ငါတို့ကို စိတ်စုနေ တာ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သူဟာ ပုလဲဆိုတာ သေချာပါတယ် ကွာ "

ဟု ပြောလေ၏။

စံရှားနှင့် ရွှေရိုးသည် မိမိကိုယ်မိမိ ပုလဲမဟုတ်ဟုဆိုသော မိန်းကလေးနောက်သို့ တကောက်ကောက်လိုက်ခဲ့လေ၏။





ထိုမိသားစုသည် ဘုရားပွဲဈေးတန်းအတိုင်း လှည့်လည် ကြည့်ရှုနေကြလေ၏။ နီလာဆိုသော မိန်းကလေးသည် မုန့်လက် ကောက်များ ဝယ်ယူရင်း အနောက်သို့ မသိမသာကြည့်ရှုလေ၏။

ထိုအခါ ရွှေရိုးတို့ အနောက်မှ တကောက်ကောက်လိုက် ကြည့်နေမှန်း သိရသဖြင့် မျက်နှာရှုံ့မဲ့ပြီး တစ်ဖက်သို့လှည့်သွား လေ၏။

စံရှားက နီလာ၏အမူအရာကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" သူဟာ ပုလဲအစစ်ဆိုရင် ငွေကြေးတတ်နိုင်တဲ့မိဘတွေရဲ့ သားသမီး ဘာကြောင့်ဖြစ်နေရတာလဲ၊ ငါတို့သိခဲ့တဲ့ ညီမလေးပုလဲ က အင်မတန် ဆင်းရဲနွမ်းပါးပြီးတော့ ကိုယ့်ရဲ့စားဝတ်နေရေးအတွက် ဆိပ်ကမ်းမှာ ရေပုတီးလေးတွေရောင်းပြီး စားသောက်နေရတယ်၊ ဒီမိန်းကလေးလို အဖိုးတန်အဝတ်အစားတွေဝတ်ပြီးတော့ မြန်မာပြည် အနှံ့ ခရီးမထွက်နိုင်ဘူး "

ဟု ပြောလေ၏။

ထိုအခါ ရွှေရိုးက

" ပုလဲအစစ်ဆိုရင် ဆိပ်ကမ်းမှာပဲ ရေပုတီးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းနေမှာပဲ၊ ဒါပေမဲ့ ပုလဲက ချမ်းသာတဲ့မိသားစု မွေးစားတာလည်း ခံရနိုင်တာပဲ၊ ပုလဲက လူချမ်းသာသမီးတစ်ယောက်ဖြစ်သွားတဲ့အတွက် သွေးနုထင်ရောက်ပြီးတော့ ငါတို့ကို မခေါ်ချင်တာလည်း ဖြစ်နိုင်တာပဲ ''

ဟု ပြောလေရာ စံရှားက ခေါင်းခါယမ်း၍

'' ပုလဲအကြောင်းကို ငါ ကောင်းကောင်းသိပါတယ်၊ ပုလဲဟာ ဂုဏ်တွေ၊ ငွေတွေကိုမက်တဲ့ မိန်းကလေးမဟုတ်ဘူး၊ သူ့ခြေထောက်ပေါ် သူရပ်တည်ပြီးတော့ ဆိပ်ကမ်းမှာ ခရုပုတီးလေး ရောင်းရတာကို ပျော်နေတာကွ၊ ဘဝမေ့တာ မဖြစ်နိုင်ပါဘူးကွာ၊ သူ ငါတို့ကိုမခေါ်တာ သူ့အကြောင်းကိစ္စတစ်ခုခုရှိလို့ ဖြစ်လိမ့်မယ်၊ သူ မနှစ်သက်ဘူးဆိုရင်လည်း သူ့နောက်ကို တကောက်ကောက်လိုက်မနေသင့်တော့ဘူးကွ၊ ကိုယ့်နောက်ကြောင်း ကိုယ်ပြန်တာပဲ ကောင်းပါတယ်ကွာ ''

ဟု ပြောကာ ပုလဲ၏နောက်သို့ ဆက်မလိုက်တော့ဘဲ အနီးရှိ ရေပ်ကြီးဘက်သို့တက်ကာ ထမင်းထုပ်များကိုဖြေ၍ နေ့လယ်စာ စားသောက်ကြလေ၏။





ငှင်းတို့သည် ထမင်းစားနေသော်လည်း ပုလဲနှင့်အတူ နေထိုင်ပြီး သွားလာစားသောက်ခဲ့ပုံများကို သတိရမိသဖြင့် နှစ်ယောက်စလုံး စိတ်မချမ်းမြေ့ဘဲ ရှိနေလေ၏။

ထိုအခိုက်မှာပင် ငှင်းတို့ရေပ်ရှိရာသို့ ဦးတည်လျှောက်လှမ်းလာသော နီလာဆိုသော မိန်းကလေးကို တွေ့ရလေ၏။ သူမသည် စံရှားတို့ရှိရာ ရေပ်ဆီသို့ ဣန္ဒြေရရ လျှောက်လှမ်းလာလေ၏။

စံရှားတို့သည် သူမကိုမြင်သောအခါ အလွန်အံ့ဩသွားပြီး ကြောင်ငေးငေး ကြည့်ရှုနေလေ၏။ ထိုအခါ နီလာဆိုသော မိန်းကလေးက စံရှားတို့ရှေ့တွင် ဒူးတုပ်ထိုင်ချလိုက်ပြီး

'' အစ်ကိုတို့ ကျွန်မကို စိတ်ဆိုးသွားပြီလားဟင်၊ ကျွန်မက တကယ်တော့ အစ်ကိုတို့ညီမလေး ပုလဲပါပဲ ''

ဟု ပြောလေရာ စံရှားတို့သည် အလွန်ဝမ်းသာသွားပြီး

'' အစ်ကိုတို့လည်း ညီမလေးပုလဲပဲဖြစ်ရမယ်ထင်ပြီးသားပါ၊ ညီမလေးက ဘာဖြစ်လို့ အစ်ကိုတို့ကို ပုလဲမဟုတ်ဘူး၊ နီလာလို့ ပြောရတာလဲ၊ အစ်ကိုတို့က ပုလဲကို ကိုယ့်ညီမလေးတစ်ယောက်လို ချစ်ခင်နေတာကွဲ့၊ ညီမလေးက ပုလဲမဟုတ်ဘူးဆိုလို့ အစ်ကိုတို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်မိတယ် ''

ဟု ပြောလေရာ ပုလဲက သက်ပြင်းချ၍

'' ညီမလေးလည်း အစ်ကိုတို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ အလွန်ဝမ်းသာသွားတယ်၊ ဒါပေမဲ့ ညီမလေးအဖြစ်က ကိုယ့်ဘဝဟောင်းက လူတွေနဲ့ ဆက်ဆံဖို့ခက်နေတယ် ''

ဟု ပြောလေရာ စံရှားတို့က ပုလဲကို နားမလည်ဟန်ဖြင့် ကြည့်၍

'' ညီမလေး မြို့မှာ ဘာတွေဖြစ်ခဲ့လဲ၊ အစ်ကိုတို့ကို သေသေချာချာ ရှင်းပြပါဦး ''

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ပုလဲက

'' အစ်ကိုတို့ ပြန်သွားပြီးနောက်ပိုင်း ညီမ မြို့မှာ ဒုက္ခပင်လယ်ဝေခဲ့တယ်၊ ကျွန်မအိမ်လေး မီးရှို့ခံရပြီး ခရုပုတီးရောင်းတဲ့ဆိုင်လေးလည်း ပြုတ်သွားတယ် ''

ဟု ပြောလေရာ စံရှားတို့သည် သူမ၏တဲအိမ်ကလေး၌ ရှိသော ရွှေဖီးကွက်ရုပ်လေးကို သတိရ၍ အထိတ်တလန့် ဖြစ်သွားလေ၏။





ထိုအရုပ်ကလေးထဲ၌ ပြည်ကြီးတံခွန်ပတ္တမြားကြီးကို ထည့်ထားသည် မဟုတ်ပါလား။ ထို့ကြောင့် စံရှားက ကမန်းကတန်း ဝင်ရောက်၍

'' ဟာင်... ဒါဆိုရင် ညီမလေး အမြတ်တနိုးထားတဲ့ ရွှေဖီးကွက်ရုပ်လေး မီးထဲပါသွားသလား ''

ဟု မေးမြန်းလိုက်လေ၏။ ပုလဲက သူမ၏ရင်ကို လက်ဖြင့်ဖိ၍

'' အမယ်လေး... ရွှေဖီးကွက်လေး ကံကောင်းလို့ မီးထဲပါမသွားတာရှင့်၊ ကျွန်မက ရွှေဖီးကွက်လေးကို မီးလောင်မှာ မှကြည့်ရက်လို့ မီးလောင်နေတဲ့ တဲထဲကိုဝင်ပြီးကယ်တင်ခဲ့ရတယ်၊ ကံကောင်းထောက်မလို့ ရွှေဖီးကွက်လေး မီးလောင်မခံရဘူး ''

ဟု ပြောလေရာ စံရှားနှင့် ရွှေရိုးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ သက်ပြင်းရှည်ကြီးကို ချလိုက်လေ၏။

ထို့နောက် ရွှေရိုးက

'' ညီမလေးအိမ်က ဘာဖြစ်လို့ မီးလောင်ရတာလဲ ''

ဟု မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပုလဲက

" ညီမလေးရဲ့အိမ်ကို မီးရှို့ခံရတာရှင့်၊ ဦးရွှေတလုတ်နဲ့ တရုတ်သူဌေးကျင်ဝမ်ရဲ့လူတွေ ဖြစ်နိုင်တယ်၊ အစ်ကိုတို့နဲ့ပတ်သက်ပြီး ညီမကိုပါ ရန်ငြိုးဖွဲ့ပြီး လုပ်ကြံခဲ့တာ ဖြစ်နိုင်တယ် "

ဟု ပြောလေ၏။

စံရှားနှင့် ရွှေရိုးသည် သူမ၏စကားကြောင့် စိတ်မကောင်းဖြစ်သွားပြီး စံရှားက ပုလဲ၏လက်ကို ဆုပ်ကိုင်၍

" အစ်ကိုတို့အတွက်ကြောင့် ညီမလေးကို ရန်ငြိုးဖွဲ့ခံရတာ စိတ်မကောင်းပါဘူး၊ ဒီလူတွေ ဒီလောက် ယုတ်မာကောက်ကျစ်လိမ့်မယ် မထင်ဘူး။ ဒါနဲ့ ညီမလေးက ပုလဲကနေ နီလာဘဝကို ဘယ်လိုဖြစ်ပြီးရောက်သွားရတာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ပုလဲက သက်ပြင်းချ၍

" ညီမလေးရဲ့အိမ် မီးလောင်ပြီး မြို့ပေါ်မှာ ခိုကိုးရာမဲ့ဖြစ်နေတုန်း ဒီလင်မယားက ပုလဲတို့မြို့ကိုရောက်လာတယ်၊ နောက်တော့ ပုလဲရဲ့အဖြစ်ဆိုးကို ကြားသိသွားပြီး သူတို့မှာ သားသမီးမရှိတဲ့အတွက်





သမီးရင်းလေးတစ်ယောက်လို မွေးစားချင်တယ်လို့ပြောတယ်၊ သူတို့ဟာ မန္တလေးမြို့မှာ နေထိုင်ပြီးတော့ ငွေကြေးချောင်လည်တဲ့ ကုန်သည် လင်မယားဖြစ်တယ်၊ အဲဒီတုန်းက ကျွန်မလည်း ဘာဆက်လုပ်ရမှန်းမသိတာနဲ့ ကုန်သည်လင်မယားရဲ့သမီး တစ်ယောက်လို မွေးစားခြင်းကို ခံခဲ့ရတယ် "

ဟု ပြောလေရာ စံရှားနှင့်ရွှေရိုးက သူမ၏စကားကို နားထောင်၍ သက်ပြင်းချလိုက်ပြီး စံရှားက

" ညီမလေးရဲ့မွေးစားမိဘတွေနဲ့ နေရတာ အဆင်ပြေရဲ့လား "

ဟု မေးမြန်းလေ၏။ ထိုအခါ ပုလဲက

" သူတို့ဟာ ကျွန်မရဲ့ ဘဝဟောင်းက အကြောင်းတွေကို မေ့မစ်ရမယ်တဲ့၊ သူတို့နဲ့နေရင်စိတ်သစ်လူသစ်နဲ့ နေထိုင်ရမယ်တဲ့၊ ဒါပေမဲ့ သူတို့ကိုကြည့်ရတာ ကျွန်မကို သမီးရင်းတစ်ယောက်လို ချစ်မှချစ်ရဲ့လား မသိဘူး၊ ဘာပဲဖြစ်ဖြစ် သူတို့ရဲ့အထောက်အပံ့နဲ့ နေထိုင်ရတဲ့အတွက် သူတို့ကို ကျေးဇူးတင်ရမှာပဲ "

ဟု ပြောလေ၏။ ထို့နောက် ပုလဲက စံရှားတို့ကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မအိမ်ကို ဓားပြတိုက်ခံရတဲ့နေ့ကစပြီး အစ်ကိုတို့နှစ်ယောက်ပျောက်သွားတယ်၊ အစတုန်းကတော့ ကျွန်မကိုနှုတ်မဆက်ပဲထွက်သွားတဲ့အတွက် အစ်ကိုတို့ကို စိတ်ဆိုးမိတယ်၊ ဒါပေမယ့် အစ်ကိုတို့မှာ လျှို့ဝှက်တဲ့နောက်ကြောင်းတစ်ခုရှိမယ်ဆိုတာ ရိပ်စားမိတဲ့အတွက် ခွင့်လွှတ်လိုက်ပါပြီ "

ဟု ပြောလေ၏။

ထို့နောက် စံရှားက ပုလဲကို နားလည်ဟန်ဖြင့်ကြည့်၍

" ဟုတ်တယ်၊ အစ်ကိုတို့ဘဝမှာ လျှို့ဝှက်တဲ့ နောက်ကြောင်းတစ်ခုရှိတယ်၊ ဒီဇာတ်လမ်းကို ပုလဲကို ဖွင့်မပြောနိုင်သေးတာ ခွင့်လွှတ်ပါ၊ ညီမလေးကို ဖွင့်မပြောတာဟာ အစ်ကိုတို့နဲ့ပတ်သက်နေတဲ့အန္တရာယ်တွေ ညီမလေးဆီ ရောက်လာမှာစိုးလို့ပါ၊ အစ်ကိုတို့နှစ်ယောက်မှာ အန္တရာယ်တွေမရှိတော့ဘူးဆိုရင် ညီမလေးနဲ့ အတူလာနေဖို့ အစ်ကိုတို့ ဆုံးဖြတ်ထားပြီးသားပါ "

ဟု ပြောလေရာ ပုလဲသည် စံရှားနှင့်ရွှေရိုးကိုကြည့်၍ဝမ်းသာဟန်ဖြင့်

" ဟင်… အစ်ကိုတို့က ညီမလေးနဲ့အတူ လာနေဖို့ဆုံးဖြတ်





ထားတယ် ဟုတ်လား၊ ညီမလေးကို တကယ်ပြောတာလား "

ဟု မေးမြန်းလေ၏။ ထိုအခါ စံရှားက ခေါင်းညိတ်၍

" တကယ်ပါ ညီမလေးရယ်၊ အစ်ကိုတို့ရဲ့ နောက်ကြောင်းရှင်းသွားရင် ညီမလေးနဲ့အတူလာနေဖို့ ဆုံးဖြတ်ထားပါတယ် "

ဟု ပြောလေရာ ရွှေရိုးကလည်း ဝင်ရောက်၍ ထောက်ခံလေ၏။ ထို့နောက်စံရှားက

" ညီမလေးရဲ့ ရွှေစီးကွက်လေးကို အစ်ကိုတို့နှစ်ယောက်ကို အမှတ်တရပေးလိုက်ပါလား "

ဟု တောင်းလိုက်ရာ ပုလဲသည် အံ့ဩဟန်ဖြင့်ကြည့်၍

" ဟင်… အစ်ကိုက ညီမလေးရဲ့ ရွှေစီးကွက်လေးကို လိုချင်တယ် ဟုတ်လား "

ဟု မေးမြန်းလေ၏။ ထိုအခါ စံရှားက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ရွှေစီးကွက်လေးကို ညီမလေးက အလွန်တန်ဖိုးထားတယ်ဆိုတော့ အစ်ကိုတို့က ညီမလေးကိုယ်စား ရွှေစီးကွက်လေးကို သိမ်းဆည်းထားချင်လို့ပါ၊ ညီမလေးနဲ့ အစ်ကိုတို့ ပြန်ဆုံတွေ့တဲ့အခါ ရွှေစီးကွက်လေးကိုညီမလေးလက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထည့်ပေးမှာပေါ့ "

ဟု တောင်းလိုက်ရာ ပုလဲသည် ခေါင်းညိတ်၍

" ရွှေဖီးကွက်လေးကို ပုလဲ သိပ်မြတ်နိုးတယ်၊ ဒါပေမဲ့ အစ်ကိုတို့ကို ညီမကိုယ်စား၊ ရွှေဖီးကွက်လေးကို ပေးလိုက်မယ်၊ အစ်ကိုတို့နဲ့ ညီမ ပြန်ဆုံတွေ့တဲ့အခါ ရွှေဖီးကွက်လေးကို ညီမကို ပြန်ပေးပေါ့ "

ဟု ဆိုကာ သူမ၏လွယ်အိတ်ငယ်လေးထဲတွင် ထည့်ထားသော ရွှေဖီးကွက်လေးအား စံရှား၏လက်သို့အပ်လိုက်လေ၏။

စံရှားသည် ရွှေဖီးကွက်လေးကို လက်ခံယူရင်း

" အစ်ကိုတို့ရဲ့ ပြဿနာတွေ ဆုံးသွားရင် ညီမလေးဆီကို မရောက်ရောက်အောင် ပြန်လာခဲ့မယ်လို့ ကတိပေးပါတယ် "

ဟု ပြောလိုက်လေ၏။ ထိုအခါ ရွှေရိုးကဝင်ရောက်၍

" ဒါနဲ့နေပါဦး ညီမလေးက မွေးစားမိဘတွေကို ဘယ်လို ပြောပြီးတော့ အစ်ကိုတို့ဆီကို လိုက်လာခဲ့တာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ပုလဲက

" အစ်ကိုတို့နဲ့ စေတီပေါ်မှာ တွေ့လိုက်ရတော့ ညီမရင်ထဲ





မှာ ဖော်မပြတတ်အောင် ဝမ်းသာသွားတယ်၊ ဒါပေမဲ့ ညီမရဲ့ မိဘတွေက အတိတ်က နောက်ကြောင်းတွေကို အတိတ်မှာပဲ ထားရမယ်ဆိုတဲ့ စည်းကမ်းရှိတာမို့ အစ်ကိုတို့ကို ပုလဲဆိုတာ ဝန်မခံပဲ နောက်ပြောင်းလိုက်တဲ့ နီလာဆိုတဲ့ နာမည်ကိုပဲ ပြောခဲ့တယ်၊ အစ်ကိုတို့လည်း စေတီရင်ပြင်ပေါ်ကဆင်းသွားပြီးတဲ့နောက် နီလာ့ရဲ့ မွေးစားမိဘတွေက အစ်ကိုတို့အကြောင်းကို မေးတယ်၊ နီလာနဲ့ အစ်ကိုတို့ ခင်မင်ရင်းနှီးခဲ့ပုံကို ပြောပြလိုက်တော့ မွေးစား မိဘတွေက နီလာ့ကို အစ်ကိုတို့နဲ့ ခဏသွားတွေ့ဖို့ ခွင့်ပေးတယ်၊ ဒါကြောင့် အစ်ကိုတို့ရှိတဲ့ရေပ်ကို ညီမ ဝမ်းသာအားရနဲ့ လိုက်လာခဲ့ တာပါ "

ဟု ပြောလေ၏။

စံရှားသည် ပုလဲ၏စကားကြောင့် တစ်စုံတစ်ရာကို တွေးမိပြီး ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေ၏။ ထို့ကြောင့် ပုလဲ၏လက်ကို ဆုပ်ကိုင်၍

" ဒါဆိုရင် အစ်ကိုတို့နဲ့တွေ့တာလည်း ကြာနေပြီ၊ ညီမလေး မွေးစားမိဘတွေဆီ ပြန်ပေတော့၊ ရှေ့ဆက်ပြီး သိတိ၊ ငိုယ်နဲ့နေပါ



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရယ်၊ မွေးစားမိဘတွေနဲ့ တည့်အောင်ပေါင်းသင်းဖို့လည်း မမေ့နဲ့ ''

ဟု မှာကြားကာ ပုလဲအား ရေပ်မှ ပြန်လွှတ်လိုက်လေတော့၏။

စံရှားသည် ပုလဲပြန်ထွက်သွားသောအခါ ရွှေရိုးဘက်သို့ လှည့်၍

'' ငါ့စိတ်ထဲမှာ မသင်္ကာဖြစ်နေတာ တစ်ခုရှိတယ် ''

ဟု ပြောလိုက်ရာ ရွှေရိုးက စံရှားကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

'' မင်း ဘာကိုမသင်္ကာဖြစ်တာလဲ၊ ပြောစမ်းပါဦး ''

ဟု မေးမြန်းလေ၏။

ထိုအခါ စံရှားက

'' ပုလဲရဲ့ မွေးစားမိဘဆိုတဲ့ လင်မယားနှစ်ယောက်ကို ငါ မသင်္ကာဘူး၊ သူတို့ဟာ ဦးရွှေတလုတ်နဲ့ သူဌေးကျင်ဝမ်ရဲ့ လူတွေဖြစ်နိုင်တယ်၊ ဒီလူတွေဟာ ပုလဲနဲ့ ငါတို့ရဲ့ ရင်းနှီးခင်မင်မှုကို ရိပ်စားမိတယ်၊ တစ်ချိန်ချိန်မှာ ငါတို့နှစ်ယောက်ဟာ ပုလဲနဲ့ပြန်ပြီး





ဆက်သွယ်မယ်လို့ ယူဆထားပုံရတယ်၊ ဒါကြောင့် ပုလဲကို မွေးစားဟန်ဆောင်ပြီး ထိန်းသိမ်းထားတာ ဖြစ်နိုင်တယ်၊ ငါတို့ တစ်နေ့ ပုလဲနဲ့ဆက်သွယ်တဲ့အခါ သူတို့ ငါတို့ရဲ့ခြေလှမ်းတွေကို မြင်နိုင်အောင်လို့ပေါ့ကွာ ''

ဟု ပြောလေရာ ရွှေရိုးသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

'' မင်းပြောတာ ဖြစ်နိုင်တယ်၊ ဒါဆိုရင် ဦးရွှေတလုတ်နဲ့ သူဌေးကျင်ဝမ်ရဲ့ လူတွေ ငါတို့ရှိတဲ့နေရာကို မကြာမီ ရိပ်စားမိသွားမှာပဲ၊ ပြည်ကြီးတံခွန် ပတ္တမြားကြီးဟာ အလွန်ဖိုးထိုက်တန်တယ်ဆိုတော့ သူတို့ဘက်က နည်းအမျိုးမျိုးနဲ့ ငါတို့ကို ချည်းကပ်ဖို့ ကြိုးစားတာ ဖြစ်နိုင်တယ် ''

ဟု ပြောလေ၏။

ထိုအခါ စံရှားက

'' ဟုတ်တယ်၊ ဒါကြောင့် ငါတို့ ဒီနေရာက အမြန်ထွက်သွားမှ ဖြစ်မယ်၊ ငါတို့ နောက်ကျသွားရင် သူဌေးကျင်ဝမ်နဲ့ ဦးရွှေတလုတ်ရဲ့ အနှောင့်ယှက်နဲ့တွေ့ရလိမ့်မယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထို့နောက်တွင်မူ စံရှားနှင့် ရွှေရိုးသည် ဆယ့်နှစ်ပွဲဈေးသည်များထဲမှ အလျှင်အမြန် ထွက်ခဲ့လေ၏။

၎င်းတို့သည် နွားလှည်းကြုံတစ်စီးဖြင့် ဘုရားမွဲနှင့် ဝေးရာအရပ်သို့ ထွက်ခဲ့၏။

နေ့တစ်ဝက်ခန့်ရှိသောအခါ လမ်းကြုံလိုက်ခဲ့သော နွားလှည်းပေါ်မှ ဆင်း၍ ဇရပ်တစ်ဆောင်၌မုန့်ကော ထမင်းထုပ်များကိုဖြည်၍ စားသောက်ကြလေ၏။

ထမင်းစားသောက်ပြီးနောက် ဇရပ်နံဘေးရှိ စမ်းချောင်းကလေး၌ အေးချမ်းစွာ ရေကူးကြလေ၏။

၎င်းတို့သည် ရေကူးပြီးသောအခါ ဇရပ်ပေါ်သို့တက်၍ ပုလဲထဲမှရရှိသော ရွှေစီးကွက်ရုပ်လေးကို တစ်ယောက်တစ်လှည့် ကြည့်ရှုကြလေ၏။

ထို့နောက် ရွှေရိုးက ရွှေစီးကွက်ရုပ်၏ အောက်ဖက်ကိုဖွင့်၍ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ပြန်လည်ရယူရန် ပြင်လေ၏။ ထိုသို့ ပြင်ပြီးမှ





" ပြည်ကြီးတံခွန် ပတ္တမြားကြီးဟာ ရွှေစီးကွက်ရုပ်ထဲမှာရှိတာ ပိုပြီးတော့ အန္တရာယ်ကင်းပါတယ်ကွာ၊ ထုတ်မယူတော့ပါဘူး၊ ငါတို့ ရေကူးလိုက်တာ တော်တော်ပင်ပန်းသွားတယ်၊ ခဏလောက်အိပ်ရအောင် "

ဟု ဆိုကာ ရွှေစီးကွက်လေးအား ဇရပ်၌ရှိသော ဘုရားစင်ပေါ်သို့ တင်ထားလိုက်၏။

ထို့နောက် စံရှားနှင့် ရွှေရိုးသည် မောမောပန်းပန်းနှင့် အိပ်စက်သွားလေ၏။

အတန်ကြာအောင် အိပ်စက်ပြီးနောက် ဇရပ်ရှေ့မှ ဆူဆူညံညံအသံများကြောင့် အိပ်ရာမှ လန့်နိုးလာ၏။

ထိုအခါ ဇရပ်ရှေ့၌ သူဌေးကြီး ဦးရွှေတလုတ်နှင့် ၎င်း၏လက်မရွံ့လူမိုက်များကို တွေ့လိုက်ရလေ၏။

ဦးရွှေတလုတ်၏ လူမိုက်များသည် သေနတ်ကိုယ်စီဖြင့် ဇရပ်ကို ဝိုင်းရံထားလေ၏။

စံရှားတို့သည် ၎င်းတို့လက်မှ ထွက်ပြေးရန်မဖြစ်နိုင်တော့သဖြင့် အညံ့ခံလိုက်ရလေ၏။ သူဌေးကြီး ဦးရွှေတလုတ်က



www.burmeseclassic.com

www.burmeseclassic.com



ဇရပ်ပေါ်သို့ ဒေါသတကြီးတက်လာပြီး စံရှားအား ခြောက်လုံးပြူးသေနတ်ဖြင့်ချိန်ကာ

" ဟေ့ကောင်၊ မင်းတို့အတွက်ကြောင့် ငါ ဘယ်လောက်အချိန်ကုန် လူပန်းဖြစ်သွားသလဲ သိလား၊ ပတ္တမြားကြီးပြန်ရရင်တောင် မင်းတို့ရဲ့အသက်ကို ချမ်းသာမပေးနိုင်ဘူး "

ဟု ဒေါသတကြီး ပြောလိုက်လေ၏။

ထိုအခါ စံရှားက မထီလေးစား အမူအရာဖြင့် တဟားဟား ရယ်မောလိုက်ပြီး

" ဟား… ဟား… ဟား… ကျုပ်တို့က သေရမှာကြောက်တဲ့ကောင်တွေများ မှတ်လို့လား၊ ကျုပ်တို့အရှင်နှစ်ပါးပိုင်ဆိုင်တဲ့ နန်းစဉ်ပတ္တမြားကို တိုင်းတစ်ပါးလက်ကို အရောက်မခံနိုင်ဘူး၊ ဒါကြောင့် ကျုပ်တို့ အသက်သေရင် သေပါစေ၊ ခင်ဗျားလက်ထဲကိုတော့ ပတ္တမြားကြီးကို ပြန်အပ်မှာမဟုတ်ဘူး "

ဟု ပြောလေရာ သူဌေးကြီး ဦးရွှေတလုတ်က စံရှားအား ခြောက်လုံးပြူးသေနတ်ဖြင့် ချိန်၍

" တောက်… မင်းကို ငါ အသေသတ်မိတော့မယ် "





ဟု ပြောလေရာ စံရှားက တဟားဟား ရယ်မော၍

" ဟား… ဟား… ဟား… သတ်လိုက်စမ်းပါ၊ ခင်ဗျားတို့ လက်ထဲကို ပတ္တမြားကြီးမရောက်မချင်း ကျုပ်တို့ကို မသတ်ဝံ့ပါဘူး "

ဟု ပြောလေရာ သူဌေးကြီး ဦးရွှေတလုတ်သည် စံရှားအား သေနတ်ဖြင့်ချိန်၍ အကြံရခက်ဟန်ဖြင့် ကြည့်နေလေ၏။

ထို့နောက် ဦးရွှေတလုတ်၏ တပည့်များက စံရှားနှင့် ရွှေရိုးအား ကြိုးများဖြင့် တုတ်နှောင်လိုက်ပြီး လှည်းပေါ်သို့ တင်လေ၏။

စံရှားတို့ လှည်းပေါ်သို့ရောက်သောအခါ လှည်းအား ခပ်သုတ်သုတ် မောင်းနှင်သွားလေ၏။

အတန်ကြာအောင် မောင်းနှင်ပြီးနောက် ရွာတစ်ရွာ၏ အပြင်ဘက်ရှိ ဇရပ်ကြီးတစ်ဆောင်သို့ ရောက်လေ၏။

ထိုဇရပ်ကြီး၌ စံရှားနှင့် ရွှေရိုးအား ကြိုးဖြင့်တုတ်နှောင်ပြီး ဦးရွှေတလုတ်တို့လူစုသည် ညနေစာအတွက် ပြင်ဆင်ချက်ပြုတ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ရွာဘက်မှ လူများရောက်ရှိလာပြီး ကြိုးတုတ်ခံရသော စံရှားတို့ကိုမြင်သောအခါ လာရောက်စပ်စုကြလေ၏။ ထိုအခါ သူဌေးကြီး ဦးရွှေတလုတ်က

" ကျုပ်တို့က အညာဆန်လှေကြီးနဲ့လိုက်လာတဲ့ ကုန်သည်တွေပါ၊ ကျုပ်တို့လှေ ကမ်းကပ်ပြီး ခဏပြင်နေတုန်း ဒီသူခိုးနှစ်ယောက်ရောက်လာပြီး ပစ္စည်းတွေခိုးတဲ့အတွက် သူတို့ကို ပုလိပ်လက်အပ်ဖို့ ခေါ်လာတာပါ "

ဟု ပြောလေ၏။ ထိုအခါ ရွှေရိုးက အညာသားများကို ကြည့်၍

" ကျုပ်တို့ သူခိုးမဟုတ်ဘူး၊ သူခိုးက ဒီလူကြီးတွေဗျ။ ကျုပ်တို့ကို မတရားဖမ်းဆီးပြီးခေါ်လာတာ "

ဟု ပြောလေ၏။

ထိုအခါ သူဌေးကြီး ဦးရွှေတလုတ်က ရွှေရိုး၏ပါးကို ဖြန်းခနဲရိုက်၍

" သူခိုးတွေ ငြိမ်ငြိမ်နေစမ်း၊ ငါတို့လို လူကြီးလူကောင်း ကုန်သည်တွေကို မင်းတို့က စော်ကားဖို့ကြံစည်တာလား "





ဟု အော်ဟစ်ကြိမ်းမောင်းလေ၏။

ထိုအခါ ရွာသားများလည်း စံရှားနှင့် ရွှေရိုးအား သူခိုးများဖြစ်သည်ဟု ယူဆကာ ထိုနေရာမှ ထွက်သွားလေ၏။

စံရှားသည် ရွာသားများရှိရာသို့ အော်ဟစ်၍

" ကျုပ်တို့ သူခိုးမဟုတ်ဘူး၊ ကျုပ်တို့ကို မတရားဖမ်းဆီးထားတဲ့အကြောင်း ရွာသူကြီးကို တိုင်ကြားပေးပါ "

ဟု အော်ဟစ်လေ၏။

သို့သော် ရွာသားများသည် စံရှားနှင့် ရွှေရိုးအား လှည့်၍ပင် မကြည့်ဘဲ ရွာဘက်သို့ ပြန်လည်ထွက်ခွာသွားလေ၏။

ဦးရွှေတလုတ်တို့လူစု ညနေစာ ချက်ပြုတ်စားသောက်နေစဉ် လှည်းတစ်စီးဖြင့် ပုလိပ်များ ရောက်ရှိလာသဖြင့် ဦးရွှေတလုတ်တို့ လူစုသည် မျက်လုံးပြူးသွားလေ၏။

လှည်းပေါ်မှ ပုလိပ် (၄) ယောက် ဆင်းလာပြီး ပုလိပ် (၁)ဦး က ကြိုးတုတ်ထားသော စံရှားနှင့် ရွှေရိုးကိုကြည့်၍

" ဒီလူတွေ ဘယ်သူလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ သူဌေး ဦးရွှေတလုတ်က



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်များအား ကြည့်၍

" ကျုပ်တို့ အညာဆန်လှေကြီးပေါ်မှာ လာပြီးခိုးသွားတဲ့ သူခိုးနှစ်ယောက်ပါ "

ဟု ပြောလေ၏။

ထိုအခါ ပုလိပ်က

" ဒီလူတွေကို ဘာဖြစ်လို့ ကြိုးတုပ်ထားတာလဲ "

ဟု မေးမြန်းလေရာ သူဌေးကြီး ဦးရွှေတလုတ်က

" ပုလိပ်ဌာနကိုလာပြီး သူခိုးနှစ်ယောက်ကို အပ်မလို့ပါ"

ဟု ပြောလေ၏။

ထိုအခါ ပုလိပ်များက

" ဒါဆိုရင်တော့ ရေကန်အသင့် ကြာအသင့်ပဲ၊ ကျုပ်တို့ ဒီနယ်အပိုင်က ပုလိပ်ဌာနကပဲ၊ သူခိုးနှစ်ယောက်ကို ကျုပ်တို့ ထည့်လိုက်ပေတော့၊ သူခိုးတွေနဲ့ပတ်သက်ပြီး စစ်ချက်ယူရအောင် ခင်ဗျားတို့လည်း ကျုပ်တို့နဲ့ လိုက်ခဲ့ပါ "

ဟု ပြောလေရာ သူဌေးကြီး ဦးရွှေတလုတ်တို့သည် အံ့ ခက်သွားလေ၏။



ဦးရွှေတလုတ်သည် သူ၏တပည့်များအား မျက်ရိပ်ပြ၍ ပုလိပ်များအား တိုက်ခိုက်ပြီး ထိုနေရာမှထွက်ခွာရန် ကြံစည် လိုက်၏။

သို့သော် ရွာဘက်မှထွက်လာသော လူအုပ်ကြီးကိုကြည့်၍ ၎င်းတို့၏ အကြံအစည်ကို လက်လျှော့လိုက်ရ၏။

ထို့ကြောင့် စံရှားနှင့် ရွှေရိုးအား ပုလိပ်များလက်သို့အပ်လိုက်ရ လေ၏။

ပုလိပ်များသည် စံရှားတို့အား လှည်းပေါ်သို့တင်ပြီးနောက် ဦးရွှေတလုတ်ဘက်သို့လှည့်၍

" ခင်ဗျားတို့လည်း စစ်ချက်ယူရအောင် ကျုပ်တို့ ပုလိပ်ဌာန ကို လိုက်ခဲ့ပါ "

ဟု ပြောရာ ဦးရွှေရိုးတလုတ်က ပုလိပ်သားများအား ကြည့်၍

" ဆရာတို့လည်း ရှေ့ကသွားနှင့်ပါ၊ ကျုပ်တို့ နောက်က လှည်းနဲ့ လိုက်ခဲ့ပါ့မယ်၊ လောလောဆယ် ထမင်းစားလို့ မပြီးသေး လို့ပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ပုလိပ်များသည် ကျေနပ်သွားဟန်ဖြင့် စံရှားနှင့် ရွှေရိုးအား လှည်းပေါ်သို့တင်၍ ဖမ်းဆီးသွားလေ၏။

စံရှားသည် လှည်းပေါ်သို့ ရောက်လာသောအခါ ပုလိပ်များကို ကြည့်၍

" ကျုပ်တို့ သူခိုးမဟုတ်ဘူး၊ ဒီလူတွေ မတရားအနိုင်ကျင့်ပြီး ဖမ်းဆီးထားတာပါ၊ ဒီလူတွေရဲ့ကိုယ်မှာရှာကြည့်ပါ၊ သူတို့မှာ လက်နက်တွေ ရှိပါတယ် "

ဟု ပြောလေရာ ဦးရွှေတလုတ်သည် မျက်စိမျက်နှာပျက်သွားပြီး

" သူခိုးတွေ၊ သွေးရူးသွေးတန်းနဲ့ ပေါက်ကရတွေ ပြောနေတာပါ ဆရာ၊ ဒီကောင်တွေကို ပုလိပ်ဌာနကို မြန်မြန်ခေါ်သွားပြီးတော့ ဆုံးမလိုက်ပါ "

ဟု ဆိုကာ ပုလိပ်များ၏ အိတ်ကတ်ထဲသို့ ငွေစက္ကူများ ထည့်ပေးလိုက်ရာ ပုလိပ်များသည် သဘောကျဟန်ဖြင့် ရယ်မော၍ စံရှားနှင့် ရွှေရိုးတို့၏စကားကို နားမဝင်ဘဲ နွားလှည်းကို စတင်ထွက်ခွာသွားလေ၏။ စံရှားတို့က ပုလိပ်များကို မကျေမချမ်းကြည့်၍





" ဒီလူတွေဟာ လူဆိုးတွေဗျ၊ သူတို့ကိုယ်မှာ လက်နက်တွေ ရှိတယ်၊ ခင်ဗျားတို့ သူတို့ကိုမစစ်ဆေးဘဲ ကျုပ်တို့ကို လာဘ်ငွေယူပြီး ဖမ်းလာတာ သိပ်မှားသွားပြီ "

ဟု ပြောလေ၏။ ရွှေရိုးက ဝင်ရောက်၍

" ကိုလိုနီခေတ် ပုလိပ်တွေက အင်မတန် အရည်အသွေး ညံ့ဖျင်းတယ်ဆိုတာ ကျုပ်တို့ လက်တွေ့သိလိုက်ရပြီ၊ ခင်ဗျားတို့က လူဆိုးခါးပြတွေကို လက်လွှတ်ပြီး ကျုပ်တို့လို လူကောင်းတွေကို ဖမ်းဆီးလာတယ် "

ဟု ကြိမ်းမောင်းလေ၏။

ပုလိပ်များသည် စံရှားနှင့် ရွှေရိုးတို့၏ စကားကို နားဝင်ဟန် မရှိဘဲ နွားလှည်းကိုသာ ပုလိပ်ဌာနဘက်သို့ ဦးတည်ပြီး မောင်းနှင်နေလေ၏။

စံရှားနှင့် ရွှေရိုးသည် ပုလိပ်များအား မကျေမနပ် အမြစ်တင်ရင်း တစ်လမ်းလုံး လိုက်ပါလာလေ၏။

လူပြတ်သော လမ်းတစ်နေရာသို့ ရောက်သောအခါ ပုလိပ်များသည် နွားလှည်းကိုရပ်လိုက်ပြီး စံရှားနှင့် ရွှေရိုးတို့၏ကားတွင်



www.burmeseclassic.com

www.burmeseclassic.com



ချည်နှောင်ထားသော ကြိုးများကို ဖြေလေ၏။

ထိုအခါ စံရှားက ဝမ်းသာအားရဖြင့်

" ဟေ့လူတွေ၊ ခင်ဗျားတို့ ကျုပ်တို့ကို လွှတ်ပေးမလို့လား"

ဟု မေးမြန်းလေရာ ပုလိပ်သားတစ်ဦးက ၎င်း၏ခေါင်းတွင် ဆောင်းထားသော ဦးထုပ်ကို ချွတ်လိုက်လေ၏။

စံရှားသည် ထိုသူကို မြင်ဖူးသလိုရှိ၍ သေချာစွာကြည့်နေစဉ် ပုလိပ်က

" စံရှားနဲ့ရွှေရိုး၊ ကျုပ်တို့ကို မမှတ်မိတော့ဘူးလား၊ ဝံသာနု ဦးဘဖြူရဲ့ တပည့်တွေလေဗျာ "

ဟု ပြောလေရာ စံရှားနှင့် ရွှေရိုးသည် အလွန်အံ့သြသွားပြီး ကျန်သော ပုလိပ်များကိုကြည့်ရှုလေရာ ပုလိပ်များက ၎င်းတို့၏ခေါင်းတွင် ဆောင်းထားသော ဦးထုပ်များကို ချွတ်ပြလိုက်လေ၏။

ထိုအခါ ၎င်းတို့အားလုံး ဝံသာနု ဦးဘဖြူ၏တပည့်များဖြစ်ကြောင်း တွေ့လိုက်ရလေ၏။

ပုလိပ်များအား ခေါင်းဆောင်လာသူက

" ခင်ဗျားတို့ကို ကျုပ်တို့က ပုလိပ်အယောင်ဆောင်ပြီး





သူဌေး ဦးရွှေတလုတ်တို့လက်က ကယ်တင်လာခဲ့တာဗျ၊ သူတို့မှာ လက်နက်တွေရှိတယ်ဆိုတာ ကျုပ်တို့သိတယ်၊ ဒါပေမဲ့ ကျုပ်တို့က ပုလိပ်အစစ်တွေမှ မဟုတ်တာ၊ သူတို့ကိုယ်မှာရှာလို့ ဘယ်ဖြစ်ပါ့မလဲ၊ ခင်ဗျားတို့ ကံကောင်းထောက်မလို့ ကယ်တင်လို့ရလာခဲ့တာနော်၊ သူတို့ဟာ ကျုပ်တို့ကို ပြန်ပြီးခုခံဖို့တောင် ကြံစည်ထားပြီးပြီ၊ ရွာဘက်ကလူတွေ ထွက်လာလို့ ခုခံမဲ့အစီအစဉ်ဖျက်လိုက်တာဗျ"

ဟု ပြောလေ၏။

ထိုအခါ စံရှားက ဝံသာနု ဦးဘဖြူ၏တပည့်များကို အံ့သြဟန်ဖြင့် ကြည့်၍

" ဒါနဲ့နေပါဦး၊ ကျုပ်တို့ကို ဦးရွှေတလုတ်တို့လူစု ဖမ်းဆီးထားတာ ခင်ဗျားတို့က ဘယ်လိုသိသလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဝံသာနု ဦးဘဖြူ၏တပည့်က

" ဒါကတော့ ခင်ဗျားတို့ရဲ့ကံပဲဗျ၊ ဟိုးရှေ့ကရွာဟာ ကျုပ်တို့ ဆရာကြီး ဝံသာနု ဦးဘဖြူရဲ့ ဇာတိရွာဗျ၊ ဆရာကြီးဟာ သူ့ရဲ့မွေးရပ်မြေမှာ ဇရပ်ကြီးတစ်ဆောင်ဆောက်ပြီးတော့ လှူဒါန်းမယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ဒီရွာကို ရောက်နေတာကြာပြီ၊ ကျုပ်တို့ဆောက်နေတဲ့ ဇရပ်ကြီးလည်း ပြီးတော့မယ်ဗျ၊ မကြာမီ ဇရပ်ကြီးကို ရေစက်ချပြီး လှူဒါန်းနိုင်တော့မယ်၊ ကျုပ်တို့ ဒီရွာမှာ ဇရပ်ဆောက်ဖို့ရောက်နေရင်း မမျှော်လင့်ဘဲ ဦးရွှေတလုတ်ရဲ့ လူတွေကို သတိထားမိတယ်၊ ဒါကြောင့် သူတို့လူစုရဲ့လှုပ်ရှားမှုကို နောက်ယောင်ခံကြည့်တဲ့အခါ ခင်ဗျားတို့နှစ်ယောက်ကို မတရားဖမ်းဆီးလာတာ သိလိုက်ရတာပဲ၊ ဒါကြောင့် အခုလို ပုလိပ်အယောင်ဆောင်ပြီး ကယ်တင်ခဲ့တာဗျ''

ဟု ပြောလေ၏။

ထိုအခါ စံရှားက

'' ဒါနဲ့နေပါဦး၊ ပုလိပ်ယူနီဖောင်းတွေကို ဘယ်ကရသလဲ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဝံသာနု ဦးဘဖြူ၏ ညာလက်ရုံး တပည့်က

'' ဒါကတော့ ဆရာကြီးရဲ့အစီအမံဗျ၊ ဆရာကြီး ခင်ဗျားတို့ အခက်အခဲဖြစ်ရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကယ်တင်ဖို့အတွက် ပုလိပ် ယူနီဖောင်းတွေကို ကြိုတင်ပြင်ထားတယ်၊ ဒီနယ်ပိုင်က ဌာနအုပ် ဦးဘတောဆိုတာ ဆရာကြီး ဝံသာနု ဦးဘဖြူရဲ့ ညီအရင်းဗျ၊





ဒါကြောင့် ဆရာကြီးအတွက် ပုလိပ်ယူနီဖောင်းတွေရဖို့ဆိုတာ မခက်ပါဘူး ''

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဝံသာနု ဦးဘဖြူ၏တပည့်များသည် ပုလိပ် ယူနီဖောင်းများကိုချွတ်၍ အရပ်သားများအဖြစ်သို့ လဲလှယ် ဝတ်ဆင်လိုက်လေ၏။

ထို့နောက် ဝံသာနု ဦးဘဖြူရှိရာရွာသို့ စံရှားနှင့် ရွှေရိုးအား ခေါ်ဆောင်သွားလေ၏။

ဦးဘဖြူသည် ရွာစွန်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၌ အေးအေးချမ်းချမ်း နေထိုင်နေလေ၏။

စံရှားတို့ရောက်သောအခါ ဝံသာနု ဦးဘဖြူက ဝမ်းသာ အားရ ကြိုဆို၍

'' မောင်ရင်တို့နဲ့ နောက်တစ်ကြိမ် ထပ်တွေ့ပြန်ပြီ၊ ဒီလို ဝေးလံခေါင်သီတဲ့ ကျုပ်ရဲ့မွေးရပ်ဇာတိရွာလေးမှာ မောင်ရင်တို့နဲ့ ပြန်ပြီးဆုံရမယ်လို့ ကျုပ် လုံးဝမမျှော်လင့်ဘူး ''

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စံရှားကလည်း ဝမ်းသာအားရဖြင့်

" ဆရာကြီးနဲ့ ကျုပ်တို့ ပြန်ဆုံရတာ ဝမ်းသာပါတယ်ဗျာ၊ ဆရာကြီးဟာ ကျုပ်တို့ရဲ့အသက်ကို ဒုတိယအကြိမ် ကယ်တင်လိုက်တာပါပဲ၊ ကျုပ်တို့သာ ဦးရွှေတလုတ်တို့လက်ထဲရောက်သွားရင် တွေးဝံ့စရာတောင် မရှိဘူး၊ သူတို့ဟာ ပတ္တမြားကြီးကို ဘယ်မှာထားသလဲဆိုတာ နှိပ်စက်ညှဉ်းပန်းပြီး မရရအောင်မေးမှာပဲဗျ "

ဟု ပြောလေ၏။ ထိုအခါ ဝံသာနု ဦးဘဖြူက

" မောင်ရင်ရှာနေတဲ့ ပုဂ္ဂိုလ်တွေရဲ့သတင်းကိုလည်း မရသေးဘူးလား "

ဟု မေးမြန်းလေ၏။ ထိုအခါ စံရှားက ခေါင်းခါယမ်း၍

" တိုက်တိုက်ဆိုင်ဆိုင် ကျုပ်တို့ရှာနေတဲ့ ပုဂ္ဂိုလ်ကြီးနှစ်ယောက်စလုံး နေရပ်မှာမရှိဘူး၊ ဆားပုလင်းမင်းအောင်ဆိုတဲ့ ပုဂ္ဂိုလ်ကလည်း ရန်ကုန်မြို့ကနေ ပျောက်ဆုံးနေတယ်၊ စောရန်နိုင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ပြင်သစ်ကိုရောက်နေတယ်လို့ကြားတယ် "

ဟု ပြောလေရာ ဝံသာနု ဦးဘဖြူက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဆရာကြီး စောရန်နိုင်က ပြင်သစ်မှာ





ရှေးဟောင်းပစ္စည်းနဲ့ ပတ်သက်တဲ့ သင်တန်းတစ်ခုတက်နေတယ်လို့ ကြားတယ်၊ ဆားပုလင်းမင်းအောင်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ရန်ကုန်မြို့မှာ မရှိဘူး၊ ဆားပုလင်းမင်းအောင် ဘယ်ရောက်နေတယ်ဆိုတာ ဘယ်သူမှမသိကြဘူး "

ဟု ပြောလေ၏။ ထိုအခါ စံရှားက

" ဒီပုဂ္ဂိုလ်ကြီးနှစ်ယောက် ရန်ကုန်မြို့မှာရှိမနေတာ ကျုပ်တို့အတွက် အန္တရာယ်တွေ ပတ်လည်ဝိုင်းနေသလိုဖြစ်နေတာပေါ့ဗျာ "

ဟု ညည်းညူလေ၏။ ဝံသာနု ဦးဘဖြူက သက်ပြင်းချ၍

" ဘာပဲဖြစ်ဖြစ် တို့အရှင်နှစ်ပါးအတွက် မောင်ရင်အကောင်းဆုံး လုပ်ဆောင်ခဲ့တာပဲ၊ မောင်ရင့်လိုလူမျိုးကို ကျုပ်ချီးကျူးလို့မဆုံးဘူး "

ဟု ပြောလေ၏။ ထိုအခါ စံရှားက

" ဦးလေးနဲ့ ကျုပ် ဒီရွာမှာ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့တာ ထူးဆန်းတယ်နော် "

ဟု ပြောလေရာ ဝံသာနု ဦးဘဖြူက

" ဒီရွာက ကျုပ်ရဲ့ မွေးရပ်ဇာတိမြေလေ၊ ရွာမှာ ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်လုပ်ဖို့ ကျုပ်တို့ငယ်စဉ်ကတည်းက ကိုးကွယ်လာခဲ့တဲ့ ဆရာတော်ကြီးက တိုက်တွန်းခဲ့တယ်၊ ဆရာတော်ကြီးရဲ့ တိုက်တွန်းချက်ကြောင့် ကျုပ်ရဲ့ မွေးရပ်မြေမှာ လမ်းတွေဖောက်တယ်၊ လိုအပ်တဲ့နေရာမှာ တံတားတွေဆောက်တယ်၊ ရေတွင်းရေကန်တွေလည်းတူးတယ်၊ အခုလည်း ရွာပြင်မှာ ဇရပ်တစ်ဆောင်ဆောက်လုပ်ဖို့အတွက် ကျုပ် ကြိုးပမ်းနေတာပဲ၊ ဒီဇရပ်ကြီးပြီးရင်တော့ ကျုပ်မြို့ပြန်တော့မယ်၊ လောလောဆယ် မောင်ရင် ကျုပ်တို့ရွာမှာပဲ အေးအေးဆေးဆေးနေပါ၊ ဒီရွာမှာပဲ မောင်ရင်တို့နှစ်ယောက်အတွက် အန္တရာယ်ကင်းပါတယ် ”

ဟု ပြောလေ၏။

ထိုအခါ စံရှားနှင့် ရွှေရိုးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ရွှေရိုးက

“ ဦးလေးပြောတာ သင့်မြတ်တယ်၊ ငါတို့ ဦးလေးရဲ့ ဇာတိမြေမှာပဲနေရင် ဦးရွှေတလုတ်နဲ့ သူ့ဘွေးကျင်ဝမ်တို့လူစုရဲ့ရန်က ဝေးလိမ့်မယ် ”

ဟု ပြောလေ၏။





ထို့နောက်တွင်မူ စံရှားနှင့် ရွှေရိုးသည် ဝံသာနု ဦးဘဖြူ၏ ရွာ၌ပင် ခိုအောင်းပြီးနေထိုင်ရန် ဆုံးဖြတ်လိုက်၏။

ဝံသာနု ဦးဘဖြူက

“ မောင်ရင်တို့ရဲ့လက်ထဲမှာ ပြည်ကြီးတံခွန်ပတ္တမြားကြီးဟာ လုံလုံခြုံခြုံရှိနေတုန်းပဲလား ”

ဟု မေးမြန်းလေ၏။

ထိုအခါ စံရှားက ပြည်ကြီးတံခွန်ပတ္တမြားကို သိမ်းဆည်းထားသော ရွှေဓားကွက်လေးအား တစ်ဖက်ရွာရှိ ဇရပ်၏ ဘုရားစင်ပေါ်၌ တင်ထားကြောင်း ပြောလေ၏။

ဝံသာနု ဦးဘဖြူက စံရှား၏စကားကြောင့် မျက်လုံးပြူးသွားပြီး

“ မောင်ရင်တို့ကိစ္စက သဲထိတ်ရင်ဖိုပါလား၊ နည်းနည်းလေး လွဲချော်သွားတာနဲ့ ပြည်ကြီးတံခွန်ပတ္တမြားကြီးကို လူယုတ်မာတွေလက်ထဲ ပြန်ရောက်သွားလိမ့်မယ်၊ ကျုပ်လူတွေလွှတ်ပြီး မောင်ရင်တို့ရဲ့ ရွှေဓားကွက်လေးကို အခုချက်ချင်း ယူခိုင်းလိုက်မယ် ”

ဟု ပြောလေ၏။ ထိုအခါ စံရှားက



www.burmeseclassic.com

www.burmeseclassic.com



" ရွှေဖီးကွက်ရှပ်လေးကို ယုံကြည်စိတ်ချရတဲ့လူကိုသာ ယူခိုင်းပါ ဦးလေးရယ်၊ ဖြစ်နိုင်ရင် ရွှေဖီးကွက်ကို ကျုပ်ကိုယ်တိုင် သွားယူချင်တာပါ "

ဟု ပြောလေ၏။ ထိုအခါ ဝံသာနု ဦးဘဖြူက

" မောင်ရင့် ဒီလို သတိ ဝီရိယရှိလို့လည်း ပြည်ကြီးတံခွန် ပတ္တမြားဟာ ဒုစရိုက်သမားတွေလက်ထဲကို ရောက်မသွားတာပေါ့ "

ဟု ချီးမွမ်းလေ၏။

ထိုနေ့ညနေသို့ရောက်သောအခါ ဝံသာနု ဦးဘဖြူသည် ပြည်ကြီးတံခွန် ပတ္တမြားအား ၎င်း၏လူယုံတစ်ဦးအား သွားရောက်ယူဆောင်ခိုင်းလေ၏။

အတန်ကြာသောအခါ ပြန်ရောက်လာပြီး ရွှေဖီးကွက်ရှပ်ကလေးအား စံရှား၏လက်သို့ အပ်သောအခါမှပင် စံရှားတို့သည် စိတ်အေးလက်အေး ဖြစ်သွားလေ့၏။

ထိုနေ့ည စံရှားတို့သည် ဝံသာနု ဦးဘဖြူ၏ အိမ်ကြီး၌ပင် အေးချမ်းစွာ အိပ်စက်ခဲ့လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ဦးဘဖြူ၏တပည့်များက





စံရှားနှင့် ရွှေရိုးစားသောက်နိုင်ရန် ပဲထမင်းဆီဆမ်းနှင့် ငါးရံ့ခြောက်ဖုတ်များကို စီစဉ်ပေးလေ၏။

စံရှားတို့ နံနက်စာ စားပြီးနောက် ဝံသာနု ဦးဘဖြူက

" မကြာမီ တောင်ပေါ်ကျောင်းက ဦးပဉ္ဇင်း ဆွမ်းခံကြွလာလိမ့်မယ်၊ သူ ကျုပ်တို့ကို ဒီနေ့ နေ့လယ်မှာ တောင်ပေါ်ကျောင်းကို ခေါ်သွားမယ် "

ဟု ပြောလေရာ စံရှားက ဝံသာနု ဦးဘဖြူကို နားမလည်ဟန်ဖြင့် ကြည့်၍

" တောင်ပေါ်ကျောင်းဆိုတာ ဘာကိုပြောတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဝံသာနု ဦးဘဖြူက

" ကျုပ်တို့ရွာက ဆရာတော်ကြီးဟာ အလွန်ရှေးကျတဲ့ တောင်ပေါ်ကျောင်းမှာပဲ သီတင်းသုံးတယ်၊ တောင်ပေါ်ကျောင်းက မြန်မာဘုရင်တွေ လက်ထက်ကတည်းက တည်ဆောက်ခဲ့တဲ့ကျောင်းဖြစ်တဲ့အတွက် နှစ်ပေါင်း(၁၀၀)ကျော်လောက် သက်တမ်းရှိပြီ "

ဟု ပြောလေရာ စံရှားနှင့် ရွှေရိုးသည် တောင်ပေါ်ကျောင်းအား စိတ်ဝင်စားသွားလေ၏။ ဝံသာနု ဦးဘဖြူက ဆက်လက်၍



www.burmeseclassic.com

www.burmeseclassic.com



" တောင်ပေါ်ကျောင်းမှာ လောလောဆယ် ကျုပ်တို့ ကိုးကွယ်တဲ့ ဆရာတော်ကြီးမရှိဘူး၊ ဆရာတော်ကြီးဟာ ဗုဒ္ဓဂယာ ဘုရားဖူးထွက်နေတယ်၊ ဆရာတော်ကြီးကိုယ်စား ကျောင်းမှာ ဦးပဥ္စင်းတစ်ပါးနဲ့ ကပ္ပိယ တစ်ယောက်ပဲရှိတယ်၊ တောင်ပေါ် ကျောင်းက အလွန်ရှေးကျပြီးတော့ တောင်ပေါ်မှာ ဆွမ်းကွမ်းရှားပါး တဲ့အတွက် ဆရာတော်ကြီးတစ်ပါးကလွဲရင် ဘယ်သူမှ သီတင်း မသုံးနိုင်ဘူး "

ဟု ပြောလေ၏။ ထိုအခါ ရွှေရိုးက

" အခု ကျောင်းမှာ သီတင်းသုံးနေတဲ့ ဦးပဥ္စင်းက ဘယ်သူ လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဝံသာနု ဦးဘဖြူက

" ဆရာတော်ကြီးနဲ့ သိကျွမ်းတဲ့ ဧည့်သည် ဦးပဥ္စင်းတစ်ပါး ပါ၊ ဒါပေမဲ့ ဒီဦးပဥ္စင်းဟာ သီလ၊ သမာဓိနဲ့ ပြည့်စုံပြီးတော့ အလွန်ကြည်ညိုဖို့ကောင်းတယ်၊ ရွာထဲကို နေ့စဉ် ဆွမ်းခံထွက်တဲ့ အတွက် မကြာမီ မောင်ရင်တို့ ဖူးရမှာပါ၊ ဒီနေ့ညနေ မောင်ရင်တို့ကို ဦးပဥ္စင်းရဲ့ကျောင်းကို ခေါ်သွားပြီး ဖူးခိုင်းရမယ် "





ဟု ပြောလေ၏။

ထိုအခိုက်မှာပင် အိမ်ရှေ့သို့ ဦးပဥ္စင်းတစ်ပါး ဆွမ်းခံရပ်လာ သဖြင့် ဝံသာနု ဦးဘဖြူက

" ဟော… ဟိုမှာ ပြောရင်းဆိုရင်း တောင်ပေါ်ကျောင်းက ဦးပဥ္စင်း ဆွမ်းခံရပ်လာပြီ "

ဟု ပြောလိုက်ရာ စံရှားနှင့် ရွှေရိုးသည် အိမ်ရှေ့သို့ လှမ်းမျှော် ကြည့်လိုက်၏။

ထိုအခါ အလွန်ကြွေ့သိက္ခာရှိပြီး သီလ၊ သမာဓိနှင့် ပြည့်စုံ သော အဆင်းသဏ္ဌာန်ရှိသည့် ဦးပဥ္စင်းတစ်ပါးကို ဖူးတွေ့ရလေ၏။

ဦးပဥ္စင်းသည် အိမ်ထဲသို့မဝင်ဘဲ အိမ်များ တစ်အိမ်ပြီးတစ်အိမ် ရှေ့တွင်ရပ်၍ ဆွမ်းခံသွားလေ၏။

ဝံသာနု ဦးဘဖြူက

" ဆရာတော်ကြီးရဲ့ဆန္ဒအရ သူ့ရဲ့မွေးရပ်မြေမှာ လမ်းဖောက် တံတားဆောက်လုပ်ပြီးတော့ ကုသိုလ်ယူနေပေမဲ့ ဆရာတော်ကြီး မရှိတဲ့ အချိန်မှာ ဦးပဥ္စင်းရဲ့လမ်းညွှန်မှုနဲ့ပဲ ကျုပ်ရဲ့အလှူဒါနတွေကို ပြုနေရတာပါ၊ ဒီနေ့ ကျုပ်တို့ တောင်ပေါ်ကျောင်းကိုသွားပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရေပ်ဆောက်တာနဲ့ ပတ်သက်ပြီး ဦးပဥ္စင်းဆီမှာ လျှောက်ထားရဦးမယ် ''

ဟု ပြောလေ၏။

ဝံသာနု ဦးဘမြူသည် နေလယ်သို့ရောက်သောအခါ စံရှားနှင့် ရွှေရိုးကိုခေါ်၍ တောင်ပေါ်ကျောင်းရှိရာသို့ ထွက်ခွာလာခဲ့၏။

ရွာ၏တောင်ဘက်ရှိ မြင့်မားသော တောင်ကုန်းပေါ်သို့ တရွေ့ရွေ့တက်သွားသောအခါ သစ်ရိပ်ဝါးရိပ်များ အေးမြနေသော အရပ်၌ အလွန်ရှေးကျသော ဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့ရလေ၏။

ဘုန်းကြီးကျောင်းအတွင်းသို့ရောက်သောအခါ ဘုရားစင်ရှေ့တွင် တရားထိုင်နေသော ဦးပဥ္စင်းကို တွေ့ရလေ၏။

ဦးပဥ္စင်းသည် ခဏကြာအောင် ဆက်၍တရားထိုင်နေရာမှ လှည့်ကြသဖြင့် အနောက်သို့ ဖြည်းညှင်းစွာ လှည့်ကြည့်လိုက်ပြီး

'' ဦးဘမြူရောက်နေတာကိုး၊ ဦးဘမြူနဲ့အတူ ညည်သည်တွေလည်း ပါတယ်နဲ့တူတယ်၊ ဘုရားခန်းမှာပဲ ကျုပ်တို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့ ''





ဟု ပြောလေ၏။

ထို့နောက်တွင်မှ ဦးဘမြူက ဦးပဥ္စင်းအား ၄င်း၏အလှူဒါနနှင့် ပတ်သက်၍ လျှောက်တင်လေ၏။ ဦးပဥ္စင်းလေးက ဦးဘမြူဆောက်လုပ်နေသော ရေပ်အား တည်ဆောက်ရာတွင် ရွေးချယ်ရမည့် သစ်အမျိုးအစားများကို ရှင်းလင်းပြလေ၏။

ထို့ပြင် ရှေးဟောင်းလက်မှုပညာကျမ်း၌ ဖော်ပြထားသော ရှောင်ရှားရမည့် သစ်အမျိုးအစားကိုလည်း အောက်ပါအတိုင်း ပြောပြလေ၏။

'' ဒကာကြီး ရွေးထုံးကိုမပယ်တာ အကောင်းဆုံးပဲ၊ ရှေးဟောင်း လက်မှုပညာကျမ်းမှာ မအူ၊ မိကျောင်း၊ သခွပ်၊ ညောင်၊ သျှိသျှား၊ နီး၊ သမြေ၊ သစ်စိမ့်၊ ရေ၊ ကလောနဲ့ ဆိုတဲ့သစ်တွေကို အိမ်ဆောက်၊ ကျောင်းဆောက်တဲ့အခါမှ မသုံးရဘူးလို့ အဆိုရှိတယ်၊ ဒါကြောင့် ဒကာကြီးရဲ့ရေပ်မှာ ဒီလိုသစ်အမျိုးအစားတွေကို မပါအောင် ရှောင်ရဦးမယ် ''

ထို့ပြင် ရေပ်စတင်ဆောက်လုပ်ရန် နဂါးလှည့်ရွေးနည်း၊ မြေရက်ရွေးနည်း စသည်ဖြင့် ရွေးထုံးနည်းနာများကို သေချာစွာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းပြလေ၏။

စံရှားနှင့် ရွှေရိုးသည် လွန်စွာကြည်ညိုဖွယ်ကောင်းပြီး ပညာဗဟုသုတနှင့် ပြည့်စုံသော ဦးပဥ္စင်းအား ရိုသေစွာ ရှိခိုးကန်တော့လိုက်လေ၏။ ဦးပဥ္စင်းက စံရှားတို့ကိုကြည့်၍

" ဟောဒီက ဒကာနှစ်ယောက်က ရွာကို ဘယ်လိုအကြောင်းကိစ္စနဲ့ ရောက်လာတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဝံသာနု ဦးဘဖြူက စံရှားနှင့် ရွှေရိုးဘက်သို့လှည့်၍

" အရှင်နှစ်ပါးရဲ့ နန်းတွင်း ရွှေငွေရတနာနဲ့ ပတ်သက်လို့ ဦးပဥ္စင်းကို လျှောက်တင်လို့ရပါတယ်၊ ဦးပဥ္စင်းဟာ ယုံကြည်စိတ်ချရတဲ့ အရှင်မြတ်ပါ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဝံသာနု ဦးဘဖြူက မြိတ်မြို့ရှိ ရွှေကျွန်းပျော်ပွဲစားရုံ၌ ပြည်ကြီးတံခွန်ပတ္တမြားကြီးအား အရောင်းအဝယ်ပြုလုပ်သည့် အချိန်မှစ၍ စံရှားတို့၏ စွန့်စားခန်းများကို စီကာပတ်ကုံးလျှောက်တင်လေ၏။





ဦးပဥ္စင်းက စံရှားတို့၏အကြောင်းများကို နားထောင်၍

" ဒကာတို့နှစ်ယောက်ဟာ လူငယ်တွေပေမဲ့ တိုင်းပြည်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ နန်းစဥ်ရတနာတွေကို တိုင်းတစ်ပါးမရောက်အောင် သက်စွန့်ကြိုးပမ်းကာကွယ်တာကို ချီးကျူးပါတယ်၊ ဒါဆိုရင် ဒကာတို့ရှာဖွေနေတဲ့ ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက်နဲ့ ရှေးဟောင်းသုတေသနပညာရှင် ဆရာကြီး စောရန်နိုင်တို့ကို ရှာလို့မတွေ့သေးဘူးပေါ့ "

ဟု မေးမြန်းလေ၏။ ထိုအခါ စံရှားက လက်အုပ်ချီ၍

" တင်ပါ့ဘုရား၊ သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုတွေ့ရင် တပည့်တော်တို့ရဲ့ တာဝန်ကျေပါပြီ၊ ပြည်ကြီးတံခွန် ပတ္တမြားကြီးနဲ့ပတ်သက်တဲ့ ဝန်ထုပ်ဝန်ပိုးလည်း တပည့်တော်တို့ဆီမှာ လျှော့ကျသွားမှာပါ "

ဟု လျှောက်တင်လေ၏။

ထိုအခါ ဦးပဥ္စင်းက

" ဒကာတို့ရှာဖွေနေတဲ့လူနဲ့ အမြန်ဆုံးတွေ့ပြီးတော့ ဘေးရန်အန္တရာယ်နဲ့ ကင်းဝေးပါစေလို့ ဦးပဥ္စင်း ဆုတောင်းပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေတော့၏။

စံရှားတို့သည် တောင်ပေါ်ကျောင်းမှ ပြန်လာခဲ့ပြီး ဝံသာနု ဦးဘဖြူ၏ ဇရပ်ဆောက်သောလုပ်ငန်း၌ ကူညီလုပ်ကိုင်ပေးလေ၏။

ငင်းတို့သည် ဝံသာနု ဦးဘဖြူ၏ ဓာတ်ရပ်ရွာ၌ ရောက်ရှိနေသဖြင့် ဦးရွှေတလုတ်နှင့် သူဌေးကျင်ဝမ်၏လူများ၏ အန္တရာယ်မှ ကင်းဝေး၍ နေလေ၏။

သူဌေးကျင်ဝမ်နှင့် ဦးရွှေတလုတ်၏လူများသည် စံရှားတို့အား မျက်ခြေပြတ်နေပုံရ၏။

စံရှားတို့သည် ဝံသာနု ဦးဘဖြူ၏ ဇရပ်ဆောက်လုပ်ရေး လုပ်ငန်း၌ ကူညီလုပ်ကိုင်ပေးရင်း ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့၏။

တစ်ညသ၌ ဝံသာနု ဦးဘဖြူသည် သူ၏တပည့်များအား မြန်မာ့နန်းတွင်းရှိ စိတ်ဝင်စားဖွယ် အကြောင်းအရာများကို ပြောကြားရင်း အချိန်များ ကုန်လွန်နေလေ၏။

ထိုအခိုက်မှာပင် ရွာပြင်မှ မြင်းခွာသံများကို ကြားလိုက်ရ၏။ ဦးဘဖြူသည် မြင်းခွာသံကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး





" ညကြီးအချိန်မတော် ဘယ်က မြင်းခွာသံတွေလဲ "

ဟု ရေရွတ်လေ၏။

ဦးဘဖြူ၏စကားမဆုံးမီမှာပင် မြင်းခွာသံများသည် ရွာထဲသို့ ဝင်ရောက်ပြီး ဝံသာနု ဦးဘဖြူ၏အိမ်ရှေ့၌ ရပ်လိုက်ကြ၏။

ထို့နောက် မြင်းစီးသမားများ၏ ခေါင်းဆောင်က သေနတ်တစ်လက်ဒိုင်းခနဲ ပစ်ဖေါက်၍ ဦးဘဖြူ၏အိမ်ဝိုင်းအတွင်းသို့ မြင်းများ စီးနင်းလာကြ၏။

ဝံသာနု ဦးဘဖြူနှင့် တပည့်များသည် ဓါးပြများဖြစ်သည်ဟု ယူဆကာ ထိတ်လန့်သွားကြလေ၏။

ထိုအခါ ဓါးပြခေါင်းဆောင်က တဟားဟားရယ်မော၍

" ဟား… ဟား… ဟား… ဝံသာနု ဦးဘဖြူဆိုတဲ့ အဘိုးကြီး၊ ခင်ဗျားကို ဓါးပြတိုက်တယ်ဆိုပြီးတော့ ထိတ်လန့်နေပြီလား၊ မကြောက်ပါနဲ့ဗျာ၊ ကျုပ်တို့က ခင်ဗျားရဲ့ မဖြစ်စလောက် ငွေလေးကိုမတ်လို့ ဓါးပြတိုက်မှာ မဟုတ်ပါဘူး၊ ကျုပ်တို့လိုချင်တာ စံရှားနဲ့ ရွှေရိုးဆိုတဲ့ အန္တရာယ်ကောင်နှစ်ကောင်ဗျ "

ဟု ပြောလေရာ ဝံသာနု ဦးဘဖြူ၏ လူများသည် ဓားတုတ်



www.burmeseclassic.com

www.burmeseclassic.com



များကို ထွန်းညှိလိုက်လေ၏။

ထိုအခါ ဓါးပြများမှာ ပြည်ကြီးတံခွန်ပတ္တမြားကြီး၏ ပိုင်ရှင် ဦးရွှေတလုတ်နှင့် တရုတ်သူဌေးကျင်ဝမ်တို့ဖြစ်ကြောင်း တွေ့လိုက်ရ၏။ ထိုအခါ ဝံသာနု ဦးဘဖြူက

" ဘယ်သူတွေများမှတ်တယ်၊ ကျုပ်လို ဝံသာနု အဘိုးကြီး တစ်ယောက်ကို သူဌေးကြီးတွေက လာပြီးတော့ ဓါးပြတိုက် နေပါလား "

ဟု ပြောလေရာ သူဌေးကြီး ဦးရွှေတလုတ်က ဝံသာနု ဦးဘဖြူကို သေနတ်ဖြင့်ချိန်၍

" ဟုတ်တယ် အဘိုးကြီး၊ ကျုပ်ရဲ့ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ခိုးယူသွားတဲ့ စံရှားနဲ့ရွှေရိုးဆိုတဲ့ လူဆိုးလေး နှစ်ယောက်ကို ကျုပ်တို့လက်ထဲကိုအပ်ပါ၊ မအပ်ရင် ခင်ဗျားကြီး ငရဲပြည်မှာသွားပြီး ဝံသာနုလုပ်ရလိမ့်မယ် "

ဟု ပြောလေ၏။

သူဌေးကျင်ဝမ်ကလည်း ဝံသာနု ဦးဘဖြူကို သေနတ်ဖြင့် ချိန်၍





" ဒီမှာ အဘိုးကြီး ကျုပ်တို့ အချိန်မရှိဘူး၊ စကားရှည်ရှည် ဝေးဝေး မပြောချင်ဘူး၊ ကျုပ်တို့လက်ကို စံရှားနဲ့ ရွှေရိုးဆိုတဲ့ လူဆိုးလေးနှစ်ကောင်ကိုသာ အပ်လိုက်၊ ခင်ဗျားတို့ တစ်ရွာလုံး လက်ဖျားနဲ့တောင်မထိဘဲ ကျုပ်တို့ ပြန်သွားမယ်၊ ခင်ဗျားတို့ မိုက်မဲနေရင်တော့ တစ်ရွာလုံးကို မီးတင်ရှို့ရလိမ့်မယ် "

ဟု ပြောလေ၏။

ဝံသာနု ဦးဘဖြူသည် မျိုးချစ်စိတ်ရှိပြီး ရဲရင့်သောသတ္တိရှိသူ ဖြစ်သဖြင့် ဓါးပြများကို ကြောက်ရွံ့ခြင်းမရှိသော်လည်း မိမိတို့ တစ်ရွာလုံး မီးတင်ရှို့ခံရမှာကို စိုးရိမ်သဖြင့် မတတ်သာသည့်အဆုံး တွင် စံရှားနှင့်ရွှေရိုးအား ထုတ်ပေးရန် ဆုံးဖြတ်လိုက်ကြ၏။

ထို့ကြောင့် သူ၏အိမ်တွင်ရှိသော စံရှားနှင့် ရွှေရိုးအား ခေါ် ဆောင် ခိုင်းလေ၏။ သို့သော် အိပ်ခန်းထဲတွင် စံရှားတို့ မရှိတော့ချေ။

ထိုအခါ ဝံသာနု ဦးဘဖြူ၏တပည့်များအားလုံး စံရှားတို့ ပျောက်ခြင်းမလှ ပျောက်နေသဖြင့် အံ့ဩသွားလေ၏။

ဝံသာနု ဦးဘဖြူက တစ်အိမ်လုံးနှံ့အောင် ရှာဖွေပြီးနောက် တရုတ်သူဌေး ကျင်ဝမ်ရှိရာသို့ လျှောက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



" စံရှားနဲ့ရွှေရိုး ကျုပ်ရဲ့အိမ်မှာ မရှိတော့ဘူး "

ဟု ပြောလေရာ တရုတ်သူဌေးကျင်ဝမ်က ဒေါသတကြီး သေနတ်ဖြင့် ချိန်၍

" ဒီမှာ အဘိုးကြီး၊ ခင်များသေချင်လို့လား၊ ဒီကောင်တွေ ခင်များအိမ်မှာရှိတာ ကျုပ်တို့သိတယ်၊ ဘယ်ကိုရောက်သွားလဲ၊ မှန်မှန်ပြောစမ်း "

ဟု ပြောကာ သူ၏တပည့်များအား အိမ်ထဲတွင် ဝင်ရောက်ရှာနိုင်းလေ၏။

စံရှားနှင့် ရွှေရိုးကို ရှာဖွေ၍မတွေ့သောအခါ ဦးရွှေတလုတ်က ဒေါသတကြီးဖြင့် ဝံသာနု ဦးဘဖြူ၏အိမ်အား မီးတုတ်များ ပစ်သွင်းကြ၏။

ခဏကြာလျှင် ဦးဘဖြူ၏အိမ်ကြီး မီးဟုန်းဟုန်းတောက်လောင်လေ၏။

တရုတ်သူဌေးကျင်ဝမ်သည် ဝံသာနု ဦးဘဖြူ၏တပည့်များအား တန်းစီ၍ ရပ်နိုင်းလိုက်ပြီး ခြောက်လုံးပြူးသေနတ်များဖြင့် တစ်ယောက်ပြီးတစ်ယောက် နားထင်ကိုချိန်ကာ စံရှားနှင့် ရွှေရိုးတို့





မည်သည့်အရပ်သို့ ထွက်ပြေးကြောင်း မေးမြန်းလေ၏။

ထိုအခါ ဝံသာနု ဦးဘဖြူ၏တပည့်များသည် ၄င်းတို့ကိုယ်တိုင်ပင် စံရှားတို့ ပျောက်ဆုံးသွားခြင်းကို နားမလည်နိုင်သဖြင့် အထိတ်ထိတ် အလန့်လန့်ဖြင့် မသိကြောင်း ငြင်းဆိုလေ၏။

ဦးရွှေတလုတ်တို့လူစုသည် စံရှားတို့အား မတွေ့သဖြင့် ဒေါသူပုန်ထသွားပြီး ဝံသာနု ဦးဘဖြူအား သေနတ်ဖြင့် ပစ်သတ်ရန် ကြိုးစည်လိုက်၏။

ထိုအခိုက်မှာပင် ဦးဘဖြူ၏အိမ်တွင် နိုင်းစေထားသော လူငယ်လေးက ထိတ်လန့်သော အမူအရာဖြင့် ရှေ့သို့ထွက်လာပြီး

" ဒီလူနှစ်ယောက် ဘယ်ကိုသွားသလဲဆိုတာ ကျွန်တော်သိပါတယ် "

ဟု ပြောလေ၏။

ထိုလူငယ်လေးသည် ကျပ်မပြည့်ဘဲ စိတ်ရောဂါဝေဒနာရှိသဖြင့် တစ်ရွာလုံး၏ နိုင်းဖတ်ဖြစ်နေသူဖြစ်၏။ ဦးရွှေတလုတ်သည် စိတ်ရောဂါသည်လေးအား သေနတ်ဖြင့်ချိန်၍

" ဟေ့ကောင်လေး... မင်းသိတယ်ဆို မြန်မြန်ပြောစမ်း၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်နှစ်ကောင် ဘယ်ကိုရောက်သွားလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ လူငယ်လေးက အထိတ်ထိတ် အလန့်လန့်ဖြင့်

" သူတို့ကို တောင်ပေါ်ကျောင်းက ကပ္ပိယကြီး လာခေါ်သွားတာပါ "

ဟု ပြောလေ၏။

ထိုအခါ အနီးသို့ သူဌေးကျင်ဝမ်ရောက်ရှိလာပြီး လူငယ်လေးအား သေနတ်ဖြင့်ချိန်၍

" ဘယ်တုန်းက ခေါ်သွားတာလဲ ပြောစမ်း "

ဟု မေးမြန်းလေ၏။

ထိုအခါ လူငယ်လေးက

" ညစာစားပြီးတဲ့ အချိန်လောက်ပါ "

ဟု ပြောလေ၏။

လူငယ်၏စကားအဆုံးတွင် ဦးရွှေတလုတ်နှင့် သူဌေးကျင်ဝမ်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ဦးရွှေတလုတ်က

" တောင်ပေါ်ကျောင်းကို လိုက်သွားမယ် "





ဟု ပြောဆိုလိုက်လေတော့၏။

သူဌေးကျင်ဝမ်တို့လူစုသည် မီးတုတ်ကိုယ်စီကိုင်ကာ တောင်ပေါ်သို့ မြင်းများဖြင့် ခုန်းစိုင်းပြီး တက်သွားလေ၏။

တောင်ပေါ်သို့ရောက်သောအခါ ရှေးဘုန်းကြီးကျောင်းကြီးကို ဝိုင်းရံထားလိုက်လေ၏။

ထို့နောက် တရုတ်သူဌေးကျင်ဝမ်က

" ဦးပဉ္စင်း၊ ကျုပ်တို့ရန်သူတွေကို ကျောင်းက ထုတ်ပေးပါ၊ ထုတ်မပေးရင် ကျောင်းကြီးကို မီးတိုက်ပစ်ရလိမ့်မယ် "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် တောင်ပေါ်ကျောင်း၏ လှေခါးပေါ်မှ ကပ္ပိယကြီး ရောက်ရှိလာပြီး

" ဒကာကြီးတို့အားလုံး ကျောင်းထဲကိုလာဖို့ ဦးပဉ္စင်းက ဖိတ်ခေါ်ပါတယ် "

ဟု ပြောလေရာ သူဌေးကြီး ကျင်ဝမ်တို့လူစုသည် မြင်းများပေါ်မှ လွှားခနဲခုန်ဆင်း၍ သေနတ်ကိုယ်စီကိုင်ကာ ဘုန်းကြီးကျောင်းထဲသို့ ဝင်ရောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါ်သို့ရောက်သောအခါ ခန်းမဆောင်ကြီးတစ်ခုလုံး ဖယောင်းတိုင်များ ထွန်းညှိထားသဖြင့် ကျောင်းတစ်ခုလုံး ထိန်ထိန် လင်းနေကြောင်း အံ့သြဖွယ်မြင်နေရ၏။

တရုတ်သူဌေးကျင်ဝမ်နှင့် ဦးရွှေတလုတ်သည် ဘုရားစင်ရှေ့တွင် ထိုင်နေသော အလွန်ကြည်ညိုဖွယ်အဆင်းရှိသော ရဟန်း တစ်ပါးနှင့် ရဟန်းအား ရှိခိုးကန်တော့နေသော စံရှားနှင့်ရွှေရိုးကို မြင်တွေ့လိုက်ရ၏။

ဦးရွှေတလုတ်တို့လူစုသည် စံရှားနှင့်ရွှေရိုးကို မြင်တွေ့လိုက်ရသဖြင့် စိတ်မထိန်းနိုင်တော့ဘဲ ခြောက်လုံးပြူးများကိုထုတ်၍ ချိန်ရွယ် ပြင်လိုက်၏။

ထိုအခါ ကြည်ညိုဖွယ်အဆင်းရှိသော ရဟန်းက

" ကျောင်းပရဝဏ်မှာ လူသတ်လက်နက်တွေကိုမထုတ်ဘဲ အေးအေးချမ်းချမ်းနဲ့ ဖြေရှင်းကြပါ ဒကာ၊ ဒီကျောင်းကြီးတည် ဆောက်ခဲ့တာ နှစ်ပေါင်း (၂၀၀) ကျော်ခဲ့ပါပြီ၊ ဒါပေမဲ့ ကျောင်းပေါ်မှာ ဒီနေ့အထိ သွေးမစွန်းခဲ့သေးပါဘူး၊ ဒကာတို့အားလုံး အေးအေး ချမ်းချမ်းနဲ့ ကိုယ့်ရဲ့မိုက်ပြစ်တွေကို ကိုယ်ဆေးကြောဖို့ ကြိုးစားပါ၊





ဒီအချိန်ဟာ ဒကာတို့ လိမ္မာဖို့အချိန် ရောက်လာပါပြီ "

ဟု ပြောလိုက်ရာ ဦးရွှေတလုတ်နှင့် သူဌေးကျင်ဝမ်သည် ခြောက်လုံးပြူးများကို ခါးကြားအတွင်းသို့ ထိုးထည့်လိုက်ပြီး ကျယ်ဝန်းသော ခန်းမဆောင်ကြီးအတွင်းသို့ တစ်လှမ်းချင်း ဝင် ရောက်သွားလေ၏။

၎င်းတို့သည် ကြည်ညိုဖွယ်ရဟန်းနှင့် နီးကပ်လာသောအခါ ရပ်တန့်လိုက်ပြီး ဦးရွှေတလုတ်က

" ဘုန်းကြီးရဲ့စကားက ဆန်းလှချည်လား၊ ကျုပ်တို့မိုက်ပြစ် တွေကို ဆေးကြောဖို့ အချိန်ရောက်ပြီတဲ့၊ ကျုပ်တို့ကို ဘယ်လိုလူက အပြစ်ဒဏ်ခတ်လို့ရမှာလဲ "

ဟု ပြောလေရာ ကြည်ညိုဖွယ်အဆင်းရှိသော ရဟန်းက

" ရဲကလူ ပြာပွမကြောက်ဆိုတာ ဒကာတို့ကို ပြောတာနဲ့တူ ပါတယ်၊ ဒါပေမဲ့ အပြစ်ဒဏ်ဆိုတာ ခံဖို့အချိန်ရောက်ရင် ခံရမှာပဲ၊ ရှောင်လွှဲလို့မရဘူး၊ ဒကာတို့အားလုံး ဒီအချိန်ကစပြီးတော့ အပြစ်ဒဏ် ခံရမဲ့အချိန်ရောက်ပြီလို့ ဘုန်းကြီးက တိတိကျကျဆိုပါတယ် "

ဟု ပြောလေရာ တရုတ်သူဌေးကျင်ဝမ်က ခါးကြားမှ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လုံးပြူးကို ဆတ်ခနဲဆွဲထုတ်၍ ဒေါသတကြီး အမူအရာဖြင့်

" ဒီမှာ ဘုန်းကြီး၊ ကျုပ်တို့ ဘာလို့ အပြစ်ဒဏ်ခံရမှာလဲ၊ ကျုပ်တို့ကို ဘယ်လိုကောင်က အပြစ်ဒဏ်ပေးရဲမှာလဲ "

ဟု အော်ဟစ်မေးမြန်းလိုက်လေ၏။

ထိုအခိုက်မှာပင် ရှေးဟောင်းကျောင်းကြီး၏ နေရာအသီးသီးမှ ပုလိပ်များ ပေါ်ထွက်လာပြီး ဦးရွှေတာလုတ်တို့လူစုကို အနောက်မှ သေနတ်များဖြင့် ချိန်ရွယ်ထားလိုက်၏။

" တစ်ယောက်မှမလှုပ်နဲ့ "

ဟု အမိန့်ပေးလိုက်ရာ ဦးရွှေတာလုတ်နှင့် သူ့ခွေးကျင်ဝမ်သည် မိမိမျက်လုံးကိုပင် မိမိမယုံနိုင်ဘဲ အဖမ်းခံလိုက်ရလေ၏။

ပုလိပ်များသည် ဦးရွှေတာလုတ်တို့လူစုကို ဖမ်းဆီး၍ လက်ထိတ်များ ခတ်လိုက်ပြီး ဦးပဥ္စင်းအား ရှိခိုးကန်တော့ကာ ရှေးဟောင်းကျောင်းကြီးပေါ်မှ လူဆိုးများကို ဖမ်းဆီးခေါ်ဆောင်သွားလေတော့၏။

ကျောင်းထဲတွင် ကျန်ရစ်ခဲ့သော စံရှားနှင့် ရွှေရိုးသည် ဦးပဥ္စင်းအား လက်အုပ်ချီ၍ ကန်တော့လိုက်ရင်း





" တပည့်တော်တို့ကို ကပ္ပိယကြီးလာပြီး တောင်ပေါ်ကျောင်းကို ခေါ်တဲ့အတွက် လူဆိုးတွေလက်က လက်မတင်လေးလွတ်မြောက်သွားခဲ့တယ်၊ ဦးပဥ္စင်းက လူဆိုးတွေ ရွာကိုရောက်လာမယ်ဆိုတာ ကြိုပြီးသိနေလို့လား "

ဟု မေးမြန်းလေရာ ဦးပဥ္စင်းက ခေါင်းညိတ်၍

" သူတို့ ဒီနေ့ည ရွာကိုဝင်စီးမယ်ဆိုတာ ဦးပဥ္စင်းက ကြိုတင်ပြီး သိနေပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဦးပဥ္စင်းရဲ့ ကပ္ပိယကြီးဟာ ဒီရွာအနီးပတ်ဝန်းကျင်မှာ အမြဲတမ်း လူဆိုးလူမိုက်တွေရဲ့သတင်းကို စနည်းနာနေလို့ပါပဲ "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် စံရှားက သက်ပြင်းချလိုက်ပြီး

" လောဘသားကြီးတွေရဲ့ မိုက်ဖာတ်တော့ သိမ်းသွားပြီ၊ သူတို့မရှိတဲ့အတွက် တပည့်တော်တို့မှာ ပြည်ကြီးတံခွန် ပတ္တမြားကြီးကို ထိန်းသိမ်းနိုင်မဲ့ ပုဂ္ဂိုလ်တွေကို လိုက်ရှာပြီးအပ်နှံဖို့တာဝန်ပဲ ကျန်တော့တယ် "

ဟု ပြောလေရာ ဦးပဥ္စင်းက စံရှားနှင့် ရွှေရိုးတို့ကို တည်ကြည်



www.burmeseclassic.com

www.burmeseclassic.com



သော အမူအရာဖြင့် ကြည့်လိုက်ပြီး

" ဒကာတို့ ပတ္တမြားကြီးကို ထိန်းသိမ်းနိုင်မဲ့ပုဂ္ဂိုလ်တွေကို ခက်ခက်ခဲခဲ လိုက်ရှာဖို့မလိုတော့ပါဘူး၊ ပတ္တမြားကြီးကို ဦးပဥ္စင်း လက်ကိုသာ အပ်နှံလိုက်ပါ "

ဟု ပြောလိုက်လေ၏။

ဦးပဉ္စင်း၏စကားကြောင့် စံရှားနှင့် ရွှေရိုးသည် အံ့သြဟန်ဖြင့် ကြည့်လိုက်ပြီး

" ဟင်... ဦးပဥ္စင်းက သာသနာ့ဘောင်ထဲက ရဟန်း တစ်ပါး ဖြစ်နေတယ်၊ တပည့်တော်တို့ လက်ထဲက ပြည်ကြီးတံခွန် ပတ္တမြားကို ရေရှည်မှာ ထိန်းသိမ်းနိုင်ပါ့မလား "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးပဥ္စင်းက သက်ပြင်းချ၍

" ဦးပဥ္စင်းက ပြည်ကြီးတံခွန်ပတ္တမြားကြီးကို မသမာသူတွေ လက်ထဲမရောက်အောင် ထိန်းသိမ်းနိုင်ပါတယ်၊ ဘာကြောင့်လဲဆို တော့ ဦးပဉ္စင်းဟာ ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက်ဖြစ်နေ လို့ပါပဲ "



ဟု ပြောလေရာ စံရှားနှင့် ရွှေရိုးသည် ဦးပဉ္စင်းအားကြည့်၍ အလွန်အံ့သြသွားကြလေ၏။

စံရှားက လက်အုပ်ချီ၍

" ဟင်... တပည့်တော်တို့လိုက်ရှာနေတဲ့ ဆားပုလင်း မင်းအောင်ဆိုတဲ့ စုံထောက်ဟာ ဦးပဥ္စင်းလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးပဥ္စင်းက စံရှားနှင့်ရွှေရိုးကို တည်ကြည်စွာကြည့်၍

" ဆားပုလင်းမင်းအောင်ဆိုတာ ဦးပဥ္စင်းပါပဲ၊ ယောဒီက ကဗ္ဗိယကြီးက အင်းစိန်စီအိုင်ဒီက စုံထောက်ဦးပေါ်ဦးပဲ၊ ဦးပဥ္စင်းဟာ အင်းစိန်စီအိုင်ဒီမှာ စုံထောက်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင် ရင်း ဦးပဥ္စင်းရဲ့ ကံကြမ္မာ ညှိုးနွမ်းမဲ့အချိန်ကို နက္ခတ်ဗေဒင်ပညာနဲ့ တွက်ချက်ပြီး သိခဲ့တယ်၊ နောက်ဆုံးတော့ ဦးပဥ္စင်းရဲ့ ကံကြမ္မာ ညှိုးနွမ်းနေတဲ့အချိန်ကာလမှာ တောင်ပေါ်ကျောင်းက ဆရာတော်ကြီး ဆီမှာ ခွင့်ယူပြီး ရဟန်းဝတ်ဖို့ ဆုံးဖြတ်ခဲ့တာပဲ၊ မကြာမီ ဦးပဥ္စင်း လူပြန်ထွက်ပြီးတော့ ဆားပုလင်းမင်းအောင်အဖြစ် တာဝန်တွေကို ထမ်းဆောင်ရဦးမယ် "

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်ကြားလေရာ စံရှားနှင့် ရွှေရိုးသည် မြည်ကြီးတံခွန် ပဏ္ဏမြားကြီးအတွက် စိတ်ချလက်ချဖြစ်သွားသဖြင့် ရင်ထဲတွင် ပူပင်သောကများမရှိဘဲ လွတ်လပ်ပေါ့ပါးသွားသယောင် ခံစားရလေ၏။

ကာလကြာရှည်စွာ ထမ်းဆောင်လာခဲ့သော ၄င်းတို့၏ တာဝန်ဝတ္တရားကြီး ပြီးဆုံးသွားချေပြီ။

အရာအားလုံးပြီးဆုံးသွားချေပြီ။

အားလုံးအတွက်

မင်းမြတ်သူရ

www.burmeseclassic.com